# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# (၁၅) ရက်မြောက်နေ့ အစီအစဉ်

# [ ၁၂–၁၂–၂၀၁၆ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ မူဆယ်မြို့ စစ်ဘေးရှောင် ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရန်အတွက် လွှတ်တော်သို့ တင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ **ဘီးလင်းမြို့နယ်၊ ဝင်းကကျေးရွာတွင် ဆောင်ရွက်နေသော သုဝဏ္ဏဘူမိမြို့ဟောင်း ပြန်လည် တူးဖော်ခြင်း သုတေသန လုပ်ငန်းစီမံကိန်းနှင့် ပတ်သက်၍ ဒေသခံ ပြည်သူများကို ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းပေးနိုင်မှုရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **လျောင်ကြောင့် ပြိုကျပျက်စီးသွားသော သမိုင်းဝင်ပုဂံဘုရားစေတီပုထိုးများကို ပြုပြင်ရေးနှင့်ပတ်သက်၍ မည်သို့ စီမံထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်၏ **အာဇာနည်ကုန်းမြေနေရာတွင် ခန့်ညားထည်ဝါသော အာဇာနည်ဗိမာန်ကြီးတစ်ခု ၂၀၁၇ ခုနှစ် အာဇာနည်နေ့အမီ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတစ်ဝန်း စိုက်ပျိုးရေး လုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေ ၄၅ အရ ခွင့်ပြုခဲ့သည့် သစ်တောမြေများအား အဆိုပါ နည်းဥပဒေ နှင့်အညီ စိစစ်ပြီး နည်းဥပဒေပါ စည်းကမ်းချက်များနှင့် မညီညွတ်သော လုပ်ကွက်မြေဧရိယာများအား နည်းဥပဒေ ၅၇ အရ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့် ရှိသည့် မြေများအဖြစ် ပြန်လည်ရုပ်သိမ်း၍ သဘာဝ နည်းလမ်းများဖြင့် သစ်တော ပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက် ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီး မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၊

(ဂ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၊

(ဃ) ဒေါ်စန်းစန်းအိ၊ မိုးညှင်း မဲဆန္ဒနယ်၊

( င ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

( စ ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(ဆ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

( ဇ ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ဈ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၊

(ည) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၊

( ဋ ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

( ဌ ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

( ဍ ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၊

( ဎ ) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၊

(ဏ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
## (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၉၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးစိန်ဗိုလ်၊ မြဝတီမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၆ ဦးရှိကာ ခွင့်ပန်ကြားသူ ၂၇ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) တပ်မတော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်း ခွင့် ၁၂ ရက်၊

(၂) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁၂ ရက်၊

(၃) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁၂ ရက်၊

(၄) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၅ ရက်၊

(၅) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊

(၇) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၁ ရက်၊

(၈) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊

(၉) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၂ ရက်၊

(၁၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁၂ ရက်၊

(၁၁) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊

(၁၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၁၃) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊

(၁၄) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၁၅) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၄ ရက်၊

(၁၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၅ ရက်၊

(၁၇) ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့် ခွင့် ၂ ရက်၊

(၁၈) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၂ ရက်၊

(၁၉) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၅ ရက်၊

(၂၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စန်းနိုင် ခွင့် ၁ ရက်၊

(၂၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်း ခွင့် ၅ ရက်၊

(၂၂) ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၃ ရက်၊

(၂၃) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၂၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၅ ရက်၊

(၂၅) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊

(၂၆) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၁ ရက်နှင့်

(၂၇) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၀ ဦး

ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## မူဆယ်မြို့ စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရန်အတွက် လွှတ်တော်သို့တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူဆယ်မြို့ စစ်ဘေးရှောင် ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် တစ်ရက်စာ စုစုပေါင်း ၈၅၂၀၀၀၀ ကို ပေးလှူရန် စီစဉ်လိုပါတယ်။ ထိုသို့ပေးလှူမှုကို ကိုယ်စားလှယ်များအနေဖြင့် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ၏ နေ့တွက်စရိတ် တစ်ရက်စာ စုစုပေါင်း ကျပ် ၈၅၂၀၀၀၀ တိတိကို မူဆယ်မြို့ စစ်ဘေးရှောင်

ပြည်သူများအတွက် ပေးအပ်လှူဒါန်းမှာဖြစ်ကြောင်းနဲ့ ထပ်မံလိုအပ်မည့်ငွေများကို ဥက္ကဋ္ဌ၏အလှူဒါန ခေါင်းစဉ်မှ ဖြည့်စွက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်သွားပါမယ်။

**ဘီးလင်းမြို့နယ်၊ ဝင်းကကျေးရွာတွင် ဆောင်ရွက်နေသော သုဝဏ္ဏဘူမိမြို့ဟောင်း ပြန်လည်တူးဖော်ခြင်း သုတေသနလုပ်ငန်းစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်း ပေးနိုင်မှုရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ သုဝဏ္ဏဘူမိမြို့ဟောင်းကို တူးဖော်ခြင်း သုတေသနလုပ်ငန်းစီမံကိန်းနှင့်ပတ်သက်ပြီးတော့ မေးမြန်း သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဝင်းကကျေးရွာမှာ ဆောင်ရွက်နေ သော သုဝဏ္ဏဘူမိမြို့ဟောင်း ပြန်လည်တူးဖော်ခြင်း သုတေသနလုပ်ငန်းစီမံကိန်းကို မည်သည့်ခုနှစ်မှ စတင်၍ မည်သည့်အခြေအနေထိ ဆောင်ရွက်ပါမည်လဲဆိုတာ မေးမြန်းအပ်ပါတယ်။ နောက်တစ်ခုက ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းမှုမရှိခဲ့ခြင်းမှာ အဘယ်ကြောင့် ဖြစ်ပါသလဲ ဆိုတာကိုလည်း မေးမြန်းအပ်ပါတယ်။ နောက်တစ်ခုက စီမံကိန်းအား လှူဒါန်းမှုများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ ဖော်ပြပေးနိုင်မှုရှိ/မရှိနှင့် နိုင်ငံတော်ဘဏ္ဍာမှ ကျခံသုံးစွဲမှုအခြေအနေ၊ ဒေသခံ ပြည်သူများ၏ ဆုံးရှုံးနစ်နာမှုများနှင့် ပတ်သက်၍ လျော်ကြေး၊ နစ်နာကြေးများကို မည်သည့်စည်းကမ်း ချက်များနှင့် မည်မျှပေးလျော်မည်နည်းဆိုတာကိုလည်း မေးမြန်းအပ်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ စီမံကိန်းအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဒေသခံပုဂ္ဂိုလ်များ ရွေးချယ်ရာတွင် မည်သည့်

နည်းလမ်းဖြင့် ရွေးချယ်တာဝန်ပေးအပ်ထားသည်ကိုလည်း သိလိုတဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power point အသုံးပြုခွင့်ပေးပါ။ သုဝဏ္ဏဘူမိသုတေသနတူးဖော်ထိန်းသိမ်းရေးလုပ်ငန်းမှာ ဒီနှစ်အနေနဲ့ အမိုးမိုးဖို့လုပ်ငန်းရရှိထားတာကတော့ မြန်မာ့ဥသျှောင်ကုမ္ပဏီက ဖြစ်ပါတယ်။ ညာဘက်အခြမ်းမှာရှိတဲ့ ရှေးဟောင်းပစ္စည်းတွေကတော့ လက်ရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တူးဖော်ရရှိထားတဲ့ ပစ္စည်းတွေဖြစ်ပါတယ်။ အောက်မှာဖော်ပြထားတာကတော့ မနှစ်တုန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တူးဖော်ပြီးတော့ အခုဆောက်လုပ်ထားတဲ့အခြေအနေတစ်ခုဖြစ်ပါတယ်။ ဒါကတော့ လက်ရှိအခြေအနေမှာ တူးဖော်ထားပြီးတော့ အဲဒါတွေကို အမိုးမိုးဖို့လုပ်ငန်း လုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီမြေကြီးတွေက ဒေသခံတွေရဲ့မြေကြီးဖြစ်ပါတယ်။ အဲဒီတော့ ဒေသခံတွေရဲ့ မြေကြီးတွေကို အခုလို တူးဖော်တဲ့နေရာမှာ စစ်ဆေးရေးအဖွဲ့နဲ့ တူးဖော်ပြီးတော့ အဲဒီစစ်ဆေးရေးအဖွဲ့ဟာ သက်ဆိုင်ရာပိုင်ရှင် ထိန်းသိမ်းစောင့်ရှောက်တဲ့လူတွေ့ရှိတဲ့ သူတွေကို ဆုံးဖြတ်ချက်မိတ္တူကို ပေးအပ်ရမယ်လို့ ပုဒ်မ ၂၄ မှာ ပြထားပါတယ်။ ဒါပေမဲ့ အဲဒါနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်တဲ့ပိုင်ရှင်တွေက သိရှိခြင်းမရှိပါဘူး။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဘာကြောင့်ဒီလိုဖြစ်တာလဲဆိုတာ သိချင်ပါတယ်။ နောက်တစ်ခုက လျော်ကြေးနဲ့ ပတ်သက်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက်ရတဲ့ လျော်ကြေးတွေ မတူပါဘူး။ နောက်လုံးလုံးမရတဲ့ လျော်ကြေးတွေလည်းရှိပါတယ်။ အဲဒီအတွက်ကြောင့် ဘယ်လိုစည်းကမ်းချက်တွေနဲ့ လျော်ကြေးတွေ ပေးတာလဲဆိုတာ သိချင်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ ကျွန်တော်တို့က ဘယ်အချိန်ထိ ဆောင်ရွက်ပါမလဲဆိုတာ ကျွန်တော်တို့အခု သုဝဏ္ဏဘူမိသုတေသနဒေသအား အခုကေလာသ သဘာဝထိန်းသိမ်းနယ်မြေနဲ့ဆက်စပ်လျက်ရှိတဲ့ နေရာဖြစ်ပါတယ်။ ဒီနေရာမှာဘာလဲဆိုတော့ ပွင့်လင်းမြင်သာမှုမရှိဘဲနဲ့ တူးဖော်ခဲ့တဲ့အခါကျတော့ ပြည်သူကနားမလည်ဘူး။ နားမလည်တဲ့အခါကျတော့ လက်ရှိအခြေအနေမှာ ဘာဖြစ်လဲဆိုတော့ သူ့ခြံထဲမှာသူတူးဖော်ရင်းနဲ့တောင် တရားစွဲခံရတဲ့ အခြေအနေတွေ ဖြစ်လာတာတွေရှိပါတယ်။ ဒါကတော့ ပုဒ်မ ၄၆ နဲ့ ပုဒ်မ ၃၅ မှာဆိုရင် ကျွန်တော်တို့ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားတဲ့ ရှေးဟောင်းအဆောက်အအုံတွေဖြစ်တဲ့ စေတီပုထိုးဂူဘုရားတွေကို ပြောထားတာ ရှိပါတယ်။ အဲဒီတော့ ဒီမှာဘီးလင်းမြို့နယ်၊ တိုက်ကလားတောင်တန်းမှာရှိတဲ့ ရှေးအစဉ်အဆက်ဆရာတော်ကြီးတွေ ထိန်းသိမ်းခဲ့တဲ့ စေတီတော်များဆိုပြီးတော့ ရှိပါတယ်။ အဲဒါတွေ နောက်တခြားသော အရေးကြီးတဲ့ ရှေးဟောင်းအဆောက်အအုံတွေများစွာရှိပါတယ်။ အဲဒီ

ဟာတွေကိုလည်း ကျွန်တော်တို့က အခုအချိန်မှာ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံတွေအဖြစ်နဲ့ အသိအမှတ်ပြုထားတာလား။ အဲလိုမဟုတ်ရင်လည်း အသုံးမဝင်တဲ့ အဆောက်အအုံတွေအဖြစ်နဲ့ပဲ အသိအမှတ်ပြုထားလားဆိုတာလည်း ကျွန်တော်ရှင်းရှင်းလင်းလင်းသိချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ဆီမှာ အခုဒီရှေးဟောင်းဘုရားတွေဆိုရင် ကျွန်တော်တို့ ဒီကေလာသသဘာဝတောထဲ ကနေပြီးတော့ သာသနာ့မြေအဖြစ်နဲ့ ၃၁၇.၇၁ ဧကကို ထုတ်နုတ်ထားတာ ဖြစ်ပါတယ်။ အဲဒီ အခါကျတော့ ကျွန်တော်တို့အတွက် ဒါတွေဟာ ရှေးဟောင်းပစ္စည်းတိတိကျကျဆိုရင် ကောင်းပါတယ်။ အဲဒီလိုမဟုတ်တဲ့အခါကျရင် ကျွန်တော်တို့ ဒေသခံတွေအတွက် အချိန်တန်ကျရင် တရားစွဲတာတွေ ဘာတွေခံရမှာဖြစ်တဲ့ အတွက်ကြောင့် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များ ရွှင်လန်း ချမ်းမြေ့ကြပါစေလို့ ဆုမွန်ပြုပါတယ်။ ကျွန်တော်ကတော့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဖြစ်ပါတယ်။ ဘီးလင်းမြို့နယ်က ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ မေးခွန်းက ဆက်စပ်မေးခွန်း ငါးခုရှိပါတယ်။ ငါးခုဖြေရမှာဖြစ်တာမို့လို့ ကျွန်တော်တို့ အချိန်ကန့်သတ်ချက်ကို နည်းနည်းလေး အပိုသုံးစွဲခွင့်ပြုဖို့နဲ့ Power Point သုံးစွဲခွင့်ပြုဖို့အတွက်ကို ကြိုတင်တင်ပြခွင့်တောင်းပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဝင်ကကျေးရွာမှာ ဆောင်ရွက်နေတဲ့ သုဝဏ္ဏဘူမိမြို့ဟောင်းပြန်လည်တူးဖော်ခြင်း သုတေသနလုပ်ငန်းစီမံကိန်းကို မည်သည့်ခုနှစ်မှစတင်၍ မည်သည့်အခြေအနေအထိ ဆောင်ရွက်ပါမည်မေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ ပထမ အကြိမ် သုဝဏ္ဏဘူမိမြို့ဟောင်း တူးဖော်သုတေသနပြုလုပ်တဲ့လုပ်ငန်းများကို ၁၉၇၅ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ဝင်းကကျေးရွာ၊ ရက်ကန်းသည်မကျေးရွာတို့မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယ အကြိမ် သုဝဏ္ဏဘူမိမြို့ဟောင်း တူးဖော်မှုသုတေသနလုပ်ငန်းကို မွန်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မွန်သမိုင်းပညာရှင်များနှင့်ဒေသခံများရဲ့ တောင်းဆိုချက်အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်း

ဆောင်ရွက်မည့်လျာထားချက်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်ပြီး (၁၀) နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် လျာထားသတ်မှတ်ခဲ့ကြောင်း သိရှိရပါတယ်။ (၁၀) နှစ်စီမံကိန်းပြီးစီးတဲ့အခါမှာ တွေ့ရှိချက်ရလဒ်များပေါ်မူတည်၍ နောက်ထပ်ငါးနှစ်နှစ်ကြိမ်ထပ်မံသုတေသနပြုရန် စီမံကိန်းကို လည်းပဲ လျာထားပါကြောင်း သိရှိဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းခဲ့မှုမရှိခဲ့ခြင်းမှာ အဘယ်ကြောင့်ဖြစ်သည်ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ သုဝဏ္ဏဘူမိမြို့ဟောင်း တူးဖော်သုတေသနပြုတဲ့ လုပ်ငန်းစီမံချက်နှင့်ပတ်သက်လို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ဦးဆောင်ပြီးတော့မှ ဒေသခံများအပါအဝင် စိတ်ပါဝင်စားသူများအားလုံး သိရှိနိုင်ဖို့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြင့်မိုရ်ထွန်းဟိုတယ်မှာ သုဝဏ္ဏဘူမိသုတေသနစာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ၂၅-၆-၂၀၁၃ ရက်နေ့မှ ၂၆-၆-၂၀၁၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ စာတမ်းဖတ်ပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲကို အဲဒီတုန်းက ယဉ်ကျေးမှုဝန်ကြီးဌာနက ဒုတိယဝန်ကြီး၊ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ မွန်သမိုင်းပညာရှင်များ၊ မြန်မာသမိုင်းပညာရှင်များ၊ မော်လမြိုင်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ပြင်ပမှ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပြီးတော့မှ စာတမ်းကိုးစောင် တင်သွင်းဖတ်ကြားခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ သက်ဆိုင်ရာ ပညာရှင်အသီးသီးရဲ့ ဆွေးနွေးချက်ရလဒ်များအပေါ် မူတည်ပြီးတော့မှ ဘီးလင်းမြို့နယ်နှင့်သထုံမြို့နယ်တို့တွင် စတင်တူးဖော်သုတေသနပြုရန် လျာထားဆောင်ရွက်ခဲ့ကြပါတယ်။

အလုပ်ရုံဆွေးနွေးပွဲရဲ့ ဆုံးဖြတ်ချက်များအရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဝင်းကကျေးရွာမှာရှိတဲ့ သက်ဆိုင်ရာခြံပိုင်ရှင်များရဲ့ သဘောတူညီချက်ဖြင့် တူးဖော်မှုကုန်းလေးကုန်းကို စတင်တူးဖော်ခဲ့ပါတယ်။ အဆိုပါကုန်းလေးကုန်းမှ ရရှိတဲ့ပစ္စည်းများကို ဒေသခံပြည်သူလူထုများ လေ့လာကြည့်ရှုနိုင်ရန်၊ သုဝဏ္ဏဘူမိသုတေသနလုပ်ငန်းနှင့်ပတ်သက်၍ ဝင်းကကျေးရွာမှာရှိတဲ့ ရွာသူ၊ ရွာသားများ သိရှိနိုင်ရန် ရှင်းလင်းဟောပြောမှုကိုလည်း ၅-၄-၂၀၁၄ ရက်နေ့မှာ ဝင်းကကျေးရွာမှာရှိတဲ့ အထက်တန်းကျောင်းခွဲခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။ ၎င်းရှင်းလင်းဟောပြောပွဲသို့ မွန်ပြည်နယ်အစိုးရအဖွဲ့မှဝန်ကြီးနှစ်ဦး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တူးဖော်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများတက်ရောက်ခဲ့ကြပြီးတော့မှ သုဝဏ္ဏဘူမိတူးဖော်သုတေသနလုပ်ငန်းနှင့် ပတ်သက်

ပြီးတော့မှ အသေးစိတ်ရှင်းလင်းဟောပြောတင်ပြခဲ့ပြီးတော့ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေး ခဲ့ပါတယ်။

အဲဒီအပြင် ဝင်းကကျေးရွာမှာရှိတဲ့ မြေလှူဒါန်းခဲ့ပြီးသော ခြံပိုင်ရှင်သုံးဦးကို ပြည်နယ်အစိုးရ အဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ တူးဖော်သုတေသနလုပ်ငန်းနှင့် ပတ်သက်၍ အများပြည်သူများ ပိုမိုသိရှိလေ့လာနိုင်ရန်၊ ပူးပေါင်းပါဝင်လာနိုင်ဖို့ ရည်ရွယ်ချက်ဖြင့် သုဝဏ္ဏဘူမိသုတေသန အထူးပြပွဲကို ယဉ်ကျေးမှုပြတိုက်(မော်လမြိုင်)မှာ ၁၈-၆-၂၀၁၄ ရက်နေ့မှ ၂၄-၆-၂၀၁၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီးတော့မှ ပြည်သူလူထုကိုလည်းပဲ အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း တင်ပြလိုပါတယ်။ နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဝင်ကကျေးရွာမှာရှိတဲ့ တူးဖော်မှုကုန်းငါးကုန်းကို တူးဖော်သုတေသနပြုခဲ့ပြီးတော့မှ တူးဖော်မယ့် မြေနေရာနှင့်ပတ်သက်၍ ကြိုတင်လေ့လာကွင်းဆင်းဖော်ထုတ်ရှာဖွေရာမှာ မွန်ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးဆောင်ပြီးတော့မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိ သူများ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြင်ပသမိုင်းပညာ ရှင်များ၊ စိတ်ဝင်စားသူ ဒေသခံရွာသူ၊ ရွာသားများ ကိုယ်တိုင်ပါဝင်ကြပြီးတော့မှ ဝင်းကကျေးရွာနှင့် ကေလာသတောင်ခြေတစ်ဝိုက်မှာ ကွင်းဆင်းရှာဖွေဖော်ထုတ်ခဲ့ပါတယ်။ ဝင်းကကျေးရွာအုပ်ချုပ်ရေး မှူးရုံးမှာ ခြံပိုင်ရှင်များကို သုတေသနလုပ်ငန်းအတွက် အသိပေးဆွေးနွေးခြင်းကို ဦးစွာဆောင်ရွက်ခဲ့ ပါတယ်။ အဲဒီနောက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုကော်မတီများ၊ ခြံပိုင်ရှင်များ၊ စိတ်ဝင်စားတဲ့ ဒေသခံရွာသားများ၊ ပြင်ပသမိုင်းပညာရှင်များပါဝင်တဲ့ ညှိနှိုင်းအစည်းအဝေးကို ဘီးလင်းမြို့၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှာ ထမ်မံကျင်းပပြုလုပ်ခဲ့ပြီးတော့မှ ပွင့်လင်းမြင်သာစွာ ဆွေးနွေး ဆုံးဖြတ်ပြီးမှ အားလုံးသဘောတူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ စီမံကိန်းအတွက်လှူဒါန်းမှုများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာ စွာဖော်ပြပေးနိုင်မှုရှိ/မရှိ မေးမြန်းတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ သုဝဏ္ဏဘူမိတူးဖော်သုတေသန လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ဖို့ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ အလှူရှင်တစ်ဦးမှ ငွေကျပ်သိန်း ၃၀၀ လှူဒါန်းခဲ့ကြောင်း သိရှိရပါတယ်။ အဲဒီလှူဒါန်းရရှိတဲ့ငွေကို ပြည်နယ်အစိုးရမှ ကော်မတီဖွဲ့၍ ဘဏ်မှာအပ်နှံထိန်းသိမ်းထားရှိခဲ့ပါတယ်။ အဲဒီအလှူငွေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဝင်းက တူးဖော်မှုကုန်းအမှတ် (၇) နှင့် (၈) တို့ကို သံဖရိန်၊ သွပ်ပြားဖြင့် အမိုးမိုးခြင်း၊ သထုံမြို့ရိုးဟောင်း

**မူကြမ်း**

အလျားပေ ၆၀၀၊ အနံပေ ၅၀ တို့အား ကွန်ကရစ်၊ ချိန်းလိပ်တို့ဖြင့် ခြံစည်းရိုးခတ်ကာရံခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရအဖွဲ့ကပဲ ကော်မတီဖွဲ့ပြီးမှ သမိန်ဗရမ်းကုမ္ပဏီကို တာဝန်ပေးဆောင်ရွက်ခဲ့ပြီးတော့မှ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မော်လမြိုင်ဌာနခွဲမှ ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးမှုမဖြစ်ပေါ်စေဖို့အတွက် ကြီးကြပ်ဆောင်ရွက်ခဲ့ပါတယ်။ အလှူရှင်များရဲ့ လှူဒါန်းမှုများကို အများပြည်သူသိရှိနိုင်စေဖို့အတွက် လှူဒါန်းထားတဲ့ အဆောက်အဦအနီးမှာ ကမ္ပည်းကျောက်စာတိုင် စိုက်ထူမှတ်တမ်းတင်ဖော်ပြထားရှိကြောင်း ဖြေကြားလိုပါတယ်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ခွဲဝေရရှိသောရန်ပုံငွေကို မွန်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးတော့မှ ပြည်နယ်အစိုးရရဲ့ အစီအစဉ်နဲ့ ပြည်နယ်သုဝဏ္ဏဘူမိမြို့ဟောင်း တူးဖော်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်သုဝဏ္ဏဘူမိမြို့ဟောင်း တူးဖော်မှုကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်းကာ တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်မှုကာလ တစ်လျှောက်လုံးတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မော်လမြိုင်ဌာနခွဲရှိ ဝန်ထမ်းများက ပညာရပ်ပိုင်းဆိုင်ရာ နည်းပညာအကူအညီပေးခြင်းလုပ်ငန်းကိုသာ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြပါတယ်။ မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်မှုအသေးစိတ်ကို ကျွန်တော်တို့ လုပ်ငန်းတစ်ခုချင်းအလိုက် အစီရင်ခံတင်ပြခဲ့ပြီးဖြစ်ကြောင်းလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ခွဲဝေရရှိတဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းများကို မွန်ပြည်နယ်စာရင်းစစ်ရုံးမှ ကွင်းဆင်းစစ်ဆေးပြီးတော့မှ စာရင်းဇယားတိုက်ဆိုင်စစ်ဆေးခြင်းတို့ကိုလည်း နှစ်စဉ်လာရောက်ဆောင်ရွက်လျက်ရှိပြီးတော့မှ အစီရင်ခံစာများလည်း ထုတ်ပြန်လျက်ရှိပါတယ်။ လုပ်ငန်းများဆောင်ရွက်နေခြင်းမှာ ဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့မှလည်း အခါအားလျော်စွာ စစ်ဆေးကြပ်မတ်ခဲ့ကြောင်းနဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်တဲ့ ဌာနတွင်းလုပ်ငန်းစစ်အဖွဲ့မှလည်း ထပ်ဆင့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုဖြစ်တဲ့ နိုင်ငံတော်ဘဏ္ဍာမှ ကျခံသုံးစွဲမှုအခြေအနေ၊ ဒေသခံပြည်သူများရဲ့ ဆုံးရှုံးနစ်နာမှုများနှင့် ပတ်သက်၍ လျော်ကြေး၊ နစ်နာကြေးများကို မည်သည့်စည်းကမ်းချက်များနှင့် မည်မျှပေးလျော်ပါသည်ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ နိုင်ငံတော်ဘဏ္ဍာကျခံသုံးစွဲမှုအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သိန်း ၂၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်သိန်း ၈၀၀ ခွင့်ပြုခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန်ခွင့်ပြုငွေ ကျပ်သိန်း ၈၀၀ မှာ တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက်သာ ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ခြံပိုင်ရှင်များအတွက် နစ်နာ

ကြေးပေးရန်ခေါင်းစဉ်ဖြင့် ခွင့်ပြုငွေချမှတ်ခဲ့ခြင်းမရှိကြောင်းလည်း ဖြေကြားပါတယ်။ ယခင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဝင်းကကျေးရွာမှာ တူးဖော်ခဲ့တဲ့ ရှေးဟောင်းကုန်းလေးကုန်းအနက် ပိုင်ရှင်ရှိတဲ့ ကုန်းသုံးကုန်းမှာ မြေပိုင်ရှင်ရွာသားများ ကိုယ်တိုင်တူးဖော်ရေးအဖွဲ့အား သဘောတူစွာ လှူဒါန်းပေးအပ်ခဲ့ခြင်းဖြစ်ပါသဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုလက်မှတ်ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်ဖြင့် ပြည်နယ်သုဝဏ္ဏဘူမိမြို့ဟောင်း တူးဖော်ရေးကြီးကြပ်မှုအဖွဲ့မှ ဦးဆောင်ပြီးတော့မှ ပြည်နယ်/ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်နှင့် ကျေးရွာအထောက်အကူပြုကော်မတီများ၊ ဒေသခံမြေပိုင်ရှင်ရွာသားများ နစ်နာမှုအတွက် တစ်ကုန်းလျှင်နစ်နာကြေး ကျပ်ငါးသိန်းပေးရန် ပြည်နယ်အစိုးရကနေပြီးမှ ခုနက သဘောတူစာချုပ် စာတမ်းများဖြင့် ချုပ်ဆိုပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ယခုအခါ ဝင်းကဒေသတူးဖော်မှု ကုန်းများကို သံဇကာခြံစည်းရိုးခတ် ကာရံထားရှိပြီးတော့မှ တူးဖော်မှုကုန်းသုံးကုန်းကို သွပ်မိုးဖြင့် အမိုးမိုး၍ ထိန်းသိမ်းထားရှိပြီးဖြစ်ပါတယ်။ ယခု ဘဏ္ဍာရေးနှစ်တွင် တူးဖော်မှုကုန်းလေးကုန်းအား သွပ်မိုးဖြင့်ဆက်လက်ပြီးမှမိုးနိုင်ဖို့ လုပ်ငန်းများဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်းလည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုဖြစ်တဲ့ စီမံကိန်းကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက် ဒေသခံများရွေးချယ်ရာမှာ မည်သည့်နည်းလမ်းဖြင့် ရွေးချယ်တာဝန်ပေးအပ်ထားသည်တို့ကို သိလိုခြင်းနဲ့ ပတ်သက်ပြီးတော့မှ တူးဖော်မှုကုန်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေနဲ့ ဝန်ထမ်းသီးခြားခန့်အပ်ထားနိုင်ခြင်းမရှိသေးပါဘူး။ ဝင်းဝကျေးရွာမှ ရှေးဟောင်းသုတေသနလုပ်ငန်းများကို စိတ်ဝင်စားတဲ့ ဒေသခံရွာသားများမှ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိကြောင်းလည်း သိရပါတယ်။ အစောင့်ဝန်ထမ်းများ တရားဝင်ခန့်အပ်နိုင်ပါက ဝင်းကကျေးရွာမှ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းကို စိတ်ဝင်စားတဲ့ ပညာအခြေခံအသင့်အတင့်ရှိတဲ့ ရွာသားများကို ပွင့်လင်းမြင်သာစွာနဲ့ ရွေးချယ်တာဝန်ပေးအပ်သွားဖို့ ရှိပါကြောင်းလည်း ဖြေကြားလိုပါတယ်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် မွန်ပြည်နယ်အတွင်း၌ရှိတဲ့ ဒေသခံပြည်သူများ၊ မွန်သမိုင်းပညာရှင်များ၊ ပြင်ပရှေးဟောင်းသုတေသနပညာရှင်များ၊ ပြည်တွင်းပြည်ပမှ သမိုင်းပညာရှင်များ၊ သုဝဏ္ဏဘူမိမြို့ဟောင်းတူးဖော်သုတေသနပြုလုပ်ပေးပါရန် တင်ပြလာမှုအရ ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းသာ ဖြစ်ပါတယ်။ သာသနာရေးနှင့်

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ခွဲဝေရရှိတဲ့ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေအလိုက် သုဝဏ္ဏဘူမိသုတေသနလုပ်ငန်းကို နှစ်စဉ်တိုးချဲ့ဆောင်ရွက်ပေး လျက်လည်းရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ဒေသခံများထိခိုက်နစ်နာမှုမရှိစေဖို့ အထူးအလေး ထားဆောင်ရွက်လျက်ရှိပါတယ်။ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန တူးဖော်ရေး အဖွဲ့အနေနဲ့ ဒေသခံများခွင့်ပြုတဲ့ ရှေးဟောင်းကုန်းများကိုသာ တူးဖော်သုတေသနပြုခဲ့ပြီးတော့မှ ဒေသခံများခွင့်မပြုသော၊ ပေးအပ်လှူဒါန်းခြင်းမရှိသော မည်သည့်ရှေးဟောင်းကုန်းကိုမှ အတင်း အကြပ် တူးဖော်ဆောင်ရွက်ခြင်းမရှိခဲ့ကြောင်းလည်း ဖြေကြားအပ်ပါတယ်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီး ဌာနက စစ်ဆေးတွေ့ရှိချက်အရ အချို့သောရှေးဟောင်းကုန်းများသည် ရွာသားများပိုင်ဆိုင်သောခြံ များ၊ အိမ်ဝန်းများထဲတွင် တည်ရှိနေကြောင်း တွေ့ရှိရသဖြင့် သုတေသနပြုရန် ကမ်းလှမ်းခဲ့သော် လည်းခွင့်မပြုမှုများရှိပါသည်။ ခွင့်မပြုပါကလည်း မူလအတိုင်းထားရှိရန်နှင့် မည်သည့်အကြောင်း နှင့်မျှ မဖျက်စီးရန် ခြံပိုင်ရှင်များကိုလည်း တွေ့ဆုံပညာပေးမှုများ ပြုလုပ်ထားရှိပါတယ်။ သို့သော်လည်း တချို့သောခြံပိုင်ရှင်များသည် ဌာနရဲ့ကြီးကြပ်နိုင်မှုနဲ့ ဝေးကွာမှုကို အခွင့်ကောင်းယူပြီး တော့မှ စက်ယန္တရားကိုအသုံးပြု၍ တမင်တကာဖျက်စီးခဲ့ခြင်းများရှိကြောင်းလည်း စစ်ဆေးတွေ့ရှိရ ပါတယ်။ ဒါကြောင့် နှစ်ပေါင်း ၂၀၀၀ ကျော်ရှည်လျား တည်ရှိခဲ့တဲ့ ဂုယ်ယူဖွယ်ရာ ယဉ်ကျေးမှုအမွေ အနှစ်များ ပျက်စီးမှုအချို့ဖြစ်ပေါ်ခဲ့ရပါတယ်။ ဌာနမှသိရှိတဲ့အခါမှာ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေး မှူးမှတစ်ဆင့် တားမြစ်ခြင်းကိုသာ ဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေအရ အရေးယူရန်ဖြစ်သော်လည်းပဲ ဒေသခံရွာသားများအပေါ်မှာ သက်ညှာထောက်ထား၍ နောင်တွင် အလားတူဖျက်ဆီးမှုများ မပြုလုပ် ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှတစ်ဆင့် သတိပေးတားမြစ်ခြင်းများကို ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်းလည်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနအနေဖြင့် လုပ်ငန်းစီမံချက်များဆောင်ရွက်ရာမှာ ပြည်သူလူထုဘဝအခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက်ကိုသာ ဦးစားပေးစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးထပ်မေးသွားတဲ့ တောင်စွန်းဒေသ၊ ကျိုက်ကနန်းကျေးရွာ အမွေအနှစ်များနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ဌာနကနေ ပညာရှင်အဖွဲ့

စေလွှတ်ပြီးတော့မှ အသေးစိတ်ထပ်မံလေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ထပ်ဆင့်မေးခွန်းမေးဖို့ မိုက်ပေးပါ။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ကျွန်တော့်ကို ဆက်စပ်ပြီးတော့ မေးခွန်းမေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အခုလို ပြည့်ပြည့်စုံစုံဖြေသွားတဲ့အတွက်ကြောင့် ကျွန်တော်တို့ သာသနာရေးဝန်ကြီးဌာနကို အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော် အခုဆက်စပ်ပြီးတော့ မေးခွန်းမေးခွင့်ပြုပါ။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါခင်ဗျား။ အခု ဒါဆိုရင် အရင်က တူးဖော်ခဲ့ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်မှုကင်းမဲ့နေတဲ့ အဆောက်အဦတချို့ ဖြစ်ပါတယ်။ ကျွန်တော် ဒီဥစ္စာကဘာလဲဆိုတော့ ဝန်ကြီးဌာနကိုလည်း သတိပေးချင်တာပါပါတယ်။ ဘာလို့လဲဆိုတော့ တူးထားပြီးသွားပြီ။ ထိန်းသိမ်းမှုမရှိတဲ့အခါကျတော့ ကြာရင်ပျက်စီးသွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ဒါမျိုးအဆောက်အဦတွေကိုလည်း ဆက်လက်ထိန်းသိမ်းစေချင်တဲ့ဆန္ဒရှိပါတယ်။ ပုဒ်မ ၂၄ မှာ ဦးစီးဌာနက ရှေးဟောင်းအဆောက်အဦတစ်ခုခုနဲ့စပ်လျဉ်းပြီးတော့ ရှေးဟောင်းအဆောက်အဦစစ်မှန်ခြင်း ရှိ/မရှိ စစ်ဆေးရန်လိုအပ်ပါက နည်းဥပဒေ ၁၇ အရ ဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးစစ်ဆေးစေပြီး စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ အဆုံးအဖြတ်ပေးရမည်တဲ့။ အဲဒီတော့ ကျွန်တော့် စစ်ဆေးရေးအဖွဲ့ကစစ်ဆေးဖို့ဆိုတာ ဒါကကျတော့ ဘာကိုပြတာလဲဆိုတော့ အဓိကကတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ မုသင်ကျေးရွာမှာရှိတဲ့ စာသင်ကျောင်းတစ်ကျောင်းရဲ့ အထဲထဲမှာ စေတီပုထိုးအဟောင်းတစ်ခုရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း ပြီးခဲ့တဲ့ အစိုးရသက်တမ်းမှာ အဲဒီက ပြည်နယ်ကသာသနာရေးဝန်ကြီးလာတဲ့အခါကျတော့၊ ကျောင်းကနေပြီးတော့ တင်ပြတယ်လို့ပြောပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က ရှေးဟောင်းအဆောက်အဦအဖြစ် အသိအမှတ်ပြုပါသလား။ ပြုတယ်ဆိုရင်လည်း အဆင်ပြေပါတယ်။ မပြုဘူးဆိုလည်း အဆင်ပြေပါတယ်။ တစ်ခုခုသိချင်ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီစာသင်ကျောင်းက ကျွန်တော်တို့ ကျောင်းနယ်နိမိတ်မရှိတော့ပါဘူး။ အဲဒီအခါကျတော့ ဒီစေတီကိုထားရမယ်ဆိုရင်လည်းထား၊ မထားရရင်လည်း သူတို့က အဲဒီစေတီအဟောင်းကို ပယ်ဖျက်ပြီးတော့မှ ကျောင်းဆောက်ချင်ပါတယ်။ အဲဒီအတွက်ကြောင့် အဲဒါကို ကျောင်းက ကျောင်းအကျိုးတော်ဆောင်နဲ့ အဲဒီက ဆရာမကြီးကနေပြီးတော့ စာတင်ထားတာဖြစ်ပါတယ်။ အဲဒါလေးကိုလည်း ကျွန်တော် ဝန်ကြီးဌာနကို သတိပေးတာပါ။ ကျွန်တော်တို့ဆီမှာ ရှေးဟောင်းအဆောက်အဦနဲ့ပတ်သက်ပြီးတော့ များတဲ့အတွက်ကြောင့် အသိအမှတ်ပြု

ပေးနိုင်ရင်လည်း အသိအမှတ်ပြုပေးပါ။ အသိအမှတ်မပြုပေးနိုင်ဘူးဆိုရင်လည်း ကျွန်တော်တို့က သမိုင်းမဝင်တဲ့အတွက်ကြောင့် အသုံးပြုသင့်ရင်လည်း ပြုရမှာဖြစ်တဲ့အတွက်ကြောင့် အဲဒါနဲ့ပတ်သက်ပြီးတော့လည်း ထိထိရောက်ရောက်လုပ်ဆောင်ပေးပါလို့ ဝန်ကြီးကိုလည်း ကျွန်တော်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး ဖြေနိုင်က ဖြေဆိုပေးပါ။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဘီးလင်းမြို့နယ်၊ ဝင်းက၊ နောက် ရက်ကန်းသည်မ စတဲ့ ကျေးရွာနယ်ပယ်တွေမှာ သုဝဏ္ဏဘူမိရှေးဟောင်းမြို့ဟောင်းကြီး တည်ရှိခဲ့တယ်လို့ မွန်သမိုင်းပညာရှင်တွေရော၊ မြန်မာသမိုင်းပညာရှင်တွေရောက အခိုင်အမာ ယုံကြည်နေကြပါတယ်။ ဒီယုံကြည်မှုအရလည်းပဲ ကျွန်တော်တို့ စတင်တူးဖော်မှုတွေကို ဘဏ္ဍာငွေအခြေအနေပေးတဲ့အပေါ်မူတည်ပြီးတော့မှ ခုနက ကျွန်တော် တင်ပြခဲ့သလိုပဲ ဆက်လက်ပြီးမှ ခုနက အကောင်အထည်ဖော်ခဲ့ပါတယ်။ တစ်ခါပြန်ကြည့်လို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံကြီးဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အဦတွေနဲ့ ပြည့်နှက်နေတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတစ်နံတစ်လျားမှာ နောက်ထပ်တူးဖော်ဖို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေရှိတဲ့နေရာ(Site)များစွာ ရှိနေပါသေးတယ်။ အဲဒီတော့ ကျွန်တော်တို့ ခုနက ဒီဘီးလင်းမြို့နယ်နဲ့ပတ်သက်လို့ရှိရင်တော့ ကျွန်တော်တို့ စာသင်ကျောင်းအောက်မှာ စေတီလို့ယူဆတဲ့ ရှေးဟောင်းသာသနိကအဆောက်အဦကိုလည်း ထပ်ပြီးမှ ကွင်းဆင်းလေ့လာတိုင်းတာစစ်ဆေးဖို့ အဖွဲ့တစ်ဖွဲ့ကို ကျွန်တော်တို့ လွှတ်ပေးမှာဖြစ်ပါတယ်။ နောက်တစ်ခါ ခုနက တူးဖော်ပြီးတဲ့ ရှေးဟောင်းအုတ်ရိုးတွေအပါအဝင် သာသနိကအဆောက်အဦရဲ့ Foundation တွေကို ခုနက Power Point မှာ တွေ့လိုက်ရပါတယ်။ အဲဒါတွေကိုလည်းပဲ ကျွန်တော် တို့ထပ်ပြီးမှ ပညာရှင်များနဲ့ ထပ်မံစစ်ဆေးပါမယ်။ လိုအပ်ရင် ကမ္ဘာ့ကုလသမဂ္ဂ၊ UNESCO ကပညာရှင်များပါ ခေါ်သွားပြီးတော့မှ ကျွန်တော်တို့ စစ်ဆေးပါမယ်။ သို့သော်လည်း ဒီလောက်များပြားတဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ယဉ်ကျေးမှုအဆောက်အဦတွေကို ကျွန်တော်တို့ ဝန်ကြီးဌာနက ဝန်ထမ်းတွေခန့်အပ်တာဝန်ပေးဖို့ဆိုတာတော့ ကျွန်တော်တို့ ဘဏ္ဍာငွေကန့်သတ်ချက် ရှိပါတယ်။ ဒါကြောင့်မို့လို့ ဘဏ္ဍာငွေခွင့်ပြုချက်ပေါ်မှာမူတည်ပြီးတော့မှ နိုင်ငံတစ်နံတစ်လျားမှာရှိတဲ့ ဘီးလင်းဒေသအပါအဝင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အဦတွေကို ထိန်းသိမ်းနိုင်ဖို့အတွက်ကို ခုနက စီမံချက်

ချမှတ်ပြီးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လျှင်ကြောင့် ပြိုကျပျက်စီးသွားသော သမိုင်းဝင်ပုဂံဘုရားစေတီပုထိုးများကို ပြုပြင်ရေးနှင့်ပတ်သက်၍ မည်သို့စီမံထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးကို နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ တောင်းတွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းလိုတာကတော့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှာ လှုပ်ခတ်ခဲ့တဲ့ ချောက်မြို့အနီးကိုဗဟိုပြုတဲ့ အင်အားပြင်းငလျင်ကြောင့် သမိုင်းဝင် ပုဂံစေတီ၊ ပုထိုးများအများအပြား ပြိုကျပျက်စီးခဲ့ပါတယ်။ ဒီပြိုကျပျက်စီးသွားခဲ့တဲ့ သမိုင်းဝင်စေတီ၊ ပုထိုးများကို ပြည်ထောင်စုအစိုးရအနေဖြင့် မည်ကဲ့သို့သောအစီအစဉ်များနှင့် ပြန်လည်ပြင်ဆင်မည်ဆိုတာကို သိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပြိုကျပျက်စီးသွားခဲ့တဲ့ စေတီပုထိုးများကိုပြင်ဆင်တဲ့နေရာမှာ အလျင်စလိုမလုပ်ဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပြောကြားလမ်းညွှန်ခဲ့ပြီးဖြစ်ပါတယ်။ ရှေးဟောင်းပစ္စည်း၊ ရှေးဟောင်းလက်ရာများဟာ ရှေးဟောင်းတန်ဖိုးရှိပါတယ်။ ဒီရှေးဟောင်းတန်ဖိုးကို ငွေနဲ့တိုင်းတာလို့မရပါဘူး။ မြန်မာနိုင်ငံမှာ ရှေးဟောင်းတန်ဖိုးရှိတဲ့ ဘုရား၊ စေတီတွေ၊ အဆောက်အအုံတွေ၊ လက်ရာတွေ အများအပြားရှိတဲ့အထဲမှာ ပုဂံက ဘုရား၊ စေတီ၊ ပုထိုးများလည်း အမြောက်အမြားပါဝင်ပါတယ်။ ရှေးဟောင်းတန်ဖိုးကို နားမလည်တဲ့သူတွေကတော့ ပြုလိုက်၊ ပြင်လိုက်၊ ဖာထေးလိုက်နဲ့ ပြင်ရာမရောက် ဖျက်ရာတွေရောက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ပြိုကျပျက်စီးသွားခဲ့တဲ့ ပုဂံမြို့ရဲ့ ဘုရား၊ စေတီတစ်ဆူအတွင်းက ပလတ်စတစ်ပိုက်ကြီးတစ်လုံး ထူးခြားစွာပေါ်ထွက်လာတာကို မြင်တွေ့ခဲ့ရပါတယ်။ ဒီအကြောင်းကို ဩဂုတ်လ ၂၄ ရက်နေ့ ပုဂံငလျင်လှုပ်ပြီးတဲ့နောက် လူမှုမီဒီယာများနှင့် သတင်းစာများမှာ ဖော်ပြခဲ့တာကို အံ့ဩဖွယ်ရာတွေ့ခဲ့ရပါတယ်။ ဖြစ်သလိုလုပ်ခဲ့ကြတာတွေပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂံမြို့ကို တည်ခဲ့တဲ့သူကိုတော့မသိဘူး။ ပုဂံကိုဖျက်ဆီးတဲ့သူတွေကိုတော့ ငါသိတယ်လို့ သမိုင်းပါမောက္ခ၊ သမိုင်းသုတေသီ

ဒေါက်တာသန်းထွန်းက သူရဲ့ ငါပြောသမျှ ငါ့အကြောင်းစာအုပ်မှာ ရင်နာနာနှင့် ရွှဲ့တဲ့တဲ့ ပြောခဲ့ဖူးပါတယ်။ ဒီစကားဟာ ဘယ်ဘုရားဒကာတွေကို ရည်ညွှန်းတာလဲဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ ဆရာကြီးက သမိုင်းဝင်အဆောက်အအုံတွေကို ဖျက်ဆီးတဲ့သူဟာ သမိုင်းရဲ့ဒဏ်ခတ်ခြင်းကို ခံရလိမ့်မယ်လို့လည်း ပြောခဲ့ဖူးပါတယ်။ လွန်ခဲ့တဲ့ နိုဝင်ဘာလ ၁၆ ရက်နေ့ထုတ် The Voice သတင်းစာရဲ့ စာမျက်နှာနံပါတ် ၂ မှာ ထီးလိုမင်းလိုဘုရားကို ပြုပြင်မယ်လို့ ပရဟိတအသင်းတစ်သင်းက အဆိုပါဘုရားမှာ ဗွီနိုင်းပိုစတာ ချိတ်ဆွဲခဲ့တယ်ဆိုတဲ့သတင်းနဲ့ အဲဒီလို ပြုပြင်ဖို့ခွင့်ပေးခဲ့တဲ့ ဂေါပကအဖွဲ့ကို ရှေးဟောင်းသုတေသနဌာနက သတိပေးတားဆီးခဲ့ရတယ်ဆိုတဲ့အကြောင်း သတင်းဖတ်ရှုလိုက်ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ လှုပ်ခတ်ခဲ့တဲ့ ငလျင်များကို သမိုင်းမှတ်တမ်းပြန်ကြည့်ရာမှာ ၁၉၂၉၊ ၁၉၃၁ အတွင်းမှာ ငလျင်များ မကြာမကြာ လှုပ်ခတ်ခဲ့ကြောင်း သိရှိရပါတယ်။ မကြာသေးမီက လှုပ်ခတ်ခဲ့တာတွေကတော့ ၂၀၁၁-၂၀၁၂ တာချီလိတ် တာလေငလျင်၊ သပိတ်ကျင်းငလျင်တို့ရှိခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်တုန်းကလည်း ပုဂံမှာ ငလျင်အကြီးအကျယ်လှုပ်ခတ်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှာ လှုပ်ခတ်ခဲ့တဲ့ငလျင်နှင့် သက်ဆိုင်မှုရှိကြောင်း ငလျင်ပညာရှင်များရဲ့စာတမ်းများကိုလည်း ကျွန်တော်တို့ ဖတ်ရှုရပါတယ်။ မြန်မာနိုင်ငံမှာ ငလျင်များဖြစ်လာတဲ့သက်တမ်းဟာ တစ်ခုနှင့်တစ်ခု နီးလာကြောင်း၊ စောလာကြောင်း၊ အင်အားပြင်းငလျင်များ မကြာမကြာနှစ် ၄၀ အတွင်းမှာ ပြန်ဖြစ်တတ်ကြောင်း သိရှိနေရပါပြီ။ ဒါကြောင့် ပုဂံမြို့မှာ ပြိုကျပျက်စီးသွားခဲ့တဲ့ သမိုင်းဝင် ဘုရား၊ စေတီ၊ ပုထိုးများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုပြင်တဲ့နေရာမှာ သမိုင်းတန်ဖိုးလည်း မပျက်စီးရအောင်၊ သမိုင်းတရားခံလည်း မဖြစ်ကြရအောင်၊ သမိုင်းကျန်မယ့်၊ သမိုင်းတင်မယ့်အစီအစဉ်များကို ပြည်ထောင်စုအစိုးရက မည်ကဲ့သို့ ပြုလုပ် စီမံထားပါသလဲဆိုတာကို ပုဂံချစ်သူ၊ ပုဂံကိုတန်ဖိုးထားသောသူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုဖို့နဲ့ ပြည့်ပြည့်စုံစုံဖြေကြားတင်ပြနိုင်ဖို့အတွက်ကို

အချိန်အနည်းငယ်ပိုပေးဖို့အတွက်ကို ထပ်လောင်း တင်ပြအပ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့ ပြင်းအားရစ်ချ်တာစကေး ၆.၈ ရှိတဲ့ ငလျင်လှုပ်ခတ်မှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသမှာရှိတဲ့ ရှေးဟောင်းအဆောက်အအုံအချို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီလို ငလျင်လှုပ်ပြီးတဲ့နောက်မှာ နောက်တစ်နေ့ စာရင်းကောက်ယူမှုအရ စုစုပေါင်း ၄၂၅ ဆူခန့် အကြမ်းဖျင်းကောက်ယူရရှိခဲ့ပါတယ်။ အဲဒီမှာ ဂူဘုရားပုထိုးတော် ၂၅၈ ဆူ၊ စေတီ ၁၀၄ ဆူ၊ အုတ်ကျောင်း ၁၃ ကျောင်းနှင့် အခြား ၁၄ ဆူနှင့် အသေးအဖွဲ့ပျက်စီးမှု ၃၆ ဆူတို့အပါအဝင် ၄၂၅ ဆူ ရှိပါတယ်။ အဲဒီအခါမှာ ဒီသဘာဝဘေးဒဏ်ကြောင့်မို့လို့ ပုဂံဒေသနှင့်ဆက်စပ်နေတဲ့ ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ မကွေး၊ နောက် ရခိုင်ပြည်နယ် မြို့ဟောင်းဒေသမှာရှိတဲ့ စေတီတချို့လည်း ပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့နေရာမှာ စုစုပေါင်း ၇၀၉ ဆူရှိကြောင်း သိရှိရပါတယ်။ အဲဒီ ပျက်စီးမှုတွေအထဲမှာ အသေးစားပျက်စီးမှုက အဆူ ၃၀၀ ခန့်ဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၇၇ ရာခိုင်နှုန်းဖြစ်ပြီးတော့၊ အကြီးစားထိခိုက်ပျက်စီးမှုကတော့ စေတီ၊ ပုထိုး ၃၆ ဆူခန့် ရာခိုင်နှုန်းအားဖြင့် ၉.၅ ရာခိုင်နှုန်း၊ အလတ်စားထိခိုက်ပျက်စီးမှုက ၅၃ ဆူခန့် ၁၃.၅ ရာခိုင်နှုန်း နှင့် သာမန်အင်္ဂတေ ကွာကျမှု၊ အုတ်အနည်းငယ်လောက်ပြုတ်ကျမှု စတဲ့ အသေးအဖွဲ့ပျက်စီးမှုက ၃၆ ဆူဖြစ်လို့မလို့ စုစုပေါင်း ၄၂၅ ဆူမှာ အခုနက အနည်းငယ်လေးတွေပျက်စီးတဲ့ ၃၆ ဆူ ဖယ်လိုက်လို့ရှိရင် ပြုပြင်ရန် အတွက် ၃၈၉ ဆူ ပုဂံဒေသမှာဖြစ်ပါကြောင်း ကျွန်တော်တို့ စစ်ဆေးတွေ့ရှိရပါတယ်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီး ဌာနအနေနဲ့ ငလျင်ကြောင့် ပျက်စီးခဲ့တဲ့ ရှေးဟောင်းအဆောက်အအုံများကို ဌာနမှာရှိတဲ့အင်ဂျင်နီယာ များ၊ သုတေသနဝန်ထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်း၊ အခြား ဆက်စပ်ဌာနများ၊ ဖောင်းဒေးရှင်းအဖွဲ့များနှင့် ပရဟိတစေတနာရှင်အဖွဲ့များ၊ နောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန စတဲ့ ဆက်နွယ်နေ တဲ့ဌာနများနှင့် အရေးပေါ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကျွန်တော်တို့ ပြုလုပ်ခဲ့ပါတယ်။ အဲဒီမှာ ပျက်စီးမှုပမာဏအရည်အတွက်ကိုတော့ အမျိုးအစားအလိုက် Power Point ဖြင့် တင်ပြထားပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပျက်စီးမှုများနှင့်ပတ်သက်ပြီးတော့မှ လုပ်ငန်းခုနစ်ဆင့်ကို စတင် ချမှတ်ခဲ့ပါတယ်။ အဲဒီခုနစ်ဆင့်ကတော့ အပျက်အစီးများရှင်းလင်းဖယ်ရှားခြင်း၊ နောက် ဒီမှာ ပျက်စီးစာရင်းမှာပါသွားတဲ့ ရှေးဟောင်းပစ္စည်းများ ပြန်လည်ဆည်တင်စုဆောင်းခြင်း၊ နောက်ထပ်ပြီးမှ မိုးရာသီကာလဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပျက်စီးနေတဲ့ နောက်ထပ် မပျက်စီးဖို့အတွက်ကို ယာယီ

အမိုးမိုးခြင်း၊ ငြမ်းများနှင့် ထောက်များဖြင့် ထိန်းညှပ်ခြင်း၊ ရေပိတ်လွှာများပိတ်ခြင်း စသည့်လုပ်ငန်းများလုပ်ဆောင်ခဲ့ပါတယ်။ နောက်တစ်ဆင့်ကတော့ ပညာရှင်များနှင့် တွက်ချက်ပြီးတဲ့အခါကျမှ အခုနက အသေးစိတ်ပျက်စီးမှုများကို လေ့လာစစ်ဆေးမှု မှတ်တမ်းတင်ပြုခဲ့ပါတယ်။ အဲဒီကာလအတွင်းမှာ ဂျပန်နိုင်ငံကနေပြီးမှ ငလျင်နှင့် ရှေးဟောင်းပညာရှင်အဖွဲ့ငယ်နှစ်ဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အဖွဲ့ကြီးတစ်ဖွဲ့၊ ထိုင်းနိုင်ငံကတစ်ဖွဲ့၊ UNESCO အဖွဲ့အပါအဝင် မြန်မာနိုင်ငံ ဗိသုကာ အင်ဂျင်နီယာ ပညာရှင်များပါဝင်တဲ့အဖွဲ့နှင့် တစ်ဆူချင်းအသေးစိတ် စစ်ဆေးမှုများပြုလုပ်ပြီးမှ မှတ်တမ်းတင်ခဲ့ ပါတယ်။ အပျက်အစီးပေါ်မူတည်ပြီးတော့မှ ခန့်မှန်းကုန်ကျနိုင်မယ့်ပမာဏကိုလည်းပဲ Estimate ရေးဆွဲခဲ့ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ဒီစေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများနှင့် ပတ်သက်လို့ရှိရင် အမျိုးအစားသုံးမျိုးခွဲခြားလို့ ရပါတယ်။ အဲဒီဟာကတော့ နံပါတ်(၁) သမိုင်းတန်ဖိုး၊ ဗိသုကာတန်ဖိုး၊ နံရံဆေးရေးပန်းချီတို့လို အုတ်၊ ကနုတ်ပန်းတို့လို အနုလက်ရာတန်ဖိုးကြီးမားတဲ့ သဗ္ဗညုပုထိုးတော်ကြီးတို့၊ အာနန္ဒာပုထိုးတော်ကြီးတို့၊ နောက် စူဠာမုဏိတို့ စတဲ့ ပုထိုးတော်ကြီးတွေ ၃၆ ဆူရှိပါတယ်။ အဲဒီ ၃၆ ဆူကိုတော့ အကြီးစားပြင်ဆင်ရမှာဖြစ်လို့မို့လို့ ပထမဦးစားပေးအဖြစ်နဲ့ သတ်မှတ်ပါတယ်။

နောက် ဒုတိယဦးစားပေးအနေနဲ့ကတော့ သမိုင်းတန်ဖိုး၊ ဗိသုကာတန်ဖိုး၊ အနုပညာတန်ဖိုးပေါ့။ ပထမအဆင့်လောက်မကြီးမားသော်လည်းပဲ အထိုက်အလျောက်တန်ဖိုးရှိတဲ့ စေတီပုထိုး ၅၃ ဆူကို ဒုတိယအဆင့် သတ်မှတ်ပါတယ်။ သာမန်ပြုကျပျက်စီးမှုဖြစ်တဲ့ မြေပေါက်စေတီများအတွက် အဆူ ၃၀၀ ကိုတော့ တတိယဦးစားပေးဖြစ်ပါတယ်။ ဒီရှေးဟောင်းအမွေအနှစ်တွေကို ပြုပြင်ထိန်းသိမ်းဖို့ ကိစ္စနှင့် ပတ်သက်လာလို့ရှိရင် ကျွန်တော်တို့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ကြီးကနေပြီးတော့ ချက်ချင်းသြဝါဒတစ်ခုပေးပါတယ်။ သူပေးတဲ့ သြဝါဒကတော့ ယခုလို နှစ်ပေါင်းထောင်ချီတည်တံ့ခိုင်မြဲအောင် ရှေးဘိုးဘွားတွေ၊ ဘိုးဘေးတွေ တည်ထောင်ခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံတွေ ပျက်စီးသွားတာသည် လွန်စွာဝမ်းနည်းစရာကောင်းပါတယ်။ သို့သော်လည်းပဲ ဒီလိုနှစ်ပေါင်းထောင်ချီ တည်တံ့ခဲ့တဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံတွေကို နောင်နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲအောင် ပြန်လည်ပြုပြင်တည်ဆောက်တဲ့အခွင့်အရေး၊ မဟာကုသိုလ်တော်အခွင့်အလမ်းကြီး ကျုပ်တို့လက်ထဲမှာရရှိတာပဲလို့ သဘောထားခံယူပြီးတော့မှ စေတနာအပြည့်နဲ့ UNESCO အပါအဝင် ပြည်တွင်းပြည်ပပညာရှင်များနှင့် အသေးစိတ်လေ့လာတွက်ချက်ပြီးမှ ကတိုက်ကရိုက် ကသီကရိမဟုတ်ဘဲနဲ့ ပြုပြင်သွားဖို့ဆိုပြီးမှ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ကနေပြီးမှ သြဝါဒ Guide

Line ပေးပါတယ်။ ဒီပုဂံဒေသကို သဘာဝဘေးအန္တရာယ် ‌လျော့သင့်ပြီးတဲ့အချိန်ကစပြီးတော့ မှ နိုင်ငံတော်သမ္မတကြီး၊ နောက် ဒုတိယသမ္မတများ၊ နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကျွန်တော်တို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများက တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ် ရောက်ပြီးတော့ လုပ်ငန်း တိုးတက်မှုများကိုလည်း စစ်ဆေးကြပ်မတ်လျက် ရှိပါတယ်။ အဲဒီလိုရှိတဲ့အခါမှာ သမိုင်းတန်ဖိုး၊ ဗိသုကာတန်ဖိုးကြီးမားလှတဲ့ ပုထိုးတော်ကြီးထဲမှာ ဥပမာအနေနဲ့ ကျွန်တော် သဗ္ဗညုပုထိုးတော်ကြီးကို တင်ပြလိုပါတယ်။ သဗ္ဗညုပုထိုးတော်ကြီးက ဒီအတိုင်းကြည့်လိုက်ရင်တော့ တစ်စုံတစ်ရာပျက်စီး ချို့ယွင်းမှု၊ ပြိုကျမှု၊ ပဲ့ကျမှု မတွေ့ရပါဘူး။ သို့သော်လည်းပဲ ကျွန်တော် အခုနက တင်ပြခဲ့တဲ့ ဂျပန်၊ တရုတ်၊ ထိုင်း၊ ကိုရီးယားပညာရှင်များ၊ UNESCO ပညာရှင်များနှင့် ကျွန်တော်တို့ အသေးစိတ်လေ့လာ ပါတယ်။ ဒီလိုလေ့လာတဲ့အခါမှာ ကျွန်တော်တို့ Drone များနဲ့လည်း အခုနက ဓာတ်ပုံအမျိုးမျိုးရိုက်ပါ တယ်။ နောက်တစ်ခါ ကျွန်တော်တို့ Ahold Sounder အသံလှိုင်းလွှင့်တဲ့စနစ်နဲ့လည်း ရိုက်ပါတယ်။ အုတ်ထု၊ ကွန်ကရစ်ထုတို့ X-Ray လည်းရိုက်ပါတယ်။ ရိုက်တဲ့အခါမှာ မည်သည့်ပဲ့တင်သံမှ ပြန်မလာ တာကိုတွေ့ရတဲ့အခါမှာ သဗ္ဗညုပုထိုးတော်ကြီးသည် အကောင်းပကတိရပ်တည်နေသော်လည်း အတွင်းမှာ အတွင်းဒဏ်ရာများစွာရရှိနေပြီ ဆိုပြီးမှ ပညာရှင်များက ကောက်ချက်ချပါတယ်။ အဲဒီခေတ်မီကိရိယာများနှင့် လေ့လာစစ်ဆေးမှုတွေ အားလုံးကို ကျွန်တော်တို့ သက်ဆိုင်ရာနိုင်ငံများထံ ပြန်ပို့ပြီးတော့မှ သူတို့အသေးစိတ် အခုနက အဓိပ္ပာယ်ဖွင့်ဆိုမှုများ ပြုလုပ်လျက်ရှိပါတယ်။ အဲဒီဖွင့်ဆို မှုတွေရတဲ့အခါမှသာလျှင် UNESCO အပါအဝင် နိုင်ငံတကာပညာရှင်နဲ့ ပူးပေါင်းပြီးမှ အဓိက ၃၆ ဆူကို အချိန်ယူပြင်ဆင်သွားမှာဖြစ်လို့မို့လို့ သုံးနှစ်ကနေ ငါးနှစ်ခန့်အထိ ကြာမြင့်နိုင်ကြောင်းလည်း ကျွန်တော် တင်ပြလိုပါတယ်။ ဒီလိုပုဂံဒေသ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတွေ လျော့ ဒဏ်ကြောင့် ပျက်စီးသွားတဲ့အခါမှာ နိုင်ငံတော်သမ္မတရုံးကနေပြီးမှ ဒုတိယသမ္မတ(၁)ဦးဆောင်တဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်တဲ့ ဦးစီးကော်မတီကိုလည်း စတင်ဖွဲ့စည်းပေးခဲ့ပါတယ်။ တစ်ခါ ဒီဦးစီးကော်မတီရဲ့ ချမှတ်တဲ့ လုပ်ငန်းတွေကိုအကောင်အထည်ဖော်ဖို့အတွက်ကို မန္တလေးတိုင်းဒေသကြီးအစိုးရကလည်းပဲ အခုနက တိုင်းဒေသကြီးဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ ဝန်ကြီးချုပ်ဦးဆောင်တဲ့ လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ပုဂံဒေသပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများအတွက်ကို စုပေါင်းကွပ်ကဲရုံးကိုလည်း ဖွဲ့စည်းထားရှိပါတယ်။ ထားရှိတဲ့အခါကျတော့

ယခုဆိုရင် ဒီဇင်ဘာလ ၁၆ ရက်နေ့ကပြီးတော့မှ သာမန်ပျက်စီးခဲ့တဲ့ စေတီတော် အဆူ ၃၀၀ ကို ပြည်တွင်းမှာရှိတဲ့ ပုဂ္ဂလိကအလှူရှင်များအနေနဲ့ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ ပြင်ဆင်ခွင့်ပြုသွားမည်ဖြစ်ကြောင်းလည်း သတင်းထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါတယ်။

အခုနက မေးခွန်းရှင် ကိုယ်စားလှယ်ကြီးမေးတဲ့အထဲမှာ ထီးလိုမင်းလိုစေတီတော်ကို ရွှေပြည်တော်သို့ ဆုံမှတ်ဆိုတဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုကနေ ပြင်ဆင်ခွင့်တောင်းပြီးတော့မှ ခွင့်ပြုခွင့်မရခင်မှာ အခုနက Vinyl ဆိုင်းဘုတ်တွေ ထောင်တာရှိပါတယ်။ ဒါကို ကျွန်တော်တို့ ချက်ချင်း ရုပ်သိမ်းခဲ့ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပေးပါ။ ငါးမိနစ်နှစ်ကြိမ် ရှိပါပြီ။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ သက်ဆိုင်ရာဂေါပကအဖွဲ့နှင့် တာဝန်ရှိအဖွဲ့များကိုလည်းပဲ လိုအပ်သလို သတိပေးပါတယ်။ အဲဒီပုထိုးတော်ကြီးသည် ဦးစားပေးပြုပြင်မယ့် ၃၆ ဆူထဲမှာ ပါဝင်နေလို့ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယနေ့အထိ အလှူငွေအရကို ပြန်ဆန်းစစ်ကြည့်လို့ရှိရင် မြန်မာကျပ်ငွေ သန်း ၄၆၀၀ ကျော်ရရှိပြီးဖြစ်ပါတယ်။ ဒေါ်လာ Inhand ၉၀၀၀၀ ကျော်ရရှိပြီးတော့မှ နောက် ဒေါ်လာ တစ်သန်းကျော်လည်း ကတိကဝတ်ရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပုဂံဒေသမှာရှိတဲ့ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံ ၃၈၉ ဆူအပါအဝင် အခုနက ရခိုင်ဒေသ ဆက်စပ်တဲ့ မကွေးတိုင်းအတွင်း မှာရှိတဲ့ စေတီ၊ ပုထိုး အဆူ ၇၀၀ ကျော်လုံးကို အလှူငွေနှင့် ပြုပြင်သွားနိုင်မယ့်အခြေအနေရှိပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အာဇာနည်ကုန်းမြေနေရာတွင် ခန့်ညားထည်ဝါသော အာဇာနည်ဗိမာန်ကြီးတစ်ခု ၂၀၁၇ ခုနှစ် အာဇာနည်နေ့အမီ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ ယခု လက်ရှိအာဇာနည်ကုန်းမြေနေရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ဂုဏ်ပြုကျေးဇူးဆပ်သည့်အနေဖြင့် မိုးလုံလေလုံ ခန့်ညား

ထည်ဝါသော အာဇာနည်ဗိမာန်ကြီးကို ၂၀၁၇ ခုနှစ် အာဇာနည်နေ့အမီ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မီတဲ့ အာဇာနည်ဗိမာန်သမိုင်းလေးကို ဦးစွာတင်ပြချင်ပါတယ်။ ၁၉၆၈-၁၉၆၉ ခုနှစ်ခန့်က ကျွန်တော် ၁၂ နှစ်သားလောက်မှာ ကျွန်တော့်အဖေလိုက်ပို့လို့ အာဇာနည်ဗိမာန်ကိုရောက်ဖူးပါတယ်။ မိုးလုံလေလုံအဆောင်ကြီးထဲမှာ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့အုတ်ဂူရှိပါတယ်။ အာဇာနည်နေ့မဟုတ်ပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့အုတ်ဂူရှေ့မှာ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများတွေ့ရပါတယ်။ နိုင်ငံခြားသားများ၊ ပြည်တွင်းဧည့်သည်များ လာရောက်အလေးပြုတာတွေ၊ လေ့လာတာတွေ၊ ဓာတ်ပုံရိုက်ယူကြတာတွေ တွေ့ရပါတယ်။ ၁၉၈၃ ခုနှစ်မတိုင်မီကာလများမှာ နိုင်ငံခြားမှအကြီးအကဲများ၊ ခေါင်းဆောင်များ၊ ဧည့်သည်များ မြန်မာနိုင်ငံကို အလည်အပတ်လာရောက်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့အထွတ်အမြတ် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီးရဲ့မြောက်ဘက်အဆင်းရှိ အာဇာနည်ဗိမာန်ကို သွားရောက်၍ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများချ အလေးပြုကြပါတယ်။ အဲဒီခေတ်အခါက သတင်းစာခေါင်းကြီးပိုင်းများမှာဆိုရင်လည်း မြန်မာနိုင်ငံကိုအလည်အပတ်ရောက်ရှိနေသော ဘယ်နိုင်ငံက သမ္မတ၊ ဝန်ကြီးချုပ်၊ ဧည့်သည်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၊ အာဇာနည်ဗိမာန်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုဆိုသော သတင်းခေါင်းစဉ်များကို မကြာခဏဖတ်ရပါတယ်။ ၁၉၈၃ ခုနှစ် တောင်ကိုရီးယားသမ္မတ ချန်ဒူးဝမ် အလည်အပတ်လာရောက်စဉ် အာဇာနည်ဗိမာန်တွင် လွမ်းသူ့ပန်းခွေချ အလေးပြုမည့်အစီအစဉ်မှာ ချန်ဒူးဝမ်ကိုလုပ်ကြံဖို့ မြောက်ကိုရီးယားမှ ဇင်ဘိုကင်မင်ချူးတို့အဖွဲ့က အာဇာနည်ဗိမာန်ကြီးကို ဗုံးဖောက်ခွဲဖျက်ဆီးခဲ့ကြပါတယ်။ အာဇာနည်ဗိမာန်ကြီးတစ်ခုလုံးပျက်စီးဆုံးရှုံးသည့်အာဇာနည်ကုန်းဘဝကို ရောက်ရှိသွားပါတယ်။ ပြန်လည်တည်ဆောက်တဲ့နေရာမှာလည်း သိကြတဲ့အတိုင်း အခမ်းအနားတစ်ခုရဲ့နောက်ခံ Background ပုံစံနဲ့ခန့်ညားထည်ဝါမှုမရှိ၊ မိုးမလုံလေမလုံဖြစ်ခဲ့ရပါတယ်။ ယခင် အလေးပြုသူ၊ လေ့လာသူ၊ လာရောက်ကြည့်ရှုသူများ နေ့စဉ်မပြတ်ခဲ့သော အာဇာနည်ဗိမာန်ကြီးဟာ ဗုံးဖောက်ခံရပြီးနောက်ပိုင်း ၃၃ နှစ်လုံးလုံး အာဇာနည်နေ့မှအပ ကျန်ရက်များမှာ လွမ်းသူ့ပန်းခွေချအလေးပြုခြင်း၊ လာရောက်လေ့လာခြင်းများ ရပ်တန့်သွားပါတယ်။ နိုင်ငံခြားသားများလည်း အာဇာနည်ဗိမာန်ကြီးမရှိတော့တဲ့အတွက် နေပူမှု၊ မိုးရွာမှုများကအစ မလုံခြုံတော့လို့လားမသိ အာဇာနည်ကုန်းကို မလာရောက်ကြတော့ဘူး။ စာရေးဆရာကြီး ဦးအောင်သင်းရဲ့ဟောပြောပွဲတစ်ခုမှာ ယခင်က ကြံတောသုဿာန်ဘေးမှာ နိဗ္ဗာန်ကုန်ရောင်းတဲ့ဆိုင်

တွေမှာ တချို့အခေါင်းတွေဆိုရင် ရောင်စုံစက္ကူတွေ၊ ငွေရောင်၊ ရွှေရောင်စက္ကူတွေ၊ ဖဲကြိုး၊ ဖဲပွင့်တွေနဲ့ လုပ်ထားလိုက်တာ အလွန်အင်မတန်ကိုလှတာပဲ။ အခေါင်းမြင်ရုံနဲ့သေချင်စိတ်ပေါက်လာတယ်ဆိုတာမျိုးလို အာဇာနည်ဗိမာန်ကြီးကိုလည်း အဝေးကမြင်ရတာနဲ့ ရဟန်းရှင်လူ၊ ကျောင်းသားကျောင်းသူများအနေနဲ့လည်း လွတ်လပ်ရေးရဲ့ဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ဗိမာန်ကြီးပဲ။ တပ်မတော်သားများ၊ စစ်မှုထမ်းဟောင်းများအနေနဲ့လည်း တို့တပ်မတော်ရဲ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ ဗိမာန်ကြီးပဲဆိုပြီး အလေးပြုခြင်း၊ သွားရောက်ဂါရဝပြု ကြည့်ရှုချင်လာအောင်ဖြစ်ဖို့လိုပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ရုပ်ရှင်ပြမလို့ ပိတ်ကားကြီးထောင်ထားတာမျိုးနဲ့တော့ ဘယ်သူမှလာကြည့်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ၁၉၈၃ ခုနှစ် အာဇာနည်ဗိမာန်ကြီး ဗုံးဖောက်ခွဲမခံရခင်တုန်းကလို နေ့စဉ်နေ့တိုင်း နိုင်ငံခြားဧည့်သည်များအပါအဝင် ပြည်သူအပေါင်း လာရောက်အလေးပြုနိုင်ရေးအတွက် မိုးလုံလေလုံရှိပြီး ပုံတူရုပ်ထုများ၊ ဗိသုကာအနုပညာလက်ရာများဖြင့် ခန့်ညားထည်ဝါသော အာဇာနည်ဗိမာန်ကြီးကို တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ယခုလက်ရှိ အာဇာနည်ကုန်းမြေနေရာမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ဂုဏ်ပြုကျေးဇူးဆပ်တဲ့အနေနဲ့ မိုးလုံနေလုံခန့်ညားထည်ဝါတဲ့ အာဇာနည်ဗိမာန်ကြီးတစ်ခု ၂၀၁၇ ခုနှစ် အာဇာနည်နေ့အမီ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းပြီးတော့မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ဖြေကြားချက်ကို မူရင်းအတိုင်းပြန်လည်ဖြေကြားအပ်ပါတယ်။ အာဇာနည်ဗိမာန်ကို ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားမကျင်းပမီ အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်-

(က) အာဇာနည်ကိုးဦးရဲ့အထိမ်းအမှတ်အဖြစ်နဲ့ Grantie ကျောက်တုံးကိုးခုကို ဗိမာန်ပေါ်တွင် နေရာချထားပြီးတော့မှ အမည်စာသားများရေးထိုးခြင်း၊

**မူကြမ်း**

(ခ) အာဇာနည်ဗိမာန် Back Drop တွင် မူလကြယ်ရဲ့နေရာကို ဖောက်ထွင်းပြီးတော့မှ ကျဆုံးအာဇာနည်များကိုယ်စားပြု ကြွေလွင့်ကြယ်ကို မြေပြင်တွင်ချထားခြင်း၊

(ဂ) အာဇာနည်ဗိမာန် Back Drop တွင် မူလအလံတိုင်အား အလယ်နေရာမှ မူလကြယ်နှင့် ဆန့်ကျင်ဘက်တစ်ဖက်သို့ ရွှေ့ပြောင်းတပ်ဆင်ပေးထားခြင်း၊

(ဃ) မသန်စွမ်းသူများ အသုံးပြုနိုင်ဖို့အတွက်ကို ဗိမာန်အနောက်ဘက် လှေကားနေရာမှာ ယာယီအဝင်လမ်းပြုလုပ်ပေးထားခြင်း၊

(င) အာဇာနည်ဗိမာန် ဝင်/ထွက်လမ်းကြောင်းတစ်လျှောက် အာဇာနည်များရဲ့အတ္ထုပ္ပတ္တိများဖော်ပြနိုင်ရန် Graphic Board နှင့် Graphic Prism များ နေရာချထားခြင်းနှင့် Graphic Board များတွင် အာဇာနည်များ၏အတ္ထုပ္ပတ္တိ Vinyl များကပ်ချိတ်နိုင်ခြင်း တို့ဖြစ်ပါတယ်။

လက်ရှိအနေအထားအရ အာဇာနည်ဗိမာန်ရဲ့အသွင်သဏ္ဌာန်မှာ ခန့်ညားထည်ဝါသော အသွင်သဏ္ဌာန်ဖြစ်နေပါ၍ မိုးလုံနေလုံဆောင်ရွက်ရန်အတွက် လုံခြုံရေးအခြေအနေအရလည်း မလိုအပ်သေးပါကြောင်း တွေ့ရှိရပါသဖြင့် နောင်လိုအပ်သည့်အခါ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများကို ဖြေဆိုပေးသွားသော ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ်

ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့(၁-၁၂-၂၀၁၆ ရက်နေ့)တွင် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် ပြည်သူ့လွှတ်တော်က သဘောတူသည့် အချက် (၁၅) ချက်နှင့် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက် (၉) ချက်တို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ထို့အပြင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ သဘောကွဲလွဲသည့် (၅) ချက်အနက် (၄) ချက်နှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်၍ (၁) ချက်ကို ဆွေးနွေးအတည်ပြုရန် ကျန်ရှိနေပါတယ်။ ဒါကြောင့် ယခုဆွေးနွေးရန် ကျန်ရှိတဲ့ သဘောကွဲလွဲချက်တစ်ချက်နှင့်စပ်လျဉ်းပြီး ဆောင်ရွက်ပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၄ ပုဒ်မခွဲ(ဇ) ပုဒ်မခွဲငယ်(၂)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိချက်ကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ အပိုဒ်(၁) ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၊ အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ဖြစ်သည့် ၁-၁၂-၂၀၁၆ ရက်(ကြာသပတေးနေ့)တွင် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ (၁၅) ချက်၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၉) ချက်နှင့် သဘောထားကွဲလွဲချက် (၅) ချက်အနက် (၄) ချက်တို့ကို အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အပိုဒ်(၂) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကျန်သောသဘောထားကွဲလွဲချက် တစ်ချက်ကို ၅-၁၂-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်

အဆိုတင်သွင်းသူ ဦးမြင့်ထွန်း၊ တနင်္သာရီမဲဆန္ဒနယ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ် များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးထပ်မံကျင်းပပြုလုပ်ခဲ့ပါတယ်။ အပိုဒ်(၃) ယင်း ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ဦးမြင့်ထွန်း၊ တနင်္သာရီမဲဆန္ဒနယ်တို့ သဘောထားကွဲလွဲသည့်အချက် (၁) ချက်ကို စာသားပြင်ဆင်ဖြည့်စွက်၍ သဘောတူလက်ခံခဲ့ကြပါတယ်။ ထပ်မံပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်တစ်ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်အတိုင်း သဘောတူပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၄ ပုဒ်မခွဲ (ဇ) ပုဒ်မခွဲငယ် ၂ နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ထားသည့် ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ပုဒ်မ ၄ ပုဒ်မခွဲ (ဇ) ပုဒ်မခွဲငယ် ၂ သည် ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ထားသည့် ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးထွန်းဝေ၊ ဖောင်းပြင်မဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးလုပ်ကိုင်ရန် အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ ၄၅ အရ ခွင့်ပြုခဲ့သည့် သစ်တောမြေများအား အဆိုပါ နည်းဥပဒေနှင့်အညီစိစစ်ပြီး နည်းဥပဒေပါ စည်းကမ်းချက်များနှင့်မညီညွတ်သော လုပ်ကွက်မြေ ဧရိယာများအား နည်းဥပဒေ ၅၇ အရ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများအဖြစ် ပြန်လည်ရုပ်သိမ်း၍ သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့(၁-၁၂-၂၀၁၆ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၄၅ အရ ခွင့်ပြုခဲ့သည့် သစ်တောမြေများအား အဆိုပါ နည်းဥပဒေနှင့်အညီ စိစစ်ပြီး နည်းဥပဒေပါ စည်းကမ်းချက်များနှင့် မညီညွတ်သော လုပ်ကွက်မြေဧရိယာများအား နည်းဥပဒေ ၅၇ အရ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများအဖြစ် ပြန်လည်ရုပ်သိမ်း၍ သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၅ ဦးရှိပါတယ်။ ပထမဦးစွာ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ လာရောက်လေ့လာကြတဲ့ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဌေးလင်းဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

နဝမနေ့မှာ တင်သွင်းခဲ့တဲ့ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ အဆိုတစ်ခုလုံးကို လေ့လာကြည့်ပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ သစ်တောမြေများကို စိုက်ပျိုးရေးလုပ်ကိုင်ခွင့်လျှောက်ထားပြီး သစ်တောထွက်ပစ္စည်းနှင့် အခြားဓာတ်သတ္တုအမျာအပြား ထုတ်ယူသုံးစွဲနေမှုကြောင့် သစ်တောများပြုန်းတီးပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးလာခြင်းနှင့်အတူ ကြုံတွေ့ခံစားနေရတဲ့ သဘာဝဘေးအန္တရာယ်များ လျော့ပါးလာစေရေး၊ နိုင်ငံသားအချင်းချင်းကြားမှာ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းလာစေရေးနှင့် ကျွန်တော်တို့ရဲ့ အနာဂတ်မျိုးဆက်များ ရှေ့ရေးအထိရည်မှန်းပြီး ယခုအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အပိုင်းနှစ်ပိုင်းနှင့် တင်ပြသွားချင်ပါတယ်။ ပထမအပိုင်းအနေနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံစိုက်ခင်းများတည်ထောင်ရန်အတွက် မြေငှားရမ်းခြင်းကို နှစ် ၃၀ မြေငှားဂရန်စနစ်ဖြင့် ခွင့်ပြုချထားပေးခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ယခုလို ဆောင်ရွက်ချထားပေးခဲ့ခြင်းဟာ နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ(ဂ)မှာ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခြင်းမှရရှိသောမြေခွန်ဖြင့် တတ်နိုင်သမျှဖြည့်ဆည်းပေးနိုင်ရေးဆိုတဲ့ အချက်ကြောင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေတာ မှန်ပါတယ်။ ယခုလို ချထားလုပ်ကိုင်ခွင့်ပေးတဲ့အခါမှာ ကျွန်တော်တို့ ပုသိမ်ကြီးမြို့နယ်အတွင်းမှာ ဌာနဆိုင်ရာစာရင်းအင်းများအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းသစ်တောမြေ စုစုပေါင်း ၉၄၉၆.၃၆ ဧက ချထားပေးခဲ့ပြီးဖြစ်ပါတယ်။ လုပ်ကိုင်ခွင့်ရသူအနည်းစုကသာ စိုက်ပျိုးရေးကို ဇောက်ချလုပ်ကိုင်ပြီး အများစုက နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၄၅ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၅၂ နည်းဥပဒေခွဲ(ခ)၊ (ဂ)တို့အရ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိတာကို စိစစ်တွေ့ရှိရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၃၆ နည်းဥပဒေခွဲ(က)မှာ နိုင်ငံတော်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အမှန်တကယ်ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိဘဲ အခွင့်အရေးတစ်ရပ်အနေဖြင့် ပမာဏကြီးမားစွာရယူထားခြင်းမရှိစေတဲ့ အချက်ကို ခိုင်ခိုင်မာမာပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ပုသိမ်ကြီးမြို့နယ်အတွင်းမှာဆိုရင် မန္တလေး-ပြင်ဦးလွင် လမ်းသစ်ဖောက်လုပ်မယ့်စီမံကိန်းနှင့် ဆက်စပ်ပြီး မြေဈေးကစားရန်အတွက် မြေဧကရာပေါင်းများစွာကို လျှောက်ထားရယူခဲ့တာကို စိစစ်တွေ့ရှိခဲ့ပါ

တယ်။ ယနေ့အချိန်မှာလည်း မြေဈေးဟာ တစ်ဧက သိန်း ၂၀၀၊ ၃၀၀ ကနေ ဒီလမ်းသစ်စီမံကိန်း ကြောင့် သိန်း ၁၀၀၀ နှုန်းအထိ ဈေးနှုန်းတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ နောက် နည်းဥပဒေ ၄၅ နည်းဥပဒေခွဲ(က)အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စတင်ခွင့်ပြုသည့်နေ့မှစ၍ လေးနှစ်အတွင်း ပထမနှစ်မှာ ၁၅ ရာခိုင်နှုန်း၊ ဒုတိယနှစ်မှာ ၃၀ ရာခိုင်နှုန်း၊ တတိယနှစ်မှာ ၃၀ ရာခိုင်နှုန်း၊ စတုတ္ထနှစ်မှာ ၂၅ ရာခိုင်နှုန်းဖြင့် ရာနှုန်းပြည့်လုပ်ငန်းတွေပြီးစီးရမယ် ဖော်ထုတ်လုပ်ကိုင်ရမယ်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ သို့သော် ကျွန်တော်တို့ သွားရောက်စစ်ဆေး တဲ့အချိန်မှာ ၂၀၁၁ ခုနှစ်ကနေ ယနေ့အချိန်အထိဆိုရင် အောင်မြင်စွာစိုက်ပျိုးပြီးစီးနေရမှာ ဖြစ်ပါတယ်။ သို့သော် တကယ်တမ်းသွားကြည့်တဲ့အခါမှာ ကျွန်တော်တို့  ဘာမှမယ်မယ်ရရစိုက်ပျိုးထားတာ မရှိပါ ဘူး။ ကျွန်တော်တို့ ခြံစောင့်မိသားစုက စိုက်ပျိုးထားတဲ့ ချဉ်ပေါင်ပင်၊ ဖရုံပင်လောက်ပဲ ဖြစ်ထွန်းအောင် မြင်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နောက်ထပ် ကျွန်တော်တို့ နည်းဥပဒေ ၅၂ နည်းဥပဒေခွဲ(ခ)၊ (ဂ) အရဆိုရင် ကျွန်တော်တို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေမှာ လုပ်ကိုင်ခွင့်ရတဲ့သူတွေဟာ ခွင့်ပြုတဲ့ မြေဧရိယာပေါ်မှာ ယခင်ကတည်းက စိုက်ပျိုးလုပ်ကိုင်လာတဲ့ ဒေသခံတောင်သူလယ်သမားတွေရှိမယ် ဆိုရင် ဒေသခံတောင်သူတွေနဲ့ နစ်နာမှုမရှိစေဖို့ ကြိုတင်ညှိနှိုင်းရမယ်လို့ ကျွန်တော်တို့ ပြဋ္ဌာန်းထားပေ သော်ငြားလည်း တကယ်တမ်းတော့ အောက်ခြေမှာရှိတဲ့ ဒေသခံတောင်သူတွေဟာ ယနေ့အချိန်အထိ တရားစွဲဆိုနေရပါတယ်။ ပုံစံမျိုးစုံနှင့် ကျွန်တော်တို့ တရားစွဲခံရတဲ့အချိန်မှာ နောက်ဆုံး ဘယ်လိုနည်းနဲ့ မှ ကုမ္ပဏီတွေအနေနဲ့၊ လုပ်ငန်းရှင်တွေအနေနဲ့ အနိုင်မရဘူးဆိုရင် ဒေသခံတောင်သူတွေကို သူခိုးဆို ပြီး စွပ်စွဲပြီးဖမ်းဆီးနေတဲ့ကိစ္စတွေ ယနေ့အချိန်အထိ ရှိနေဆဲပါ။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို လုပ်ကိုင်ခွင့်ရသူများအနေဖြင့် နိုင်ငံပိုင်သစ်တောမြေများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဥပဒေနှင့်အညီ အသုံးချခဲ့မည်ဆိုပါက ပုသိမ်ကြီးမြို့နယ်အတွင်း မှာရှိတဲ့ အရှေ့ရှမ်းရိုးမတောင်ခြေ၊ တောင်တန်းကြီးနှင့် ပတ်ဝန်းကျင်ဒေသများဟာ သစ်ပင်၊ သစ်တော ကြီးတွေနဲ့ လှပစိမ်းလန်းပြီး မန္တလေးမြို့ကြီးရဲ့ အပူချိန်ကိုပင် ထိန်းသိမ်းပေးထားနိုင်မှာ ဖြစ်ပါတယ်။ ယခုတော့ မြေယာမှုခင်းပြဿနာတွေ ရပ်ဆိုင်းထားခံရတဲ့ မန္တလေး-ပြင်ဦးလွင် ဖြတ်လမ်းစီမံကိန်းနှင့် အတူ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးနေတဲ့ တော၊ တောင်များကိုသာ ဝမ်းနည်းဖွယ်တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သို့ပါ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၁၊ ၂၂ ပုဒ်မခွဲ(ဂ)၊ (ဃ)တို့အရ ခွင့်ပြုချက်မရှိဘဲ ပြန်လည်လွှဲပြောင်းရောင်းချတာတွေ စည်းကမ်းချက် ချိုးဖောက်တာတွေ ခွင့်ပြုကာလ ကျော်လွန်သည်အထိ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အချက်တွေ

ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ဒီမြေတွေကို ပြန်လည်စိစစ်သိမ်းယူသင့်ပါတယ်။ ကျွန်တော့်အနေနဲ့ အဓိကကျတဲ့အချက်ကို တင်ပြချင်ပါတယ်။ ၂၀၁၁ ခုနှစ်ကနေ ဒီမြေတွေကို လျှောက်ထားရယူပြီးတော့ ယနေ့အချိန်အခါမှာ ကျွန်တော်တို့ အငြိမ်းစားဝန်ထမ်းတွေက လျှောက်ထားရယူခဲ့ပြီး။ ယနေ့အချိန်မှာ တကယ်တမ်းဆိုရင် ဒီမြေတွေအားလုံးဟာ ကျွန်တော်တို့ မြန်မာစကားကောင်းစွာပြောတတ်ခြင်း မရှိတဲ့ တိုင်းရင်းသားမဟုတ်တဲ့လူတွေလက်ထဲကို ဧက ထောင်နဲ့ချီ၊ သောင်းနဲ့ချီပြီးရောက်ရှိသွားပြီ ဖြစ်ပါတယ်။ ဒါကို ကျွန်တော် ပြည်သူ့လွှတ်တော်သို့ တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ အကြံပြုလိုတာကတော့ ပြန်လည်သိမ်းယူပြီး မြေဧရိယာတွေကို အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နိုင်မယ့် သူတွေကို ခွဲဝေချထားပေးဖို့ မြေမဲ့၊ ယာမဲ့ပြည်သူတွေကို ဦးစားပေးခွဲဝေပေးဖို့ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျော့ကျရေးကို ဦးတည်ဆောင်ရွက်ပေးရန်တို့ ဖြစ်ပါတယ်။ သို့ပါသောကြောင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၏အဆိုကို လေးနက်စွာထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြင်ဦးလွင်မဲဆန္ဒနယ်က ဒေါက်တာအောင်ခင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်က ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ ကျွန်တော် ဦးထွန်းဝေရဲ့အဆိုကိုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တကယ်တော့ ပုဂ္ဂလိကကို သစ်တောစိုက်ခင်းတွေ၊ နှစ်ရှည်သီးနှံစီမံကိန်းစိုက်ခင်းတွေအဖြစ်ချခဲ့ပါတယ်။ ဒါပေမဲ့ တကယ်ဖြစ်ဖြစ်မြောက်မြောက်မဖြစ်ခဲ့ပါဘူး။ တကယ်တော့ သစ်တောပြုန်းတီးမှုတွေပဲ ဖြစ်ခဲ့တာ ဖြစ်နေပါတယ်။ အဲဒီတော့ သစ်တောပြုန်းတီးမှုဟာ ယနေ့ကမ္ဘာမှာဆိုရင် ကျရောက်နေတဲ့ ကပ်ဆိုးကြီးတစ်ခုအဖြစ် ခံစားနေကြရပါတယ်။ ကမ္ဘာမြေမှာ ဧရိယာ ၃၀ ရာခိုင်နှုန်းဟာ သစ်တောဖုံးလွှမ်းမှုရှိနေသော်လည်း ပဏာမကျွန်းအရွယ်အစားတစ်မျှ နှစ်စဉ်ကွယ်ပျောက်နေရသော သစ်တောပြုန်းတီးမှုနှုန်းထားအရ နှစ်ပေါင်း ၁၀၀ ခန့်အတွင်းမှာ ကမ္ဘာမြေပေါ်မှ သစ်တောများအားလုံး ပျောက်ကွယ်သွားနိုင်ဖွယ်ရှိပါတယ်။ မြန်မာနိုင်ငံမှာ သစ်တောသယံဇာတကြွယ်ဝတဲ့နိုင်ငံဖြစ်ပေမယ့် သယံဇာတငတ်မွတ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေရှိပါတယ်။ အဲဒီတော့ သတင်း Website ကနေပြီးတော့မှ မြန်မာနိုင်ငံက ကမ္ဘာပေါ်မှာသစ်တောပြုန်းတီးမှု အမြင့်မားဆုံးနိုင်ငံအဖြစ် ဖော်ပြထားပါတယ်။ နှစ်စဉ် ၁၉၇၅ ခုနှစ်ကနေ ၁၉၈၉ ခုနှစ်အထိ သစ်ဟက်တာ ၁၀၀၀၀၀၊ ၁၉၉၀ ခုနှစ်ကနေပြီးတော့ ၂၀၀၅ ခုနှစ်ထိ နှစ်စဉ် ဟက်တာ ၄၆၆၀၀၀၊ နောက်ပိုင်းနှစ်များမှာဆိုရင် ပိုပြီးတော့များပါ

တယ်။ နှစ်စဉ် ဟက်တာ ၅၄၆၀၀၀ ကျော်ရှိပါတယ်။ အဲဒီတော့ ဒီလိုကျွန်တော်တို့ဆုံးရှုံးနေတာဟာ ကျွန်တော်တို့တိုင်းပြည်အတွက် အတော်ပဲနစ်နာပါတယ်။ FAO ရဲ့စစ်တမ်းကောက်ယူချက်အရ မြန်မာနိုင်ငံသစ်တော်ဖုံးလွှမ်းမှုဟာလည်း တဖြည်းဖြည်းနဲ့လျော့နည်းလာတာ တွေ့ရပါတယ်။ ၁၉၉၀ ခုနှစ်မှာ 60 Percent, ၂၀၀၀ ခုနှစ်မှာ 52 Percent, ၂၀၀၅ ခုနှစ်မှာ 49 Percent, ၂၀၁၀ ခုနှစ်မှာ 47 Percent နှင့် ၂၀၁၅ ခုနှစ်မှာ 43 Percent ပဲ ရှိပါတယ်။ အဲဒီလို သစ်တောပြုန်းတီးရတဲ့အကြောင်းအရင်းကတော့ဘာလဲ။ တရားမဝင်၊ တရားဝင် သစ်ထုတ်လုပ်မှုတွေ၊ တောင်ယာမီးရှို့တာတွေ၊ တောမီးလောင်တာတွေ၊ စိုက်ပျိုးရေးမြေတွေအဖြစ် ချပေးလိုက်တာတွေ၊ မြေအောက်သယံဇာတတူးဖော်တာတွေ၊ ဆည်မြောင်းတာတမံတည်ဆောက်တာတွေ၊ မြို့ပြမြေတိုးချဲ့ခြင်း၊ သဘာဝဘေးအန္တရာယ်စတဲ့ မြေအဖြစ်အသုံးပြုခြင်းပဲဖြစ်ပါတယ်။

တကယ်တော့ တရားဝင်၊ တရားမဝင်သစ်ထုတ်လုပ်မှုဟာ အလွန်အကျွံပြုလုပ်နေခြင်းဖြစ်ပါတယ်။ ကျွန်းထုတ်လုပ်မှုဟာ တကယ်တော့ Annual Allowance Cut ခေါ်တဲ့ နှစ်စဉ်ခွင့်ပြုတဲ့ ခုတ်လှဲမှုပမာဏဟာ ကုဗမီတာသန်းပေါင်း ၀.၂၉ ထက်ကျော်လွန်နေတာတွေ့ရပါတယ်။ အခြားသစ်အမျိုးအစားများမှာလည်း AAC ပမာဏကုဗမီတာသန်းပေါင်းဟာလည်း ၂.၅၅ ထက်ကျော်လွန်ခုတ်လှဲနေကြောင်းတွေ့ရပါတယ်။ တကယ်တော့ မြန်မာနိုင်ငံဟာ တစ်ချိန်က Myanmar Selection System လို့ခေါ်တဲ့ သစ်တောစီမံခန့်ခွဲမှုမှာ ထင်ရှားကျော်ကြားခဲ့ပေမယ့် ယနေ့တော့ ဒီစနစ်ကြီးဟာ ပြိုကွဲဆုံးရှုံးနေတာကို တွေ့ရပါတယ်။

နိုင်ငံတော်ရဲ့ဝင်ငွေအနေနဲ့ အစိုးရက ပုဂ္ဂလိကလုပ်ကွက်တွေကို ချပေးလိုက်ပေမဲ့လည်း တရားဝင်သစ်ထုတ်လုပ်မှုဟာ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ၅.၉ ရာခိုင်နှုန်းသာ တိုးတက်လာတာတွေ့ပါတယ်။ အဲဒီနေရာမှာ တရားမဝင်တင်ပို့မှုဟာ ၇၀ ရာခိုင်နှုန်း ၂၀၀၈ ခုနှစ်ထိရှိပြီးတော့ ၂၀၀၉ ခုနှစ်နောက်ပိုင်းမှာ ၈၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းထိ ရှိနေတာတွေ့ရပါတယ်။ ဒါဟာဘာလဲဆိုတော့ ကျွန်တော်တို့သစ်တောဖုံးလွှမ်းနေတဲ့ ကချင်၊ ချင်း၊ ရှမ်း၊ စစ်ကိုင်း၊ တနင်္သာရီ ဒါတွေဟာ သစ်ခုတ်မှုအများကြီးရှိပါတယ်။ ဘာလို့ရှိနေလဲဆိုတော့ အဲဒီနေရာမှာကျွန်တော်တို့ သစ်တောကိုထိန်းသိမ်းနိုင်တဲ့အားနည်းပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အမြော်အမြင်ကြီးတဲ့ သမ္မတကြီးဦးထင်ကျော်နဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့က (၂၁)ရာစုပင်လုံညီလာခံကို ငြိမ်းချမ်းရေးကြိုးပမ်းနေပါတယ်။ အဲဒီတော့ ငြိမ်းချမ်းရေးရခဲ့ပြီဆိုရင် သစ်တောထိန်းသိမ်းမှုလည်းကောင်းလာမယ်။ ရာသီဥတုပြောင်းလဲမှုဖြစ်နေတာတွေလည်း ပိုကောင်းလာမယ်။ ဇီဝမျိုးစိတ်တွေ

**မူကြမ်း**

လည်း ဂေဟစနစ်တွေကောင်းလာမယ်။ အဲဒီလိုဆိုလို့ရှိရင် ကျွန်တော်တို့ဟာ သားရှေအိုးထမ်းလာတာ ကို တွေ့ရမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ စိုက်ပျိုးမြေချဲ့ထွင်ခြင်းကိစ္စ။ စိုက်ပျိုးမြေဟာ ကျွန်တော်တို့ နှစ်စဉ် ဟက်တာ ၂.၅ သန်းထိ လျင်မြန်စွာ စိုက်ပျိုးမြေစီမံကိန်းတွေချပေးနေတယ်။ ဒါတောင်မှ မပြည့်မီသေး ပါဘူး။ အဲဒီတော့ ၂၀၁၀ ခုနှစ်မှာဆိုရင် လောင်စာဆီအစားထိုးဆိုပြီးတော့ ကြက်ဆူဧကပေါင်း ရှစ်သန်းခန့် စိုက်ပျိုးဖို့စီမံကိန်းချပြီးတော့ ဆောင်ရွက်ခဲ့ပေမဲ့လည်း ကြက်ဆူစီမံကိန်းဧရိယာဟာ အကျိုးမဲ့ဖြစ်ထွန်းပြီးတော့ အကျိုးမဲ့ပဲကျန်နေခဲ့ပါတယ်။ ကျွန်တော်တို့ ပြင်ဦးလွင်မြို့နယ်မှာလည်း ဒီအတိုင်းပဲတွေ့ရပါတယ်။ အခြားနေရာတွေမှာလည်း ဒီအတိုင်းပဲတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော် တို့ ဒီစီမံကိန်းတွေကို ချပေးပြီးတော့ ပြင်ဦးလွင်မှာဆိုရင် ကော်ဖီစီမံကိန်းတွေ ချပေးတယ်။ အဲဒီတော့ ကျွန်တော်တို့လိုက်စစ်တဲ့အခါမှာ ကော်ဖီစီမံကိန်းကြီးကလည်း ဖြစ်ဖြစ်မြောက်မြောက်မတွေ့ရပါဘူး။ စီမံကိန်းစိုက်ခင်းအများအပြားချပေးထားတဲ့ နေရာအနှံ့မှာ ၂၃ ရာခိုင်နှုန်းသာ အမှန်တကယ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိနေပြီးတော့ လက်တွေ့စီမံကိန်းသီးနှံစိုက်ပျိုးရန်မြေအကြောင်းပြချက်နှင့် သစ်တော ကိုခုတ်ထွင်ရှင်းလင်းမယ်။ ပြီးရင် သစ်တွေရောင်းစားမယ်။ ပြီးရင် စိုက်ခင်းလုပ်ကွက်တွေမရှိတာတွေ ကို အငှားချမယ်။ တချို့များဆိုလို့ရှိရင် အကွက်ရိုက်ပြီးတော့တောင် ရောင်းစားနေတာတွေ့ရပါတယ်။ အဲဒီတော့ နိုင်ငံခြားဝင်ငွေလည်း ဖြစ်ဖြစ်မြောက်မြောက်မရဘူး။ ကျွန်တော်တို့ ပြည်တွင်းမှာစီမံကိန်း က မအောင်မြင်တဲ့အတွက်လည်း စိုက်ခင်းသီးနှံတွေက မဖြစ်ထွန်းဘူးဆိုတော့ နိုင်ငံနဲ့ပြည်သူတွေ အတွက် အများကြီးနစ်နာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)အရ ။

**ဒုတိယဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လယ်ဝေးမဲဆန္ဒနယ်က ဦးမျိုးဇော်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်က ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖောင်းပြင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ရဲ့အဆိုအပေါ်မှာ အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးမြေများပေါကြွယ်ဝတဲ့ စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံပါ။ ဒါပေမဲ့

နိုင်ငံရဲ့အဓိကပြဿနာက အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်မယ့်တောင်သူတွေရဲ့လက်ထဲမှာ မြေယာတွေရှိမနေဘဲ ဘာသီးနှံမှစိုက်ပျိုးလုပ်ကိုင်ခြင်းမရှိတဲ့သူတွေက မြေဧကထောင်သောင်းချီ ပိုင်ဆိုင်နေတာပဲဖြစ်ပါတယ်။ အဲဒီထဲမှာ မြေလွတ်၊ မြေရိုင်းအမည်ခံပြီး နိုင်ငံပိုင်သစ်တောကြီးတွေကို ရယူခုတ်လှဲကိုယ်ကျိုးရှာခဲ့ကြလို့ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်များ ပြုန်းတီးလာကာ ရေကြီးရေလျှံခြင်း၊ မိုးသည်းထန်ခြင်းစတဲ့ ရာသီဥတုတွေဖောက်ပြန်လာတဲ့ဒဏ်တွေကို တစ်နိုင်ငံလုံးခံစားနေရတာအားလုံးအသိပဲ ဖြစ်ပါတယ်။ ယခင်ကာလများက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို မပြဋ္ဌာန်းမီကပင် မြန်မာနိုင်ငံရဲ့အချို့ဒေသများမှာ သစ်တောမြေများကို ဧကထောင်သောင်းချီပြီး စိုက်ပျိုးမြေများအဖြစ် စီးပွားရေးလုပ်ငန်းရှင်များထံသို့ လုပ်ကိုင်ခွင့်များချထားပေးခဲ့ပါတယ်။ ဒါကို အခွင့်အရေးတစ်ရပ်အနေဖြင့် မြေဧကပေါင်းမြောက်မြားစွာကို လက်ဦးမှုရယူထားပြီး စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိတဲ့ မြေယာများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ပြီး ပြန်လည်သိမ်းယူသင့်ပါတယ်။ ယင်းနောက် နိုင်ငံတော်အနေနဲ့ သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းများလုပ်ကိုင်ခွင့်ပြုထားသလို လယ်ယာမြေသိမ်းဆည်းခံရမှုကြောင့် လယ်မဲ့ယာမဲ့ဖြစ်နေတဲ့ ဒေသခံတောင်သူလယ်သမားများအတွက်လည်း စိုက်ပျိုးမြေများ ဖော်ထုတ်ပေးရန် အလွန်အရေးကြီးလှပါတယ်။

လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့၊ စားနပ်ရိက္ခာဖူလုံဖို့အတွက် နိုင်ငံတော်အနေနဲ့ စိုက်ပျိုးနိုင်တဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဖော်ထုတ်ပြီး မြေမဲ့၊ ယာမဲ့တောင်သူများကို ဦးစားပေးခွဲဝေချထား၍ တရားဝင်လယ်ယာမြေလုပ်ကိုင်ပိုင်ဆိုင်ခွင့်ရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အချိန်တန်နေပြီဖြစ်ပါကြောင်း အကြံပြုလိုပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁ ပုဒ်မ ၃၇ ပုဒ်မခွဲ(က) တွင် နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟုပြဋ္ဌာန်းထားလို့ မြေယာပင်ရင်းပိုင်ရှင်ဖြစ်သူ နိုင်ငံတော်အနေနဲ့မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်နှင့်ပတ်သက်ပြီး အများပြည်သူတို့၏အကျိုးစီးပွားနှင့် ပုဂ္ဂလိကကုမ္ပဏီတို့၏ အကျိုးစီးပွားတို့ယှဉ်ပြိုင်လာပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ပြီး အများပြည်သူတို့၏အကျိုးစီးပွားကို ဦးစားပေးရန်လိုအပ်ပါကြောင်းလည်း အကြံပြုလိုပါတယ်။

လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအခန်း ၄ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၄)တွင် ကျေးလက်ဒေသတောင်သူလယ်သမားနှင့်

မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်လိုသူများအတွက် ၅၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်ဟုလည်းကောင်း၊ အခန်း ၈ ပုဒ်မ ၂၅ ပုဒ်မခွဲ(ခ)တွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့်ရရှိလာခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ဒေသခံတောင်သူတွေရဲ့ အကျိုးစီးပွားအတွက် ဥပဒေထဲမှာမည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကောင်အထည်ဖော်တဲ့ သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်က မြေပြင်လက်ရှိအနေအထားကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရမည့်အစား ၎င်းတို့ထံမှာရှိနေတဲ့ မြေစာရင်းမြေပုံကိုသာကြည့်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုတွေကြောင့် ဒေသခံတောင်သူတွေလုပ်ကိုင်စားသောက်နေတဲ့ လယ်ယာမြေတွေဟာ ဥပဒေမဲ့သိမ်းဆည်းခံနေရပါတယ်။ မြေစာရင်းမြေပုံပေါ်မှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ လက်ရှိမြေပုံပေါ်မှာက ဒေသခံများစိုက်ပျိုးနေတဲ့ လယ်ယာမြေများရှိနေပါတယ်။ မြေစာရင်းမြေပုံပေါ်နှင့် မြေပြင်အနေအထားကွာဟချက်များကြောင့် ဒေသခံတောင်သူတွေဟာ မိမိလယ်ယာမြေကို မိမိလုပ်ကိုင်စားသောက်နေရင်း လယ်ယာမြေများသိမ်းဆည်းခံနေရသလို ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၄၇ ပိုင်နက်ကျူးလွန်မှု၊ ပုဒ်မ ၄၂၇ အကျိုးဖျက်ဆီးမှု၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေပုဒ်မ ၂၆၊ ၂၇ တို့ဖြင့် တရားရုံးတွေမှာ တရားစွဲဆိုခံနေရသလို ထောင်ဒဏ်ချမှတ်ခံနေရတဲ့ တောင်သူများလည်းရှိနေပါတယ်။ ယခုအခါ ဒေသခံတောင်သူတွေက လယ်ယာမြေပိုင်ရှင်ဘဝမှ လယ်မဲ့၊ ယာမဲ့ လက်လုပ်လက်စားဘဝသို့ ရောက်ရှိနေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က မဟာဗျူဟာချမှတ်ပြီး ဆောင်ရွက်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ လူမှုစီးပွားဘဝတိုးတက်ရေးလုပ်ငန်းတွေ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် အဆိုရှင်တင်ပြခဲ့သလို သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင်များပြန်လည်ပြုစုပျိုးထောင်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ်မတိုင်မီက လုပ်ကိုင်ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအတွက် နည်းဥပဒေ ၄၈ အရလည်းကောင်း၊ ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် လုပ်ကိုင်ခွင့်ပြုခဲ့သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား ဥပဒေ၊ နည်းဥပဒေပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်၍ ဥပဒေပုဒ်မ ၂၁၊ နည်းဥပဒေ ၅၇ အရလည်းကောင်း၊ နိုင်ငံတော်က ပြန်လည်သိမ်းယူဖို့ အချိန်တန်နေပါပြီ။ အဲဒီမြေယာ တွေကို

နိုင်ငံတော်ကပြန်လည်ရယူပြီး သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းများ အပြင် လယ်ယာမြေသိမ်းဆည်းခံရလို့ လယ်မဲ့၊ ယာမဲ့ဘဝသို့ရောက်ရှိနေကြတဲ့ ဒေသခံတောင်သူများ ထံသို့ စိုက်ပျိုးမြေများအဖြစ် တရားဝင်ခွဲဝေချထားပြီး လုပ်ပိုင်ခွင့်များရရှိအောင် ဆောင်ရွက်ပေးသင့် ပါကြောင်း နိုင်ငံတစ်ဝန်းလုံးရှိ ကျေးဇူးရှင်တောင်သူဦးကြီးများရဲ့ကိုယ်စား အကြံပြုထောက်ခံ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုးညှင်းမဲဆန္ဒနယ်က ဒေါ်စန်းစန်းအိ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်စန်းစန်းအိ(မိုးညှင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်ရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ဖြစ်ပါတယ်။ ဖောင်းပြင် မဲဆန္ဒနယ်မှ ဦးထွန်းဝေ တင်သွင်းသွားတဲ့အဆိုကို ကျွန်မတို့ မိုးညှင်းမြို့နယ်ရဲ့ အချက်အလက်တွေကို အခြေခံပြီးတော့မှ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်း ခန့်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြပြီးတော့မှ စိုက်ပျိုးရေးကို လုပ်ကိုင်ကြတဲ့သူတွေဖြစ်ကြပါ တယ်။ တောင်သူလယ်သမားတွေရဲ့ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုဘဝမြှင့်တင်ရေးအတွက် မြေရိုင်း များကိုဖော်ထုတ်ပြီး မြေမဲ့ယာမဲ့များကို ဦးစားပေးစိုက်ပျိုးလုပ်ကိုင်စေဖို့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများကို ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီ ဥပဒေတွေပြဋ္ဌာန်းလာခဲ့ပေမဲ့လို့လည်း မြေယာတွေကို လက်ဦးမှုရယူပြီးတော့မှ လက်ဝဲကြီးအုပ်ကာ လုပ်ပိုင်ခွင့်တွေလျှောက်ထားရယူမှုတွေကြောင့်မို့လို့ ပေးကားပေး၏မရဆိုသလို ဒေသခံမြေယာမဲ့ တောင်သူလယ်သမားတွေရဲ့ အကျိုးခံစားခွင့်တွေနည်းပါးလာခဲ့ကြတာကို ကျွန်မထောက်ပြဆွေးနွေး သွားမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးပါရှင်။ အဆိုရှင်တင်ပြထားခဲ့တဲ့အတိုင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၄၅ မှာ မြေယာတွေကို လုပ်ပိုင်ခွင့်စတင်ချပေးချိန်ကနေစ ပြီးတော့မှ လေးနှစ်အတွင်းမှာ သူက အဆင့်လိုက်၊ အဆင့်လိုက်ကို ပြီးစီးအောင်ဆောင်ရွက်ရမှာဖြစ်ပါ တယ်။ ဒါပေမဲ့လို့ ကျွန်မတို့ မိုးညှင်းမြို့နယ်ရဲ့အခြေအနေမှာ ကုမ္ပဏီတွေကို ၁၉ နှစ်လောက်ကနေ ဒီမြေယာလုပ်ပိုင်ခွင့်တွေကို လက်ဦးမှုရယူထားပေမဲ့လို့လည်း မြေယာတွေကို အကောင်အထည်

ဖော်တဲ့နေရာမှာ ၃၀ ရာခိုင်နှုန်းပြီးတဲ့ကုမ္ပဏီတွေ၊ ၅၀ ရာခိုင်နှုန်းလောက်ပဲပြီးတဲ့ ကုမ္ပဏီတွေနဲ့ လုံး၀ အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိသေးတဲ့ မြေဧကပေါင်းမြောက်မြားစွာပိုင်ဆိုင်ထားတဲ့ ကုမ္ပဏီတွေလည်း ရှိနေတာတွေ့ပါတယ်။ အစုအဖွဲ့ပိုင်အနေနဲ့ ကုမ္ပဏီများ၊ ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတွေကလည်း လုပ်ပိုင်ခွင့်ချထားတဲ့နေရာမှာ ကျွန်မ မြားပြထားတဲ့နေရာလေးတွေမှာဆိုရင် တစ်ဦးတည်းပိုင်ကနေ မြေဧကပေါင်းမြောက်မြားစွာ တောင်းယူထားပါတယ်။ ဒါပေမဲ့လို့ ယခုအချိန်ထိ မြေယာလုပ်ကိုင်ဖော်ထုတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလည်းမရှိသလို မြေခွန်များနှင့် ပတ်သက်လို့လည်း စည်းကြပ်ကောက်ခံခြင်း၊ ပေးဆောင်ခြင်းတွေမတွေ့ရှိပါဘူး။ အဲဒီလိုပဲ ဌာနဆိုင်ရာတွေနဲ့ တပ်ရင်းတပ်ဖွဲ့တွေအနေနဲ့ရယူထားတဲ့မြေတွေမှာလည်း သိမ်းဆည်းမြေတွေကို ပြန်လည်စွန့်လွှတ်ခြင်းရှိခြင်း၊ မရှိခြင်းမပါဘဲနဲ့ မြေယာတွေကို သိမ်းယူထားတဲ့နေရာမှာ ယခုအချိန်ထိ အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိတာကို တွေ့ရသလို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ မြေယာတွေကို သီးစားချပြီးတော့မှ လုပ်ကိုင်ဆောင်ရွက်မှုတွေကို တွေ့ရတဲ့အတွက်ကြောင့်မို့လို့ ပြဿနာတွေကိုပဲ ဆက်လက်ဖြေရှင်းနေကြရတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပုဒ်မ ၃၆ အရ ဗဟိုကော်မတီဟာ နိုင်ငံတော်ရဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေကို အမှန်တကယ်ဖော်ထုတ်လုပ်ကိုင်အသုံးပြုမှုမရှိဘဲနဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ ပမာဏကြီးမားစွာရယူထားခြင်းတွေကို ကြီးကြပ်ဆောင်ရွက်ပေးဖို့ရာလည်း အဓိကတွန်းအားပေးတိုက်တွန်းချင်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပုဒ်မ ၅၇ အရ စည်းမျဉ်းစည်းကမ်းနှင့်မကိုက်ညီဘဲ သီးစားချထားခြင်းကိစ္စတွေ၊ မြေယာအမှန်တကယ်အကောင်အထည်ဖော်မှုမရှိတဲ့ အဲဒီမြေယာများတွေကို စနစ်တကျပြန်လည်စိစစ်ပြီးတော့မှ ပြန်တမ်းထုတ်ပြန်သိမ်းဆည်းပေးဖို့အတွက်ကိုလည်း ဦးစားပေးတိုက်တွန်းလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ ပြည်သူလူထုများကို တရားမျှတစွာအကာအကွယ်ပေးမယ့် အုပ်ချုပ်ရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ မြေပိုင်ဆိုင်မှုများ၊ မြေသယံဇာတအသုံးပြုမှုများနှင့်စပ်လျဉ်းပြီးတော့မှ အငြင်းပွားမှုဖြစ်စဉ်များကို စနစ်တကျကိုင်တွယ်ဖြေရှင်းပေးဖို့အတွက်လည်း လိုအပ်ပါတယ်။ နိုင်ငံတော်ပိုင် မြေပေါ်မြေအောက်သံယဇာတပစ္စည်းတွေကို စီးပွားရေးအင်အားစုတွေကနေ လက်ဝဲကြီးအုပ်ထုတ်ယူသုံးစွဲခြင်းကို ကြီးကြပ်နိုင်ဖို့အတွက်လည်း အမျိုးသားမြေအသုံးချမှုမူဝါဒတွေနဲ့ မြေယာမူဝါဒတွေကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းနိုင်ဖို့အတွက်လည်း လွှတ်တော်ကနေ ဆက်လက်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ သစ်တောတွေကို စိုက်ပျိုးမြေတွေကို အသုံးပြုလာခြင်းနှင့် အလွန်အကျွံ သစ်ထုတ်လုပ်ခြင်းကြောင့်မို့လို့ သစ်တောတွေပြုန်းတီးလာခြင်းကို သဘာဝနည်းလမ်းတွေနဲ့ ပြုစုပျိုးထောင်ပေးဖို့ကိစ္စနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးပါမယ်။ နောက်တစ်ချက် ဒါကတော့ ကျွန်မတို့ မိုးညှင်းမြို့နယ်မှာ သစ်တောတွေအနေနဲ့ တည်ထောင်ထုပ်လုပ်ထားတဲ့ စိုက်ကွင်းတွေပါပဲ။ သစ်တောကြိုးဝိုင်းတွေ ၁၆ ခုရှိပါတယ်။ အင်းတော်ကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ အတွက် ရေဝေရေလဲထိန်းသိမ်းရေးတွေအတွက်ကို စိုက်ခင်းတွေပြုလုပ်ထားတာတွေရှိပါတယ်။ ဒါပေမဲ့ စိုက်ခင်းဧကတွေဟာ အမှန်တကယ်လုပ်နေတာတွေက ၁၀၀၀ ကျော်ပတ်ဝန်းကျင်ပဲရှိပါတယ်။ ဒါတွေကတော့ အစုအဖွဲ့ပိုင်အနေနဲ့ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေပါ။ ဒါတွေကတော့ အစုအဖွဲ့ ၁၅ ဖွဲ့ ရှိပါတယ်။ သူတို့တွေအနေနဲ့ အမှန်တကယ်တန်ဖိုးရှိတဲ့ ကျွန်းတွေ၊ ပျဉ်းကတိုးတွေ၊ တမလန်းတွေ၊ မဟော်ဂနီတွေဆိုတဲ့ ဒီတန်ဖိုးရှိ သစ်ပင်တွေစိုက်ပျိုးတဲ့နေရာမှာ သူတို့အတွက် ရရှိတဲ့ မြေဧက အတိုင်းအတာဟာ ၆၀၀၀ ပတ်ဝန်းကျင်ပဲရှိပါတယ်။ တကယ်တော့ ကျွန်မတို့ဒေသမှာ စိုက်ပျိုးရေး အတွက်ကို တကယ်အစုအဖွဲ့ပိုင်သစ်တောတွေအနေနဲ့ အဲဒီလိုမျိုး ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် ထိန်းသိမ်းနိုင်ဖို့အတွက်ကလည်း သစ်တောဌာနအနေနဲ့ သစ်တောမြေများကို ရွာပိုင်မြေများအဖြစ်ကိုသော်လည်းကောင်း၊ ကျေးရွာထင်းစိုက်ခင်းများအဖြစ်ကိုသော်လည်းကောင်း၊ စားကျက်မြေများအဖြစ်ကိုသော်လည်းကောင်း အမှန်တကယ်ထိန်းသိမ်းစောင့်ရှောက်မယ့် ရွာသူရွာသားများကို ဧကတွေမြောက်မြားစွာပေးနိုင်ဖို့အတွက် လူထုအသိပညာပေးမှုကိုလည်း ပွင့်လင်းမြင်သာစွာဆောင်ရွက်ပေးသင့်ကြောင်း တိုက်တွန်းလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ် ဦးထွန်းဝေရဲ့အဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုမှာ အဓိကအချက်နှစ်ချက်ပါရှိပါတယ်။ အဲဒီအဓိကအချက်နှစ်ချက်ကိုပေါင်းလိုက်ရင်တော့ ဥပဒေပြဋ္ဌာန်းထားတဲ့အတိုင်း ဥပဒေအတိုင်း အလုပ်လုပ်ပါလို့ တိုက်တွန်းတဲ့အဆိုပဲဖြစ်ပါတယ်။ တကယ်တမ်းတော့ တစ်ခုတည်းပါပဲ။ ပါဝင်တာက

အဓိကအချက်အဖြစ် အချက်နှစ်ချက်ပါတယ်။ အဲဒီအချက်နှစ်ချက်ကို ပြန်ပြီးတော့စုစည်းလိုက်ရင် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအတိုင်း ဆောင်ရွက်ပါဆိုပြီး အစိုးရကို တိုက်တွန်းတာဖြစ်တဲ့အတွက် ဒီအဆိုဟာ ကျွန်တော့်အနေနဲ့ ဆွေးနွေးစရာတောင်မလိုဘူး လို့တောင် ခံစားမိပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီက နည်းဥပဒေပုဒ်မ ၄၅ မှာ ခွင့်ပြုထားတဲ့ သစ်တောမြေတွေကို သတ်မှတ်ထားတဲ့စည်းကမ်းနှင့်မညီဘူး ဆိုရင် နည်းဥပဒေ ၅၇ အရ ပြန်လည်သိမ်းဆည်းဖို့၊ ဒုတိယအချက်ကတော့ ပြန်လည်သိမ်းဆည်းတဲ့ မြေတွေကို သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ဖို့ဆိုပြီး အဆိုရှင်က အဖြစ်ရယ်၊ အနာဂတ်ရယ်ကို နှစ်ခုပေါင်းစပ်ပြီးတော့ အဆိုတင်သွင်းသွားတာဖြစ်ပါတယ်။ အဲဒီတာ့ ကျွန်တော့်အနေနဲ့ သိမ်းဆည်း တယ်ဆိုတာ ဥပဒေနှင့် ညီညွတ်ဖို့လိုပါတယ်။ အဲဒီတော့ ပုဒ်မ ၄၅ အရ ခွင့်ပြုထားတဲ့ဧရိယာတွေဟာ သတ်မှတ်ထားတာ ဘယ်လိုသတ်မှတ်ထားသလဲဆိုရင် ပထမနှစ်မှာ ၁၅ ရာခိုင်နှုန်းစိုက်ရမယ်။ ဒုတိယနှစ်မှာ ၃၀ ရာခိုင်နှုန်းစိုက်ရမယ်။ တတိယနှစ်မှာ ၃၀ ရာခိုင်နှုန်း၊ စတုတ္ထနှစ်မှာ ၂၅ ရာခိုင်နှုန်း စုစုပေါင်းယူထားတဲ့ မြေဟာ လေးနှစ်အတွင်းမှာ အပြီးအပြတ်စိုက်ပျိုးရမယ်လို့ သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီလို ယူထားတဲ့မြေတွေကို အပြီးအပြတ်မစိုက်ပျိုးဘဲနဲ့ လူကြီးတွေလာတဲ့နေရာမှာသာ စိုက်ပျိုးပြီးတော့ အတွင်းထဲမှာ ဘာမှမစိုက်ဘဲနဲ့ ရှိထားတဲ့အပင်တောင်မှ ခုတ်လှဲပြီးတော့ ထင်း အဖြစ်သော်လည်းကောင်း၊ မီးသွေးဖုတ်တာသော်လည်းကောင်း ဒီလိုဆောင်ရွက်တဲ့ အချို့အချို့သော ကုမ္ပဏီလုပ်ငန်းပိုင်ရှင်တွေဟာ တစ်နည်းအားဖြင့် ရာသီဥတုဖောက်ပြန်မှုကို ပိုမိုဖြစ်အောင် ဖန်တီး နေတယ်ဆိုတဲ့ အဖြေကိုလည်း သွားတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီနေ့ ဒီလိုမျိုးမြေတွေ ဧကများစွာ ရယူထားတဲ့ လုပ်ငန်းရှင် ကုမ္ပဏီတွေရဲ့မြေတွေကို ပြန်လည်စိစစ်ပြီးတော့ စည်းကမ်းချက် နဲ့မကိုက်ညီဘူးဆိုရင် ဥပဒေအတိုင်း ပြန်လည်သိမ်းယူပြီးတော့ ဒေသခံကျေးလက်လူထုတွေနဲ့ ပူးပေါင်းပြီးတော့ သစ်တောစိုက်ခင်းတွေ အမှန်တကယ်စိုက်ပျိုးချင်သော၊ အမှန်တကယ်စိုက်ပျိုး နိုင်သော လုပ်ငန်းရှင်အချို့နဲ့ပူးပေါင်းပြီးတော့ ပြန်လည်စိုက်ပျိုးဖို့လိုအပ်ပါတယ်ဆိုတာ ကျွန်တော့် အနေနဲ့ ထောက်ခံတင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံမှာ တန်ဖိုးအရှိဆုံးဟာ လူနှင့် မြေယာ ဖြစ်ပါတယ်။ ဒီလို လူနှင့်မြေယာကို စနစ်တကျအကျိုးရှိရှိအသုံးမချတတ်ရင် ကျွန်တော်တို့ နိုင်ငံဟာ မဝေးသောကာလမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် စားနပ်ရိက္ခာတွေပျက်စီးပြီးတော့ လူမှု အပေါင်းဒုက္ခရောက်စေနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အစိုးရဟာ ဥပဒေအတိုင်း ဘာလို့

မဆောင်ရွက်တာလဲဆိုတာ ကျွန်တော်တော်တော်စဉ်းစားရအကြပ်ဖြစ်ပါတယ်။ အခုအခါမှာ တောင်သူလယ်သမားတွေဟာ နိုင်ငံခြားမှာ သုံးသန်းလောက်ရောက်တယ်။ ဒီကျေးလက်လူထု အလုပ်လက်မဲ့ဖြစ်ပြီးတော့ နိုင်ငံခြားရောက်သွားတဲ့ဟာတွေက ကျွန်တော်တို့တစ်တွေ မြေယာမတရားသိမ်းဆည်းတဲ့ပြဿနာကြောင့်ဖြစ်ပါတယ်။ ဒီလူတွေ ကျွန်တော်တို့မြန်မာနိုင်ငံကို ပြန်လည်ခေါ်ယူပြီးတော့ လုပ်ငန်းအခွင့်အလမ်းတွေပြန်လည်ပြီးတော့ သူတို့စွန့်လွှတ်တဲ့မြေတွေကို ပြန်ပေးဖို့အတွက် ကျွန်တော်တို့မှာ တာဝန်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီလိုစည်းကမ်းမဲ့မညီညွတ်တဲ့ မြေတွေကို ပြန်လည်သိမ်းဆည်းပြီးတော့ လယ်မဲ့ယာမဲ့တောင်သူလယ်သမားတွေကို တစ်နည်းအားဖြင့် အမှန်တကယ်စိုက်ပျိုးတဲ့လုပ်ငန်းရှင်၊ တစ်နိုင်တစ်ပိုင်ဆောင်ရွက်ချင်တဲ့လုပ်ငန်းရှင်အချို့နဲ့ သစ်တောဌာနနဲ့ပူးပေါင်းပြီးတော့ စိုက်ပျိုးလိုသော ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီးတော့ အသုံးချမှုနည်းစနစ်ဆောင်ရွက်ဖို့လိုပါတယ်။ လူနှင့်မြေအသုံးချမှုနည်းစနစ်မရှိတဲ့တိုင်းပြည်ဟာ တစ်နည်းအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲအေးချမ်းသာယာမှုမရှိစေပါဘူး။ ဘယ်နိုင်ငံပဲဖြစ်ဖြစ်ပါ လူနှင့်မြေကို စနစ်တကျအကျိုးရှိရှိအသုံးချမှသာ ရေရှည်တည်တံ့ခိုင်မြဲအေးချမ်းသာယာမှုကို ဖြစ်စေပါတယ်။ ဒုတိယအချက်အနေနဲ့ ပြန်လည်သိမ်းဆည်းသောမြေများအား နိဂုံးချုပ်အနေနဲ့ ကျွန်တော်ပြောရရင်တော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို တောင်သူလယ်သမားများကို တစ်ကြိမ်ပေးရင် ဧက ၅ဝ သာပေးပြီးတော့ လုပ်ငန်းရှင်ကုမ္ပဏီတွေကျတော့ ဧက ၅ဝဝဝဝ ထိ လုပ်ပိုင်ခွင့်ပေးတာဟာ မျှတမှုမရှိဘူး။ တစ်နည်းအားဖြင့် ကျွန်တော်တို့ လက်လွတ်စပယ်ပေးတာဖြစ်တဲ့အတွက် ဒါကိုလည်း ပြင်ဆင်ဖို့လိုအပ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင်တော့ ခုနက တစ်ယောက် ထောက်ခံသွားပါတယ်။ ပြောဆိုသွားပါတယ်။ အဲဒီ ယူထားတဲ့မြေတွေကို အခုထက်ထိ မြေခွန်အထူးနှုန်းတွေနဲ့ စည်းကြပ်မှုမရှိတာလည်း ဝမ်းနည်းဖွယ်ရာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို ကျွန်တော့်အနေနဲ့ လက်တွေ့အကောင်အထည်ဖော်သင့်ပါကြောင်း ဥပဒေအတိုင်း မှန်ကန်တဲ့အတွက် အမြန်ဆုံးဆောင်ရွက်သင့်ပါကြောင်း အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်က ဒေါ်ယဉ်မင်းလှိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ဖြစ်ပါတယ်။ ကျွန်မက ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဝေရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံရဲ့မြေသယံဇာတနှင့် သစ်တောသယံဇာတကို ခေတ်အဆက်ဆက်မှာ ပိုင်ဆိုင်ရေးနှင့်အသုံးချရေးကိုသာ ဦးစားပေးမိခဲ့ကြပြီး ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့အောင်စောင့်ရှောက်ရေးမှာ အားနည်းခဲ့ကြပါတယ်။ အဆိုရှင်ရဲ့အဆိုမှာ သစ်တောများကို အဆင့်မြှင့်တင်ထိန်းသိမ်းစေလိုမှုနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများချထားရာမှာ ဥပဒေနဲ့အညီဖြစ်စေလိုမှု နှစ်ပိုင်းပါဝင်တာကို တွေ့ရှိရပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံရဲ့ ၄၅ ရာခိုင်နှုန်းခန့်ဟာ သစ်တောများရှိနေပြီး ၎င်းတို့အထဲကထက်ဝက်ခန့်က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပိုင် သစ်တောဦးစီးဌာနမှကြီးကြပ်သော ကြိုးဝိုင်းနှင့်ကြိုးပြင်ကာကွယ်တောဖြစ်ပါတယ်။ ကျန်ထက်ဝက်ခန့်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဦးစီးဌာနမှကြီးကြပ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအဖြစ်သတ်မှတ်ထားတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ကျွန်မတို့နိုင်ငံရဲ့ မြေသယံဇာတနှင့် သစ်တောသယံဇာတကို ခွဲခြားသတ်မှတ်ရာမှာ ဝန်ကြီးဌာနနှစ်ခုပါဝင်ပတ်သက်နေတာကို တွေ့ရပါတယ်။ ၎င်းဌာနနှစ်ခုဟာ မြေတစ်မျိုးဟာ သစ်တောအဖြစ် အဆင့်မြှင့်တင်သင့်တာလား။ အဆင့်နိမ့်တောအဖြစ်ကနေ မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် သတ်မှတ်သင့်သလားဆိုတဲ့ ဆုံးဖြတ်ချက်ချရမယ့် အရေးအကြီးဆုံးကဏ္ဍမှာပါဝင်နေပါတယ်။ သစ်မာများပေါက်ရောက်ကျန်ရှိနေပြီး အဆင့်မြှင့်တင်နိုင်တဲ့အခြေအနေမှာရှိနေရင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ်မသတ်မှတ်ဘဲ ကြိုးပြင်ကာကွယ်တောအဖြစ်သတ်မှတ်ပြီး အဆင့်မြှင့်တင်ရမှာက သစ်တောဦးစီးဌာနရဲ့တာဝန်ဖြစ်ပါတယ်ရှင်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ ၎င်းဝန်ကြီးဌာနနှစ်ခုဟာ ပူးပေါင်းဆောင်ရွက်ပြီးတော့ မြေအမျိုးအစားကို ခွဲခြားသတ်မှတ်သင့်ပါတယ်။ ကျွန်မတို့အနေနဲ့ ပထမဦးဆုံးလုပ်ဆောင်သင့်တာက အခြေခံကိန်းဂဏန်းများကို တိကျမှန်ကန်စွာကောက်ယူသင့်ပါတယ်။ မြေအမျိုးအစားများကို ဝန်ကြီးဌာနနှစ်ခုပူးပေါင်းပြီး ပြန်လည်သတ်မှတ်သင့်ပါတယ်။ အဆင့်နိမ့်တောများကို အဆင့်မြှင့်တင်နိုင်ရန် သုတေသနလုပ်ငန်းများ စနစ်တကျဆောင်ရွက်သင့်ပါတယ်။ ကျွမ်းကျင်သူသစ်တောပညာရှင်များ၊ အငြိမ်းစားဌာနေဝန်ထမ်းများရဲ့ စိတ်စေတနာနှင့်အကြံဉာဏ်ကို ရယူသင့်ပါတယ်။ အဆင့်မြှင့်လို့ ဘယ်လိုမှမရနိုင်တဲ့တောကိုမှ မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် သတ်မှတ်သင့်တာဖြစ်ပါတယ်။

**မူကြမ်း**

အဆင့်မြင့်တင်သင့်တဲ့တောတွေကို ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ပြီးမှ ပုဂ္ဂလိကကျွန်းစိုက်ခင်း၊ ပိတောက်စိုက်ခင်း၊ ရာဘာစိုက်ခင်းစတဲ့ စိုက်ခင်းများချထားရာမှာလည်း တာဝန်ယူမှု၊ တာဝန်သိမှုရှိတဲ့၊ အမှန်တကယ်ရင်းနှီးမြှုပ်နှံလိုတဲ့ နည်းစနစ်တကျစိုက်ပျိုးလိုသူ လုပ်ငန်းရှင်များကို သေချာစွာစိစစ်ရွေးချယ်ချထားသင့်ပါတယ်။ နေရာဦးရုံသက်သက်ရယူပြီးတော့ စိုက်ပျိုးရေးကို အယောင်ပြရုံလုပ်ပြီး လက်လွှဲရောင်းချမှုတွေရှိနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ လူမြင်ကွင်းမှာကြည့်ကောင်းရုံစိုက်ပြီး အတွင်းမှာကွင်းပြင်ဖြစ်နေတာတွေကိုလည်း တွေ့ရှိရပါတယ်။ အမှန်တကယ်စိုက်ပျိုးရာမှာလည်း နိုင်ငံတော်နှင့်လုပ်ငန်းရှင် နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် ပညာရှင်များရဲ့အကူအညီနဲ့ နည်းစနစ်တကျ ကြီးကြပ်အကြံဉာဏ်ရယူစိုက်ပျိုးစေသင့်ကြောင်း သစ်တောဦးစီးဌာနကို အကြံပြုလိုပါတယ်။ ပမာဏကြီးစွာလျှောက်ထားရယူ၍ ရှိနေတဲ့သစ်ကိုထုတ်ယူပြီး အယောင်ပြသာစိုက်ပျိုးသူတို့ကိုတော့ ဥပဒေနှင့်အညီ ပြန်လည်စိစစ်သိမ်းယူသင့်ကြောင်းကို ထောက်ခံတင်ပြလိုပါတယ်ရှင်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့်ပတ်သက်ရင်လည်း ဥပဒေကိုလက်တစ်လုံးခြားလုပ်လိုသူတို့က မူလတောင်သူတွေရှိနေတဲ့မြေတွေကို သက်ဆိုင်ရာအကျင့်ပျက်ဝန်ထမ်းတချို့နဲ့ပူးပေါင်းပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ်လျှောက်ထားရယူကြပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာ ယခုတိုင်ဖြေရှင်းနေရဆဲ လယ်ယာမြေပြဿနာများရှိပါတယ်။ ဒီတစ်ခေါက် လွှတ်တော်နားရက်အတွင်းမှာဖြေရှင်းရဆဲ မပြီးပြတ်သေးပါဘူးရှင်။ ရှေးမိရိုးဖလာတောင်သူတွေဟာ ပိုင်ဆိုင်မှုအထောက်အထားတွေ ခိုင်မာစွာတင်ပြနိုင်ခြင်းမရှိပါဘူး။ မြေခွန်ပြေစာတောင်မှ သိမ်းထားရမှန်းသိသူနည်းပါးပါတယ်။ ဒီလိုတောင်သူတွေပိုင်ဆိုင်တာကို တစ်မြို့လုံး၊ တစ်နယ်လုံးသိပါရက်နဲ့ မြေလွတ်ပါ၊ မြေလပ်ပါ၊ မြေရိုင်းပါလို့လျှောက်ထားကြသူတွေဟာ နိုင်ငံအနှံ့ရှိနေပါတယ်။ ကျွန်မတို့နိုင်ငံမှာ မြေမဲ့၊ ယာမဲ့ဟာ သုံးပုံတစ်ပုံရှိတာဖြစ်ပါတယ်။ နိုင်ငံရပ်ခြားမှာအလုပ်လုပ်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားအများစုသည်လည်း မြေယာမရှိသူတွေဖြစ်ပါတယ်။ အမှန်တကယ်မစိုက်ပျိုးဘဲ နေရာဦးသူ၊ မြေကိုလက်ဝါးကြီးအုပ်လိုသူများကြောင့် ကျွန်မတို့နိုင်ငံရဲ့ကုန်ထုတ်စွမ်းအားတွေ ကျဆင်းနေတာကိုပြောင်းလဲဖို့အတွက် မြေယာမဲ့တွေကို မြေယာများဖော်ထုတ်ပေးရန် စီစဉ်လုပ်ဆောင်သင့်ကြောင်းကိုလည်း အကြံပြုလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ နောက်ဆုံးအနေနဲ့ အကြံပြုလိုတာကတော့ ဥပဒေချမှတ်ထားခြင်းရဲ့ ရည်ရွယ်ချက်နှင့်စေတနာကို အကောင်အထည်ဖော်သူတို့က

မျက်ခြေမပြတ်သင့်ပါဘူးရှင်။ ဒီမြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေရဲ့ ရည်ရွယ်ချက်က သစ်တောလို့ မဖြစ်နိုင်တော့တဲ့နေရာတွေကို စီးပွားရေးလုပ်ငန်းရှင်တို့ရဲ့ အရင်းအနှီး၊ စေတနာ၊ အင်အားတို့နဲ့ နိုင်ငံတော်နှင့်လုပ်ငန်းရှင် နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် အလုပ်လုပ်ကြဖို့ဖြစ်ပါတယ်။ အမှန်တကယ် အလုပ်လုပ်လိုသူတွေနဲ့ ရောယောင်ပြီး နေရာဦးသူတွေကိုတော့ ကိုယ်စားလှယ်ကြီး ဦးထွန်းဝေ တင်ပြခဲ့သလိုပဲ ဥပဒေနှင့်အညီ ပြတ်ပြတ်သားသားဆောင်ရွက်သင့်ပါကြောင်း အကြံပြုထောက်ခံ ဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်က ဦးမြတ်လေးဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြတ်လေးဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖောင်းပြင်မဲဆန္ဒနယ်က ဦးထွန်းဝေရဲ့ အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုရဲ့အားနည်းချက်နှင့် ဥပဒေရဲ့အားနည်းချက်တွေကို ထောက်ပြပြီးအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုမှာပါတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ နည်းဥပဒေ ၄၅ အရ ခွင့်ပြုခဲ့သည့်သစ်တောမြေများလို့ဆိုထားတဲ့အတွက် ယခုဖြစ်ပေါ်နေတဲ့ကိစ္စဟာ သစ်တော နယ်မြေဖြစ်တဲ့ ကြိုးဝိုင်းတောနှင့်ကြိုးပြင်ကာကွယ်တောတွေမှာ တွေ့ကြုံနေရတဲ့ကိစ္စဖြစ်တယ်လို့ ကျွန်တော် ယူဆနိုင်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲငယ်(င)နှင့်(စ)တို့အရ သစ်တောဦးစီးဌာနက တရားဝင်ပယ်ဖျက်ထားတဲ့ ကြိုးဝိုင်းသစ်တော မြေတွေကိုသာ မြေလပ်၊ မြေရိုင်းအဖြစ် သတ်မှတ်တာဖြစ်ပါတယ်။ ဒ့ါအပြင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ အခန်း(၃) ပုဒ်မ ၆ ပုဒ်မခွဲငယ်(ဂ)မှာ ကြိုးဝိုင်းတောနှင့်ကြိုးပြင်ကာကွယ်တောများ ဖြစ်တဲ့ သစ်တောနယ်မြေများကို ထိခိုက်မှုမရှိစေရေး သစ်တောရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်လို့ ဖော်ပြထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်တွေကိုကြည့်ခြင်း အားဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေနဲ့ သစ်တောနယ်မြေတွေကို စီမံပိုင်ခွင့်မရှိဘူးဆိုတာ သိသာပါတယ်။ သစ်တောနယ်မြေ နဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှဟာ သစ်တောရေးရာဝန်ကြီးဌာနရဲ့ စီမံပိုင်ခွင့်ရှိတယ်ဆိုတာ သိသာစေပါ တယ်။

**မူကြမ်း**

နောက်တစ်ခုတင်ပြလိုတာကတော့ သစ်တောရေးရာဝန်ကြီးဌာနမှ ပယ်ဖျက်ပြီးဖြစ်တဲ့ ကြိုးဝိုင်း သစ်တောမြေဆိုလျှင်လည်းပဲ သစ်တောမြေလို့မသုံးသင့်တော့ဘဲ ဥပဒေနှင့်အညီ မြေလွတ်၊ မြေရိုင်း လို့သာသုံးရတော့မှာဖြစ်ပါတယ်။ ဒါ့အပြင် သစ်တောမြေများဖြစ်တဲ့ ကြိုးဝိုင်းတောမြေလည်းမဟုတ် ဘူး။ ကြိုးပြင်ကာကွယ်တောလည်း မဟုတ်ဘူး။ သစ်တော၊ သစ်ပင်တွေရှိနေ၊ ပေါက်နေလို့ သစ်တော မြေလို့ဆိုလိုတာလား။ ရှင်းလင်းစွာရေးသားတင်ပြသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ အဆို ရဲ့သဘောအရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ စီရင်ပိုင်ခွင့်မရှိတဲ့ သစ်တောမြေကို စီရင်နေတဲ့ပုံစံဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ အဆိုရှင်အနေနဲ့ အဆိုများတင်ပြတဲ့အခါ မှာ ဥပဒေ၊ နည်းဥပဒေတွေကို သေချာလေ့လာပြီးမှ တိကျခိုင်လုံစွာရေးသားတင်ပြသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် သစ်တောဥပဒေ၊ နည်းဥပဒေများအရ လုပ်ပိုင်ခွင့်ချထားတဲ့ သစ်တောစိုက်ခင်းတွေပဲဖြစ်ဖြစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဥပဒေအရချထားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုတူးဖော်ရေး၊ အခြားလုပ်ငန်း မည်သည့်လုပ်ငန်းမဆို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် သက်ဆိုင်ရာသတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေ၊ ညွှန်ကြားချက်တွေကို လိုက်နာရမှာပဲဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောရေးရာဝန်ကြီးဌာနမှခွင့်ပြုထားတဲ့ သစ်တောစိုက်ခင်းများ ဟာလည်း ဥပဒေ ပုဒ်မ ၁၃၊ ၁၄၊ ၁၅၊ ၁၆ တို့အရ စိုက်ခင်းအမျိုးမျိုးကို နည်းဥပဒေ ပုဒ်မ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀ တို့ပါပြဋ္ဌာန်းချက်များကို အခြေခံပြီး ပုဒ်မ ၄၁ ပါ စည်းကမ်းချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သစ်တောနည်းဥပဒေ ပုဒ်မ ၃၆ အရ စိုက်ခင်းတွေတည်ထောင်တဲ့နေရာ မှာလည်း ပျက်စီးနေတဲ့သစ်တောတွေ၊ တန်ဖိုးနည်းနေတဲ့သစ်တောတွေနေရာမှာသာ စိုက်ခင်း တည်ထောင်ခွင့် ပြုရမှာဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာလည်းပဲ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီတဲ့သစ်တော၊ သစ်ပင်တွေ၊ ကောင်းတဲ့သစ်မျိုးတွေကိုရွေးချယ်ပြီး သဘာဝဝန်းကျင်မပျက်စီး စေတဲ့နည်းတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခုဖြစ်နေတာကတော့ ပျက်စီး နေတဲ့တောကိုကောင်းအောင်လုပ်ဖို့၊ တန်ဖိုးနည်းတဲ့သစ်တောကို တန်ဖိုးမြှင့်ဖို့၊ သဘာဝဝန်းကျင်ကို ကာကွယ်ဖို့ထက် ကောင်းမွန်နေတဲ့သစ်တောထဲက ကျွန်တော်တို့ရဲ့ သစ်သယံဇာတတွေကို မျက်စောင်းထိုးပြီး ကိုယ်ကျိုးရှာအမြတ်ထုတ်နိုင်ဖို့အတွက် ဦးစားပေးလုပ်ကိုင်နေတာကို တွေ့နေရပါ တယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ၊ နည်းဥပဒေများနဲ့ခွင့်ပြုထားတဲ့ လုပ်ငန်းအတော်များများ ဟာလည်း အထက်ကတင်ပြခဲ့တဲ့အတိုင်းပဲဖြစ်ပါတယ်။ ဥပဒေမှာပြဋ္ဌာန်းထားတဲ့ စည်းမျဉ်း၊ စည်းကမ်း

တွေ၊ လိုက်နာရမယ့်ဥပဒေတွေကို မျက်ကွယ်ပြုပြီး ထင်သလိုလုပ်နေတာဟာ နိုင်ငံနဲ့အနှံ့ဖြစ်ပါတယ်။ အသီးအနှံတွေစိုက်ပျိုးဖို့၊ နှစ်ရှည်ပင်တွေစိုက်ပျိုးဖို့ လျှောက်ထားပြီးတော့ ယခုအချိန်ထိမစိုက်ပျိုးဘဲထား၊ နောက်တော့ တောင်သူလယ်သမားတွေနဲ့ပြဿနာတွေဖြစ်လို့ တိုင်ကြားစာတွေကလည်း ဒလပုံပဲ ဖြစ်ပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ဘယ်လောက်အထိ စည်းမျဉ်း၊ စည်းကမ်းမဲ့တယ်။ ဥပဒေမဲ့ဖြစ်နေတယ်ဆိုတာ မှန်းဆနိုင်ပါတယ်။ အဲဒီလိုဖြစ်နေတာဟာ ဘယ်ကစဖြစ်လာသလဲဆိုတော့ အဲဒီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေတွေ၊ နည်းဥပဒေတွေပေါ်လာပြီးနောက် မြေကွက်တွေကို ဧကထောင်သောင်းချီပြီးခွင့်ပြုတာကနေမှစပြီး ဖြစ်လာတယ်လို့ဆိုချင်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဘယ်ဥပဒေနဲ့ပဲခွင့်ပြုခွင့်ပြု ဥပဒေပါစည်းကမ်းချက်တွေနဲ့အညီ ပြန်လည်စိစစ်သင့်ပါကြောင်း တင်ပြလိုပါတယ်။ အဲဒီလိုစိစဉ်ပြီးတော့မှ စည်းကမ်းပျက်ကွက်သူများကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေအရရုပ်သိမ်းပြီးတဲ့သစ်တောမြေ၊ မြေလွတ်၊ မြေရိုင်းတွေကိုလည်းပဲ ပြန်လည်ပြီးတော့မှ ပြုစုပျိုးထောင်ဖို့အတွက် ပြန်လည်သုံးသပ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ယခုပြဋ္ဌာန်းထားတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေတွေဟာ (၁) သဘာဝဝန်းကျင်ကို ပြုစုပျိုးထောင်ရာမရောက်ဘဲ ဖျက်ဆီးရာရောက်နေခြင်း၊ (၂) ဒေသခံပြည်သူတွေအတွက် အခွင့်အရေးနည်းပါးပြီးတော့မှ ပြစ်မှုနှင့်ပြစ်ဒဏ်ကြီးမားနေခြင်း၊ (၃) လက်တစ်ဆုပ်စာလုပ်ငန်းရှင်ကြီးများအတွက်သာ အခွင့်အရေးပေးထားခြင်း၊ (၄) တရားမျှတမှုမရှိခြင်း စတဲ့အချက်များကြောင့် ယခုလက်ရှိဥပဒေဟာ မြန်မာ့ရဲ့ရေမြေ၊ သဘာဝဝန်းကျင်တွေအတွက် မပြုသဘောမဆောင်ဘဲ အဖျက်သဘောဆောင်နေတဲ့ အက်ဆစ်မိုးကပ်ဆိုးကြီးအသွင်ဆောင်နေခြင်းကြောင့် အမြန်ဆုံးရုပ်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများပြုသင့်ပါကြောင်း အကြံပြုထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်က ဦးနိုင်နိုင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ အဆိုရှင်တင်သွင်းထားတဲ့ စည်းကမ်းချက်များ

နှင့် မညီညွတ်သော လုပ်ကွက်မြေဧရိယာများအား နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများအဖြစ် ပြန်လည်ရုပ်သိမ်း၍ သဘာဝ နည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက် တွန်းကြောင်းအဆိုကို အကြံပြုရင်း ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ရေမြေရာသီဥတုကောင်းမွန်တဲ့အတွက် နှစ်ပေါင်းများစွာ ကမ္ဘာပေါ်မှာ အကောင်းဆုံးဆိုတဲ့သစ်တွေကို ထုတ်ယူနိုင်ခဲ့တဲ့သစ်တောကြီးတွေကို ပိုင်ဆိုင်ခဲ့တာပါ။ အခုအချိန်မှာတော့ နှစ်ပေါင်းများစွာ စည်းမဲ့ကမ်းမဲ့သစ်ထုတ်ခဲ့တာကြောင့် သစ်တောတွေပြုန်းတီး လာတာနဲ့အတူ ရာသီဥတုဖောက်ပြန်တာ၊ ရေကြီးရေလျှံတာတွေကို ရင်ဆိုင်လာရပါပြီ။ နိုင်ငံတော်မှ မွေးမြူရေး၊ ဓာတ်သတ္တု၊ နှစ်ရှည်ပင်တွေ စိုက်ပျိုးဖို့အတွက် လုပ်ကွက်တွေဖော်ထုတ်ပြီး၊ ဧကသန်းချီချထားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်လာတာကို တွေ့ရပါတယ်။ ဒါပေမဲ့ လုပ်ပိုင်ခွင့်ရရှိ ထားတဲ့လုပ်ငန်းရှင်တချို့က လုပ်ကွက် တွေထဲက တန်ဖိုးရှိတဲ့ သစ်တွေကို ထုတ်ယူသွားပြီး အနည်း အကျဉ်းသာ ဟန်ပြလုပ် ဆောင်ခဲ့တဲ့ အတွက်၊ နိုင်ငံတော်အတွက် အကျိုးမရှိဖြစ်ခဲ့တာတွေရှိပါတယ်။ များသောအားဖြင့် မြေနေရာ ရရှိချင်လို့သာ လုပ်ဆောင်ကြတာကို တွေ့ရပါတယ်။ သစ်တောစိုက်ကွင်း တွေဖော်ထုတ်လို့ရှိတဲ့ သစ်တွေသာကုန်ပြီး ပိုမိုပြုန်းတီးသွားအောင် ဆောင်ရွက်လိုက်သလို ဖြစ်လာ စေပါတယ်။ ယခုအစိုးရလက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တစ်နိုင်ငံလုံးသစ်ထုတ်ခွင့် ရပ်ဆိုင်းထားခဲ့ပြီး ရှေ့နှစ်မှာလည်း အကန့်အသတ်နဲ့သာ သစ်ထုတ်လုပ်ခွင့်ပြုသွားမယ်လို့ သိထားရ ပါတယ်။ ဒါဟာ သစ်တောတွေပြန်လည်ပြုစုပျိုးထောင်ဖို့အတွက် အင်မတန်ကောင်းတဲ့ဆုံးဖြတ်ချက် ပါ။ ထိုနည်းတူ သစ်တောတွေပြန်လည်ပြုစုပျိုးထောင်ဖို့ အဆိုရှင်ဆွေးနွေးထားသလို နည်းဥပဒေ ပုဒ်မ ၄၅ အရ ခွင့်ပြုခဲ့တဲ့သစ်တောမြေတွေကို စိစစ်ပြီး စည်းကမ်းတွေနဲ့ကိုက်ညီမှုမရှိတဲ့ လုပ်ကွက် မြေဧရိယာများကို ပြန်လည်ရုပ်သိမ်းသင့်သလို လုပ်ပိုင်ခွင့်ချထားခဲ့ပေးပြီးသော လုပ်ကွက်တွေကို ပြန်လည် အသေးစိတ် စိစစ်လေ့လာပြီး လုပ်ပိုင်ခွင့်ပြုထားရန်မသင့်ဘဲ ချထားခဲ့တဲ့လုပ်ကွက်တွေကို လည်း ပြန်လည် ရုပ်သိမ်းဖို့ ဆောင်ရွက်စေချင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ဒေသရဲ့ သစ်တောမြေ မှာ ပုဂ္ဂလိက သစ်တောစိုက်ခင်းနဲ့ပတ်သက်ပြီး အနည်းငယ် ကျွန်တော် တင်ပြချင်ပါတယ်။ တမူးခရိုင်၊ တမူးမြို့နယ် ကဘော်ကြိုးဝိုင်းလုပ်ကွက်အတွင်းမှာ Triple Cycle Industry Co.,Ltd က ပုဂ္ဂလိက သစ်တော စိုက်ကွင်းဆောင်ရွက်ရန်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တင်ဒါလုပ်ကွက်အမှတ်(၂၆)နဲ့ (၂၇)မှာ ဧက စုစုပေါင်း ၅၂၀၀ တင်ဒါအောင်မြင်ခဲ့ပါတယ်။ ထူးခြားတာက ဒီဧက ၅၂၀၀ က

သစ်တောစိုက်ခင်းအဖြစ် ဖော်ဆောင်ခွင့်ပေးထားတဲ့ လုပ်ကွက်အမှတ်(၂၆)နဲ့(၂၇)နေရာသည် လူဦးရေ ၅၉၃၀၀ ကျော်ရှိတဲ့ တမူးမြို့နယ်နဲ့ တစ်မိုင်ခွဲဝန်းကျင်သာဝေးပါတယ်။ မြို့နဲ့ အင်မတန်ကို နီးပါတယ်။ အဲဒီနေရာမှာ ဒီ ဧက ၅၂၀၀ လုပ်ကွက်ကို ချထားပေးတာဖြစ်ပါတယ်။ ပတ်ဝန်းကျင်မှာ လည်း ဒီကျေးရွာတွေရှိနေတာကြောင့် နောင်အခါတိုးပွားလာမယ့် လူဦးရေ၊ အိမ်ရာ၊ လယ်မြေ၊ ယာမြေ၊ ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွေအတွက် အခက်အခဲရှိလာနိုင်ပါတယ်။ အဲဒီလုပ်ကွက်တွေချထားပေး တာနဲ့ပတ်သက်ပြီး ဒေသခံပြည်သူတွေကို အဲဒီတုန်းက အစိုးရအဖွဲ့မှာ တာဝန်ရှိသူတွေက ပွင့်လင်း မြင်သာစွာ ချပြရှင်းလင်းခဲ့တာ မရှိပါဘူး။ ဧကပေါင်း ၅၂၀၀ ကို လုပ်ကွက်တွေ အပြည့်ချထားပေး လိုက်တဲ့၊ ပတ်ဝန်းကျင်ကျေးရွာ တွေမှာရှိတဲ့ ပြည်သူတွေအတွက် နှစ်စဉ်အိမ်သုံးထင်းတွေ အမိုးအကာ အတွက် သက်ကယ်၊ ဝါး လိုအပ် ချက်တွေ၊ ကျွဲ၊ နွားတွေ စားကျက်တွေအတွက် အခက်အခဲတွေလည်း တွေ့လာနေရပါပြီ။ နည်းဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ(င)မှာဖော်ပြထားတဲ့ ဒေသခံပြည်သူတို့ရဲ့ လူနေမှု အဆင့်အတန်းမြင့်မားရေးနဲ့ ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေခြင်းဆိုပေမယ့် ဒီနေ့အထိတော့ ကုမ္ပဏီအနေနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်ထားတာ တစ်ခုမှမတွေ့ရပါဘူး။ ဒေသခံပြည်သူ တွေရဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာတာလည်း မတွေ့ရပါဘူး။ ဒါကြောင့် ဒီလိုလုပ်ကွက်မျိုးတွေ ကိုလည်း ခွင့်ပြုချက်မပေးသင့်တဲ့ လုပ်ကွက်တွေဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့နိုင်ငံ ဟာ ရေမြေရာသီဥတုကောင်းမွန်တဲ့ အတွက် သစ်တောတည်ဆောက်ဖို့ အထူးတလည်စိုက်ပျိုးနေစရာ တောင်မလိုပါဘူး။ လက်ရှိစည်းမဲ့ ကမ်းမဲ့ထုတ်ယူခဲ့လို့ ပြုန်းတီးသွားတဲ့တောတွေကို ဥပဒေနှင့်အညီ ကာကွယ်ပြီး နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ငါးနှစ်၊ ၁၀ နှစ်အတွင်း သဘာဝ အလျောက်တောတွေဟာ ပြန်လည်ရှင်သန်လာနိုင်ပါတယ်။ သစ်တောပြုန်းတီးတာဟာ သစ်ခုတ်တာ တစ်ခုတည်းကြောင့်မဟုတ်ဘဲ သတ္တုတူးဖော်တာ စိုက်ပျိုးမြေအဖြစ် ပြောင်းလဲအသုံးပြုတာကြောင့် ဥပဒေကို စိုးမိုးအောင်လုပ်ပြီး သစ်တောမြေကို ထိထိရောက်ရောက် ကာကွယ်ပေးမယ်ဆိုရင် သဘာဝနည်းလမ်းအနေနဲ့ သစ်တောပြုစုပျိုးထောင်ရေးကို မလုပ်နိုင်စရာအကြောင်းမရှိပါဘူး။ သို့ဖြစ်ပါ၍ ဦးထွန်းဝေရဲ့စည်းကမ်းချက်များနှင့် မညီညွတ်သော လုပ်ကွက်မြေဧရိယာများအား နည်းဥပဒေပုဒ်မ ၅၇ အရ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့် ရှိတဲ့မြေများအဖြစ် ပြန်လည်ရုပ်သိမ်း၍ သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ခြင်းအပြင် ချမှတ်ခွင့်ပြုရန် မသင့်လျော်ဘဲ ချမှတ်ခွင့်ပြုထားခဲ့တဲ့ လုပ်ကွက်များအားလည်း စနစ်တကျ ပြန်လည်စိစစ်ပြီး

နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှုမရှိပါက ပြန်လည်ရုပ်သိမ်းခြင်းကို ဆောင်ရွက်ပေးပါရန် အကြံပြုဆွေးနွေးရင်း ဦးထွန်းဝေရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒေးဒရဲမဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်ညို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေးဒရဲမဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်ညို ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ၁-၁၂-၂၀၁၆ ခုနှစ်က ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေတင်သွင်းသွားသော နိုင်ငံတစ်ဝန်း စိုက်ပျိုးလုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ရန်ခွင့်ပြုခဲ့သည့် သစ်တောမြေများအား စိစစ်ပြီးနည်းဥပဒေအရ စည်းကမ်းချက်များနှင့်မညီညွတ်သော လုပ်ကွက်ဧရိယာများအား နိုင်ငံတော်မှစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများအဖြစ် ပြန်လည်သိမ်းဆည်းရေးနှင့် သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်။ အဲဒီဥပဒေမှာဆိုထားတာက အာမခံပေးသွင်းနိုင်သောသူများကို ဧကများစွာ နှစ်ရှည်စိုက်ပျိုးပင် နှစ် ၃၀ ခွင့်ပြုထားပါတယ်။ စည်းကမ်းပါအတိုင်း စိုက်ပျိုးခဲ့လို့ရှိရင် နောက်ထပ်ဧကများစွာ နှစ်ရှည်ထပ်ငှားနိုင်တယ်လို့ ဆိုထားပါတယ်။ သို့သော်လည်း အဆိုရှင်၏ တွေ့ရှိချက်အရ သူ၏နယ်မြေမှာ စိုက်ပျိုးခြင်းမရှိဘဲနဲ့ သစ်တောများကိုသာ ခုတ်သွားကြောင်းတွေ့ရှိရသည်ဟုဆိုပါတယ်။ ထိုသည်ကိုစိစစ်ဖို့ အဆိုရှင်က တိုက်တွန်းခြင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ထောက်ခံအပ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံကို သဘာဝက မျက်နှာသာပေးထားလို့ သစ်တောဧရိယာများ အများဆုံးဖုံးလွှမ်းနေတာရှိပါတယ်။ ၁၉၉၉ ခုနှစ်ထိ သစ်တောဖုံးလွှမ်းမှုဟာ ၅၈ ရာခိုင်နှုန်းထိ ရှိခဲ့ပါတယ်။ အခု ၂၀၁၅ ခုနှစ်နောက်ပိုင်း တိုင်းတာချက်အရ ၄၄.၁၄ ရာခိုင်နှုန်းသာ သစ်တောကျန်တော့ပါတယ်။ မြန်မာ့ကျွန်းသစ်အရည်အသွေးကလည်း ကမ္ဘာမှာ နံပါတ်(၁)ဖြစ်ပါတယ်။ ဒီကျွန်းတောတွေကို ကျွန်မတို့ဘိုးဘွားများက အလွန်မြတ်နိုးတန်ဖိုးထားခဲ့ကြပါတယ်။ ရှေးဘုရင်လက်ထက်ကလည်း ဒီကျွန်းတောတွေကြောင့်ပဲ စစ်ဖြစ်ခဲ့တာ အားလုံးသိကြပါတယ်။ ထိုကဲ့သို့ ဘိုးဘွားများ အမွေထားပေးခဲ့တဲ့ သစ်တောတွေကို ကျွန်မတို့လက်ထက်မှာ ပျက်စီးဆုံးရှုံးမယ်။ လျစ်လျူရှုကြမယ်။ မပြုစုမပျိုးထောင်ကြဘူးဆိုရင် ကျွန်မတို့ဟာ နောင်မျိုးဆက်သစ်များအတွက် တာဝန်မကျေရာကျပါမယ်။

သစ်တောများကို အမွေထားပေးခဲ့ချင်ပါတယ်။ ကမ္ဘာ့သစ်တောများ ပျက်စီးဆုံးရှုံးမှုအထဲမှာ မြန်မာနိုင်ငံဟာ တတိယနေရာမှာ ရှိနေပါတယ်။ သတင်းများအရ တရားမဝင်သစ်ခိုးခုတ်ယူခြင်းနှင့် သဘာဝဂေဟစနစ်ပျက်စီးယိုယွင်းမှုကြောင့် မြန်မာ့သစ်တောများဟာ သစ်တောအဆင့်အတန်းနှင့် အရည်အသွေးလျော့နည်းကျဆင်းလာကြောင်း သိရပါတယ်။ ထို့ကြောင့် သစ်တောဦးစီးဌာနက သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို တိုးချဲ့ ဖွဲ့စည်းနေပြီး ပျက်စီးပြုန်းတီးသည့်သစ်တောသစ်ပင်များကို သစ်တောစိုက်ခင်းဖြင့် ပြန်လည်တည်ထောင်မယ်လို့ သိရတဲ့အတွက် ကြိုဆိုပါတယ်။ သစ်ခုတ်ဝိသမလောဘသမားများ၏လောဘကတော့ ဘယ်တော့မှဆုံးမှာ မဟုတ်ပါဘူး။ ကာကွယ်ထိန်းသိမ်းမှုမရှိရင် ဆက်ခုတ်နေမှာပါပဲ။ သစ်တောပြုန်းတီးသွားတဲ့အတွက် နောက်ဆက်တွဲဆိုးကျိုးတွေခံစားနေရသူကတော့ မြန်မာပြည်သူပြည်သားတွေပဲဖြစ်ပါတယ်။ သစ်ခုတ်ပြီးတော့ ကျန်ခဲ့တဲ့ တောင်ကတုံးကနေစီးဆင်းလာတဲ့နုန်းတွေပို့ချလို့ မြန်မာပြည်သူတွေချစ်တဲ့ ဧရာဝတီကလည်း အလှပျက်ယိုယွင်းနေပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်၊ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါ။ ဧရာဝတီမြစ်အထက်ပိုင်းကနေ အောက်ဘက်အထိ သောင်ကျွန်းများ အကြီးအကျယ်ထွန်းနေပါတယ်။ ဒီဥစ္စာက မြင်းခြံအတွင်းမှာရှိတဲ့ ဧရာဝတီရဲ့အနေအထားပါ။ ပခုက္ကူမှာရှိတဲ့ ဧရာဝတီမြစ်၏ကျွန်းထွန်းနေပုံပါ။ ပခုက္ကူနားမှာရှိတဲ့ကျွန်းပါ။ ပုဂံ/ညောင်ဦးနားမှာရှိတဲ့ ကျွန်းတွေထွန်းနေပုံပါ။ ဆိပ်ဖြူ ချောက်မှာရှိတဲ့ ဧရာဝတီရဲ့ကျွန်းတွေပါ။ ဆင်ဖြူရှင်တံတားမှာရှိတဲ့ သောင်တွေထွန်းနေပုံပါ။ ရေနံချောင်းနားမှာရှိတဲ့ ကျွန်းတွေပါ။ မကွေး၊ မင်းဘူးနားမှာရှိတဲ့ ဧရာဝတီမြစ်ရဲ့ကျွန်းတွေပါ။ မင်းလှနားမှာရှိတဲ့ ကျွန်းတွေပါ။ ကံမမြို့နားမှာရှိတဲ့ကျွန်း၊ ပြည်၊ ပန်းတောင်းနားမှာရှိတဲ့ကျွန်း၊ မိုးညိုနားမှာရှိတဲ့ကျွန်း၊ မအူပင်နားမှာရှိတဲ့ကျွန်းတချို့နဲ့ ကျွန်မတို့ဒေးဒရဲနားမှာရှိတဲ့ကျွန်း၊ ဒါက မုတ္တမပင်လယ်ကွေ့ ထွက်ပေါက်မှာခံနေတဲ့ကျွန်းတွေပါ။ သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ပြီး ပူပြင်းတာတွေကလည်းရှိနေပါတယ်။ ခုနကပြောတဲ့ကျွန်းတွေရှိခဲ့တဲ့အတွက်ကြောင့်မို့လို့ မိုးရာသီမှာ မိုးရွာတဲ့အခါမှာ မြန်မာပြည်(မြောက်ပိုင်း)ကနေ စီးဆင်းလာသောရေတွေနဲ့ မိုးရွာလို့ မိုးကြီးတဲ့ စီးလာတဲ့ရေတွေကို ခုန ပြောတဲ့ ဧရာဝတီနဲ့မြစ်တွေဟာ မထိန်းသိမ်းနိုင်တော့ပါဘူး။ ဒါကြောင့်မို့လို့ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မြန်မာပြည်အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်အထက်ပိုင်းတွေမှာ မြစ်ကရေကြီးနစ်မြုပ်မှုတွေဟာ အကြီးအကျယ်ဖြစ်ခဲ့ပါတယ်။ တစ်နှစ်ထက်တစ်နှစ်လည်း ပိုဆိုးလာပါတယ်။ တစ်နှစ်ကို ဘီလီယံများစွာသောငွေတွေဆုံးရှုံးနေမယ်ဆိုရင် မြန်မာ့စီးပွားရေးနာလန်ထူဖို့မလွယ်ပါဘူး။ ရေကြောင်းတွေ ပြောင်းလဲလာတဲ့

**မူကြမ်း**

အတွက်ကြောင့်မို့လို့ တစ်ဖက်ကသောင်ထွန်း၊ တစ်ဖက်က ကမ်းပြိုဖြစ်နေတဲ့အတွက် ကြောင့်မို့လို့ မြို့တွေ၊ ရွာတွေရဲ့ အော်သံကိုလည်း အနှံ့အပြားကြားနေရပါတယ်။ သစ်တောပြုန်းတီးလို့၊ ရာသီဥတုဖောက်ပြန်လို့ နွေရာသီပူပြင်းတာကလည်း ၂၀၁၄ ခုနှစ်မှာ စံချိန်တင်ပူပြင်းပြီးတော့ ၂၀၁၅ ခုနှစ်မှာ ၂၀၁၄ ခုနှစ်ထက်ပိုဆိုးမယ်။ ၂၀၁၆ ခုနှစ်မှာ ၂၀၁၅ ခုနှစ်ထက်ပိုပူလိမ့်မယ်လို့ ဆိုပါတယ်။ နောင်လာမည့် နှစ်တွေမှာရောဘယ်လိုဖြစ်မှာပါလဲ။ ရာသီဥတုဖောက်ပြန်လို့ ဥတုရာသီပေါ်မှာမှီနေတဲ့ စိုက်ပျိုးသီးနှံ တွေကလည်း အထွက်လျော့အရည်အသွေးမမီ ဖြစ်နေပါတယ်။ Cost Effective ပြန်တွက်ကြည့်မယ်ဆိုလို့ရှိရင် ရေကြီးလို့ ပျက်စီးဆုံးရှုံးရတဲ့လယ်ဧကတွေ၊ သစ်တောဆုံးရှုံးရတာတွေ ဟာ အခုသစ်တောစပြီး ခုတ်ထွင်မယ့် လယ်ဧကတွေမှာရတဲ့အကျိုးထက် ပိုပြီးတော့များပြားစွာ ဆုံးရှုံးမယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ နောက်ထပ်သစ်တောများကို ကျွန်မအနေနဲ့ ထပ်မခုတ် စေချင်တော့ပါဘူး။ သစ်တောပင်များကို သစ်တောကောင်းအဖြစ် ပြုစုပျိုးထောင်တာဟာ နိုင်ငံတော် အတွက် ပိုပြီးအကျိုးရှိမယ်ထင်ပါ တယ်။ ဒါကြောင့်မို့လို့ ဖောင်းပြင်မဲဆန္ဒနယ်က ဦးထွန်းဝေ၏အဆိုကို ကျွန်မအနေနဲ့ လေးလေးနက်နက်နဲ့ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်က ဦးနေထက်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းဖြစ်ပြီး ဖောင်းပြင်မဲဆန္ဒနယ် မှ ဦးထွန်းဝေရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုရဲ့အဓိကရည်ရွယ်ချက်ဖြစ်တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ပိုင် ခွင့် လျှောက်ထားရယူထားပြီး နည်းဥပဒေပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းမရှိမှု များအား လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြန်လည်ရုပ်သိမ်းရေးဆိုတဲ့အချက်ကို အပြည့်အဝအကြံပြု ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတ အင်မတန်ပေါကြွယ်ဝ သလို အဲဒီသယံဇာတတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ အဖိုးတန်မြေသယံဇာတလည်း အလွန်ပေါ များတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ သို့ပေမဲ့ မြေယာစီမံခန့်ခွဲမှုညံ့ဖျင်းခဲ့ခြင်း၊ မြေယာခွဲဝေအသုံးချမှုပုံစံ မမှန်ကန်ခြင်း၊ စာရင်းဇယားမှန်ကန်တိကျမှုမရှိခြင်းတွေကြောင့် မြေသိမ်းယူမှုတွေ၊ မြေဦးမှုတွေ၊ မြေယာအရှုပ်အရှင်းပြဿနာတွေဟာ နိုင်ငံတစ်ဝန်းလက်ညှိုးထိုးမလွဲနိုင်လောက်အောင် ဖြစ်ပေါ်နေရ တာပဲ ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေကို ၂၀၁၂ ခုနှစ်၊ သြဂုတ်

လ ၃၁ ရက်မှာ ပြဋ္ဌာန်းခဲ့ပေမယ့် အဲဒီဥပဒေမတိုင်ခင်ကတည်းက မြေဦးမှုတွေ လုပ်ပိုင်ခွင့်ချထားပေးခဲ့မှုတွေ ရှိနေခဲ့ပြီးဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ ၂၀၁၆ ခုနှစ် ဇွန်လအထိ နှစ်ရှည်ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံတွေအတွက် လက်ရှိအချိန်အထိ လုပ်ပိုင်ခွင့် ချထားပေးမှုအခြေအနေပဲဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ မြေယာချထားပြီးဧက ၂.၃ သန်းကျော်ရှိပြီး မြေယာဖော်ထုတ်ပြီး ဧက ငါးသိန်းကျော်နှင့် စိုက်ဧက သုံးသိန်းနီးပါးရှိနေတာကို တွေ့ရမှာပဲဖြစ်ပါတယ်။ စိုက်ဧကထဲမှာ ရာသီသီးနှံဧက ၂၀၀၀၀ ကျော်၊ နှစ်ရှည်သီးနှံစိုက်ဧက ၂၇၀၀၀၀ ကျော် စိုက်ပျိုးထားပြီးပြီလို့ သိရှိရပါတယ်။ လုပ်ပိုင်ခွင့်ရရှိထားသူတွေဟာလည်း ကုမ္ပဏီတွေချည်းဖြစ်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ လိုချင်သူတွေက မက်မက်မောမောလျှောက်ထားခဲ့ကြသလို လုပ်ပိုင်ခွင့်ချထားပေးခဲ့သူတွေကလည်း ရက်ရက်ရောရောများ ချထားပေးခဲ့လေသလားလို့ သံသယဖြစ်စရာကောင်းလွန်းနေပါတယ်။ ဒါကတော့ ကျန်တဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာလို ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာလည်း ကုမ္ပဏီတစ်ခုကို လုပ်ပိုင်ခွင့်ပြုထားတဲ့အမိန့်စာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းသားဘဝ ၁၉၉၅၊ ၁၉၉၆ ခုနှစ်ဝန်းကျင်မှာ မကွေးတိုင်းဒေသကြီးနဲ့ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှာလည်း ကုမ္ပဏီတွေက မြေယာလုပ်ပိုင်ခွင့်တွေ ရယူထားခဲ့ကြတာပဲဖြစ်ပါတယ်။ ဒါကတော့ မြေငှားခနှင့် ကုန်သွယ်ခွန်ပေးဆောင်ထားမှုပဲဖြစ်ပါတယ်။ စက်မှုကုန်ကြမ်းသီးနှံသစ်ဆိမ့်နှင့် ကြက်ဆူစိုက်ပျိုးဖို့ မြေရယူထားပေမဲ့ တကယ့်မြေပြင်အခြေအနေမှာတော့ သစ်ဆိမ့်နှင့်ကြက်ဆူပင်စိုက်ကွက်တစ်ခင်းတစ်လေတောင် မြင်တွေ့ရမှာမဟုတ်ပါဘူး။ ကျန်တဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာလည်း ဒီလိုအခြေအနေမျိုးတွေ အများကြီးရှိနေမယ်ဆိုတာ အထူးပြောစရာလိုမယ်မထင်ပါဘူး။ ဒါကတော့ အမျိုးအစားအလိုက် သတ်မှတ်ချက်တွေပဲဖြစ်ပါတယ်။ အချိန်အတိုင်းအတာအရ မွေးမြူရေးနှင့် ဓာတ်သတ္တုလုပ်ငန်းတွေအတွက် ထည့်မပြတော့တာပါ။ နှစ်ရှည်ပင်နှင့်စက်မှုကုန်ကြမ်းသီးနှံအတွက် တစ်ကြိမ်ကို ဧက ၅၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုချက်တွေချထားပေးပြီးဖြစ်သလို ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမယ်ဆိုလို့ရှိရင် အနီရောင်မှာပြထားသလို ဧက ၅၀၀၀၀ အထိ လျှောက်ထားခွင့်ပေးထားပါတယ်။ ကုမ္ပဏီပေါင်းများစွာကိုသာ လုပ်ပိုင်ခွင့်ပေးထားခြင်းက ဇယားရဲ့အောက်ဆုံးအကွက်မှာပါတဲ့ တကယ့်အင်အားစုကြီးတစ်ခုလုံးကို မျက်ကွယ်ပြုထားသလိုဖြစ်နေပါတယ်။ ကုမ္ပဏီဆိုတာမျိုးက နိုင်ငံခြားသားပိုင်ရှိနိုင်သလို ငွေကြေးချမ်းသာကြွယ်ဝမယ်ဆိုလို့ရှိရင် မိမိတစ်ဦးတည်း ဒါမှမဟုတ် ကိုယ်ဆွေးမျိုးသားချင်းနာမည်တွေနဲ့ ကုမ္ပဏီပေါင်းများစွာ

တည်ထောင်လျှောက်ထားနိုင်သလို အကျိုးတူအစုရှယ်ယာအနေနဲ့လည်း အများကြီးလုပ်လို့ရတယ်ဆိုတာ အားလုံးသိကြပြီးဖြစ်ပါတယ်။ ဒါဆိုရင် ဥပဒေအရ မြေယာလုပ်ပိုင်ခွင့်တွေကို လူနည်းစုတစ်စုတည်းကသာ ရရှိသွားသလိုဖြစ်နေနိုင်ပြီး မြေယာမဲ့တွေနဲ့ လုပ်ကွက်ငယ်တောင်သူတွေရဲ့ အကျိုးစီးပွားတိုးတက်မှုကို လျစ်လျူရှုထားသလို ဖြစ်နေပါလိမ့်မယ်။ ဒါကတော့ နှစ်အလိုက် မြေယာပိုင်ဆိုင်မှုဇယားပဲဖြစ်ပါတယ်။ ဒါကိုကြည့်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ လုပ်ကွက်ငယ်တောင်သူဦးရေကအင်မတန်များပြားကြောင်း သိသာထင်ရှားလှပါတယ်။ ထို့အတူ ကျေးလက်နေ မြေယာမဲ့အိမ်ထောင်စုဦးရေကလည်း ဒုနဲ့ဒေး ဖြစ်ပါတယ်။ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုလို့ရှိရင် ကျေးလက်နေမြေယာမဲ့နှင့် လုပ်ကွက်ငယ်တောင်သူတွေဘဝတိုးတက်ဖို့ကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ခုရှိပြီဆိုလို့ရှိရင် လျှောက်ထားသူဘက်ကရော ဥပဒေပါသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ဖို့လိုသလို လုပ်ပိုင်ခွင့်ချထားပေးသူများဘက်ကလည်းခွင့်မပြုခင်ကတည်းက မြေလွတ်၊ မြေလပ်၊ မြေရိုင်းဟုတ်/မဟုတ်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိ၊ လက်ရှိနေထိုင်လုပ်ကိုင်နေသူရှိ/မရှိ စတာတွေကို သေချာစိစစ်ပြီးချထားပေးရမှာဖြစ်သလိုလုပ်ပိုင်ခွင့်ပြုပြီးနောက်မှာလည်း ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိကို မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း Monitoring ပိုင်းမှာ အင်မတန်မှာကို အားနည်းနေတယ်လို့ ဆင်ခြင်သုံးသပ်မိပါတယ်။ အဲဒါကြောင့်ပဲ သစ်တောစိုက်ဖို့ သစ်ပင်တွေအပြောင်ရှင်းခဲ့တာတွေ ဘယ်လောက်တောင် များခဲ့ပြီလဲ။ နှစ်ရှည်ပင်စိုက်မယ်။ စက်မှုကုန်ကြမ်းသီးနှံစိုက်မယ်ဆိုပြီး ရွှေနှင့် အခြားဓာတ်သတ္တုတူးဖော်ခဲ့တာတွေသဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးမှုတွေကို အလေးမထား၊ EIA ၊ SIA လုပ်ဆောင်မှုမရှိဘဲဆောင်ရွက်ခဲ့တာတွေ ဘယ်လောက်တောင်များနေပြီလဲ မသိနိုင်တော့ပါဘူး။ သို့ပါ၍ ကျေးလက်နေပြည်သူတို့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့၊ တိုင်းပြည်ရဲ့ စိုက်ပျိုးထုတ်ကုန်တိုးမြှင့်ဖို့၊ တစ်နိုင်ငံလုံးမှာရှိနေတဲ့မြေယာမဲ့များနှင့် လုပ်ကွက်ငယ်တောင်သူများအား မြေယာပိုင်ဆိုင်ခွင့်ရရှိရေးအလေးထားဆောင်ရွက်ပေးပါရန်နှင့် လုပ်ပိုင်ခွင့်လျှောက်ထား ရယူပိုင်ဆိုင်ထားပြီး နည်းဥပဒေပါစည်းကမ်းချက်များအတိုင်းလိုက်နာဆောင်ရွက်ခြင်းမရှိမှုများအား မြေလွတ်၊ မြေလပ်၊ မြေရိုင်း နည်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)နှင့်ပုဒ်မခွဲ(ခ)အတိုင်း သီးခြားအဖွဲ့၊ အထူးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးကာ စည်းကမ်းနှင့်ညီညွတ်မှုမရှိသောလုပ်ကွက်မြေဧရိယာများအား နည်းဥပဒေပုဒ်မ ၅၇ အရ လုပ်ပိုင်ခွင့်အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးပါလို့ အလေးအနက်ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မှူးကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ သုံးဆောင်ရန် အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါ့မယ်။ နေ့လယ် ၁၃း၀၀ နာရီအချိန်မှာ အစည်းအဝေး ပြန်လည်စတင်မှာဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

**အချိန်၊ ၁၂း၀၃။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်က ဒေါ်ခင်သန်းနု ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေရဲ့အဆိုကို ထောက်ခံရင်းနဲ့ ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်က မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို စီမံခန့်ခွဲရေးဗဟိုကော်မတီမှ သစ်တောများပြန်လည်စိုက်ပျိုးပြီး ပြုစု ပျိုးထောင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းထားပါတယ်။ ဆောင်ရွက်နိုင်မယ်ဆိုရင်ဖြင့် အလွန်ကောင်းမွန်တဲ့အဆို ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝှန်းမှာ အဓိကအားဖြင့် ကျွန်မတို့မြန်မာပြည် အထက်ပိုင်းမှာ သီးနှံစိုက်ပျိုး၍မရသော ပျက်စီးနေသောမြေ များစွာရှိပါတယ်။ ထိုပျက်စီးနေသော မြေကို လယ်ယာမြေသုတေသနဌာနက စစ်ဆေးပြီး မြေယာပြုပြင်လိုက်မယ်ဆိုရင် အလွန်ကောင်းမွန် မှာဖြစ်ပါတယ်။ နိုင်ငံတော်အတွက်အကျိုးရှိမယ့်သစ်ပင်များကို ပြန်လည်စိုက်ပျိုးလိုက်မယ်၊ လုပ်ကွက် ငယ်တောင်သူများနဲ့ လုပ်ကွက်မရှိတဲ့တောင်သူများကို မူဝါဒချမှတ်ပြီး နည်းစနစ်ကျကျ မျှဝေပေးမယ် ဆိုရင်ဖြင့် အင်မတန်ကောင်းမွန်မှာဖြစ်ပါတယ်။ အဆိုရှင်က ကုမ္ပဏီများဟာ မြေလွတ်၊ မြေလပ်နှင့်

မြေရိုင်းများကို အမှန်တကယ်ဖော်ထုတ်ရန်နှင့် လုပ်ကိုင်ခြင်းမရှိဘဲ အခွင့်အရေးတစ်ရပ်အနေနဲ့ ပမာဏကြီးစွာ သိမ်းဆည်းရယူထားတယ်လို့ ဆိုထားပါတယ်။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကုမ္ပဏီပေါင်း ၃၈၀ ဟာ မြေဧကပေါင်း ၂၃ သိန်းကျော်ကို ယူထားတယ်လို့ သိရပါတယ်။ နည်းမျိုးစုံနဲ့ သိမ်းဆည်းထားတယ်လို့လည်း သိရပါတယ်။ အဲဒီ ကုမ္ပဏီပေါင်းတွေရှိပါသေးတယ်။ အခြားအခြားသော ဌာနတွေ၊ သိမ်းဆည်းထားတဲ့မြေတွေ ရှိပါသေးတယ်။ ထိုကုမ္ပဏီများဟာ လယ်ယာမြေများနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို နည်းမျိုးစုံနဲ့ အလွယ်တကူသိမ်းယူလို့ရပေမယ့် ကျွန်မတို့ တောင်သူများဟာ အစုအဖွဲ့ပိုင်သစ်တောအဖြစ် စိုက်ခင်းတည်ထောင်ရန် လျှောက်ထားပေမယ့် နှစ်နှစ်ကြာလည်းမရ၊ သုံးနှစ်ကြာလည်းမရ ဖြစ်နေတာကို တွေ့ရပါတယ်ရှင်။ ကုမ္ပဏီမှ သိမ်းဆည်းမြေများ၊ စီမံကိန်းများဆောင်ရွက်ခြင်းမပြုသည့်မြေများကို ဥပဒေနှင့်အညီ ပြန်လည်ရုပ်သိမ်းပြီး နိုင်ငံတော်အကျိုးရှိစေရန် ဆောင်ရွက်သင့်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ သစ်တောဥပဒေအခန်း(၂) ပုဒ်မ ၅ မှာ ဝန်ကြီးသည် ကြိုးဝိုင်းတောဖွဲ့စည်းရန် သို့မဟုတ် ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာရာတွင် ကြေညာသည့်နေ့တွင် တည်ရှိနေသည့်အခွင့်အရေးများမှအပ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ တားမြစ်ချက်များ ထည့်သွင်းဖော်ပြနိုင်သည်ဆိုပြီး အချက်ခုနစ်ချက်ကို ပြဋ္ဌာန်းထားပါတယ်။ ဒုတိယအချက်က သစ်ခုတ်ခြင်းဖြစ်ပါတယ်။ ဝန်ကြီးကရည်ရွယ်ကြောင်း ကြေညာလိုက်ရုံနဲ့ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောမှာ သစ်ခုတ်ခြင်းမပြုရတော့ပါဘူး။ ဒါပေမဲ့ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ မင်းတုန်းမြို့၊ စံပယ်တန်းကျေးရွာအုပ်စုမှာဆိုရင် သစ်တောကြိုးဝိုင်းအတွင်းမှာ ဧက ၂၀၀ ကျော်ကို သစ်တောဦးစီးဌာနက ခုတ်ပြီး သစ်ပင်များကို ပြန်လည်စိုက်ပျိုးမယ်လို့ ပြည်သူများက တင်ပြလာပါတယ်။ ပြည်သူများအနေနဲ့ ထိုကြိုးဝိုင်းအတွင်းမှာ သစ်ပင်များခုတ်ခြင်းကို တားမြစ်နေကြပါတယ်။ သစ်ပင်များကို ခုတ်လှဲပြီး ပြန်လည်စိုက်ပျိုးမယ့်အစား ရှိပြီးသားသစ်တောများကို ထိန်းသိမ်းစောင့်ရှောက်မယ်ဆိုရင် ပိုပြီးအဆင်ပြေမယ်လို့ထင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅ မှာလည်း နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဥပဒေနှင့်အညီ ထိန်းသိမ်းသင့်ပါတယ်။ ထို့နောက် ကျွန်မရဲ့မဲဆန္ဒနယ်မြေအတွင်းမှာပဲ နိုင်ငံတော်အစိုးရက ဘဏ္ဍာအခွန်ရရှိရန်အတွက် ယခင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဝါးအလုံးရေ သိန်း ၂၀ ကို လိုင်စင်ပေးပြီး ထုတ်ခွင့်ပြုခဲ့ပါတယ်။ အခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဆိုရင် ဝါးအလုံးရေ ၂၂ သိန်းကို လိုင်စင်ပေးပြီး ခုတ်ခွင့်ပြုနေပြန်ပါတယ်။ ကျွန်မတို့မြို့အတိုင်းအတာနဲ့ဆိုရင် ဒီဝါးအလုံးရေ ၂၂

သိန်းခုတ်ခွင့်ပြုတာဟာ အလွန်များနေပါတယ်။ ပြည်သူများ သုံးစွဲရန်မရှိနိုင်လောက်အောင် လိုင်စင်ယူပြီးတော့ ခုတ်ယူနေကြတာကို တွေ့ရပါတယ်။ လိုင်စင်ရထားသူများဟာ နေရာအနှံ့ခုတ်ယူနေတဲ့အပြင် ကျွန်မတို့ဒေသခံပြည်သူများကို ခင်ဗျားတို့မြေသာပိုင်တယ်၊ မြေပေါ်မှာပေါက်တဲ့ဝါးကို မပိုင်ဘူးဆိုပြီး ပြောင်ပြောင်တင်းတင်းပြောပြီးတော့ ခုတ်ယူနေကြတာကို ကျွန်မတို့ပြည်သူများက တင်ပြတဲ့အတွက်သိရပါတယ်။ နောက်ပြီး နိုင်ငံတော်အခွန်အတွက် လိုင်စင်ပေးရင် ဝါးတစ်လုံးကို ငါးကျပ်၊ ပြည်သူများလိုအပ်လို့ ဝယ်သုံးရင် ဝါးတစ်လုံးကို ၂၀၀ ကျပ်ဖြစ်နေလို့ ဈေးဟာလည်း အဆမတန်များစွာကွာဟနေပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်ဝါးများကို နှစ်အကန့်အသတ်နဲ့ ရပ်ဆိုင်းသင့်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၀ ပုဒ်မခွဲ(ခ)မှာ နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် နိုင်ငံတော်ကို ကူညီရန်တာဝန်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာရော၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဥပဒေမှာရော၊ ၂၀၁၂ လယ်ယာမြေဥပဒေမှာရော ဥပဒေတွေကတော့ အရမ်းကိုကောင်းမွန်နေပါတယ်။ ပြဋ္ဌာန်းထားတဲ့ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြမယ်ဆိုရင်ဖြင့် အင်မတန်ကောင်းမွန်မှာဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေနဲ့လက်တွေ့ဘဝဟာ အလွန်ကွာခြားနေပါတယ်။ လက်တွေ့မှာဥပဒေကို မသိလို့ မလိုက်နာခြင်းနှင့်ဥပဒေများကို သိသိကြီးနဲ့လက်တစ်လုံးကြားလှည့်စားနေခြင်းကို မည်သို့မည်ပုံ အရေးယူပြီး ပြဋ္ဌာန်းထားတဲ့ဥပဒေများကို ကိုက်ညီရန်ဘယ်လိုလုပ်ကြမလဲ။ ဒါကြောင့် အခွင့်အရေးတစ်ရပ်အနေနဲ့ ပမာဏကြီးစွာသိမ်းဆည်းထားတဲ့မြေများကို အမှန်တကယ်လိုအပ်ချက်ရှိတဲ့ပြည်သူလူထုထံသို့ ထိရောက်စွာအသုံးပြုခွင့်ရရန် ရပ်သိမ်းသင့်ပါကြောင်း ပြောကြားရင်း ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝင်းရဲ့အဆိုကို ထောက်ခံလိုက်ရပါတယ်။(ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ဒက္ခိဏသီရိမဲဆန္ဒနယ်က ဦးသန့်ဇင်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ် ရဲ့အခြေအနေကိုတင်ပြရင်း ဖောင်းပြင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးထွန်းဝေရဲ့ အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မှာ ကိုင်းပလေးသစ်တောကြိုးဝိုင်းအမှတ်(၁)၊(၂)၊(၃)၊ (၈)၊(၉)နဲ့ (၁၉) တို့ကို ဖျက်သိမ်းပြီးတော့ ယခင်အစိုးရလက်ထပ်မှာ စိန်တစ်လုံးသရက်ဇုန်စီမံကိန်းကို ၂၀၁၁ ခုနှစ်၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဗဟိုအဖွဲ့အစည်းရဲ့ လုပ်ပိုင်ခွင့်ပြုခြင်း ဖြင့်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ကြိုတင် ခွင့်ပြုခြင်းဖြင့်လည်းကောင်း အဆိုပါသစ်တောမြေများကို ကွင်းအမှတ်၊OSS-၂၀၈၁၊ ၂၀၈၂၊ ၂၀၈၃၊ ၂၀၈၄၊ ၂၀၈၅၊ ၂၀၈၆၊ ၂၀၈၇၊ ၂၀၈၈ နဲ့ ၂၀၈၉ တို့အဖြစ် သတ်မှတ်ပြီးတော့ လူပုဂ္ဂိုလ်နဲ့ ကုမ္ပဏီအဖွဲ့အစည်း ၆၉ ခုတို့ကို လုပ်ပိုင်ခွင့်ပြုခဲ့ပါတယ်။ လုပ်ပိုင်ခွင့်ပြုတဲ့ဧရိယာမှာ ၄၇၇၂.၈ ဧက ဖြစ်ပါတယ်။ အဆိုပါစီမံကိန်းမျိုးကို ဥတ္တရသီရိမြို့နယ်မှာလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ပါတယ်။ ဥတ္တရသီရိမြို့နယ်မှာ လုပ်ပိုင်ခွင့်ပြုခဲ့တဲ့ဧရိယာက ၃၄၀၀ ဧကခန့် ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ စိန်တစ်လုံးသရက်ဇုန်စီမံကိန်း အကောင်အထည်မဖော်ခင်အချိန်က အဆိုပါမြေများပေါ်မှာ ဒေသခံ တောင်သူတွေလုပ်ကိုင်နေတဲ့ သစ်တောကျူးလယ်ယာမြေတွေ ရှိခဲ့ပါတယ်။ ဒေသခံတောင်သူတွေဟာ အဓိကအားဖြင့် ကြံစိုက်ပျိုးခဲ့ပြီးတော့ ၂၀၀၅ ခုနှစ်အထိ မြန်မာ့ကြံလုပ်ငန်းကို နှစ်စဉ်တင်သွင်း ရောင်းချခဲ့ကြပါတယ်။ ယခုအချိန်ထိလည်း စိန်တစ်လုံးသရက်ဇုန်စီမံကိန်းလုပ်ကိုင်ခွင့်ရပုဂ္ဂိုလ်နဲ့ ကုမ္ပဏီအဖွဲ့အစည်းအချို့မှ လာရောက်လုပ်ကိုင်ခြင်းမရှိတဲ့အတွက် တချို့တောင်သူများက ဆက်လက် လုပ်ကိုင်နေသော လယ်ယာမြေတွေ လည်းရှိနေပါတယ်။

လေးစားရပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနမှပြုစုတဲ့ နောက်ဆုံးခြောက်လအတွက် အကောင်အထည်ဖော်ပြီးစီးမှုစာရင်းဇယားအရ အကောင်အထည်ဖော်ပြီးစီးမှုဧရိယာမှာ ၃၀၂၃.၉၁ ဧကဖြစ်ပြီးတော့ ဆောင်ရွက်ရန်ကျန်နေတဲ့ဧရိယာမှာ ၁၇၄၈.၈၉ ဧကဖြစ်ကြောင်း သိရပါတယ်။ အဆိုပါစာရင်းဇယားမှာရှိတဲ့ အကောင်အထည်ဖော်ပြီးစီးမှုဧရိယာမှာ မှန်မှန်ကန်ကန် စစ်ဆေးထားခြင်းမျိုးမဟုတ်ဘဲနဲ့ ရာခိုင်နှုန်း ၃၀၊ ၄၀ ခန့်အကောင်အထည်ဖော်ထားခြင်းကိုလည်း ရာနှုန်းပြည့်အဖြစ် တွက်ချက်ထားခြင်းဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်မြို့သစ်စီမံကိန်းကြောင့် ဒေသခံတောင်သူတွေရဲ့ ဦးပိုင်ပေါက်လယ်ယာမြေများအပြင် သစ်တောကျူးလယ်ယာမြေအမြောက်

အများ သိမ်းဆည်းခြင်းခံခဲ့ရပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ လယ်ယာမြေနှင့် အခြားမြေဧက ၁၂၀၀၀ ကျော် သိမ်းဆည်းခဲ့ရာမှာ ဒက္ခိဏသီရိမြို့နယ်မှ ဧက ၆၀၀၀ ကျော် ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင် ယခင်တာဝန်ရှိအဖွဲ့အစည်းနှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က ဒေသခံတောင်သူများ လုပ်ကိုင်နေတဲ့ သစ်တောကျူးလယ်ယာမြေများကို လူပုဂ္ဂိုလ်နဲ့ ကုမ္ပဏီအဖွဲ့အစည်းများသို့ လုပ်ပိုင်ခွင့်ပြုပေးခဲ့ပါတယ်။ ဒါကြောင့် စိုက်ပျိုးမြေဆုံးရှုံးခဲ့ရတဲ့ တောင်သူများစွာရှိနေပါတယ်။ ကျေးလက်နေပြည်သူတို့ရဲ့ဘဝကို ဆင်းရဲတွင်းနက်သည်ထက်နက်စေခဲ့ပါတယ်။

လေးစားရပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားတဲ့ စီမံကိန်းများကို ဒေသအတွက် အကျိုးပြု/မပြုနဲ့ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရ/မရတို့ကို စိစစ်ပြီးတော့ လိုအပ်သော အရေးယူဆောင်ရွက်မှုများ ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်နေပါတယ်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ အခန်း(၆) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူက လိုက်နာရမည့်စည်းကမ်းချက်များ ပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)မှာ လုပ်ပိုင်ခွင့်ရရှိထားသောမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ လေးနှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းများ ပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၂၁ မှာ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့် အသုံးချခွင့်ရရှိသူက ဤဥပဒေပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ရုပ်သိမ်းခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။

လေးစားရပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတွင်း သစ်တောများ အဆမတန်ပြုန်းတီးခြင်းနဲ့ တောင်သူများ လယ်ယာမြေများကို လိုအပ်သည်ထက် ပိုမို၍သိမ်းဆည်းခံခဲ့ရခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ထား တဲ့ လုပ်ပိုင်ခွင့်၊ အသုံးချခွင့်ရရှိသူများရဲ့ လုပ်ပိုင်ခွင့် အသုံးချခွင့်တို့ကို ပြန်လည်ရုပ်သိမ်းသင့်ပါတယ်။ ပြန်လည်ရုပ်သိမ်းပြီးပါက သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန်နှင့် လယ်ယာမြေနှင့်အခြားမြေများ မြောက်များစွာသိမ်းဆည်းခံခဲ့ရတဲ့ နေပြည်တော်နှင့် နေပြည်တော်ကဲ့သို့သော ဒေသတွေမှာ ဒေသခံတောင်သူများအတွက် တရားဝင်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုခြင်းဖြင့်လည်းကောင်း၊ သစ်တောဦးစီးဌာနနှင့် အကျိုးတူသစ်တောသီးနှံရောနှောစိုက်ပျိုးခြင်း

ကို လုပ်ပိုင်ခွင့်ပြုခြင်းဖြင့်လည်းကောင်း ပြန်လည်ခွဲဝေပေးသင့်ပါကြောင်း အကြံပြုရင်း ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေရဲ့အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်က ဒေါ်မိကွန်ချမ်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း ဖြစ်ပါတယ်။ အဆိုရှင် ဦးထွန်းဝေ၊ ဖောင်းပြင်မဲဆန္ဒနယ်ရဲ့အဆိုကို ကျွန်မ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ အဖိုးတန်သစ်တောကြီးများ၊ မြေဆီသြဇာတွေ ကြွယ်ဝတဲ့ မြေပြန့်လွင်ပြင်များ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုသိုက်များ၊ ရှုည်လျားတဲ့ပင်လယ်ကမ်းရိုးတန်းများနှင့် တောင်စဉ်တောင်တန်းများနှင့် နိုင်ငံရဲ့အသက်သွေးကြောတွေဖြစ်တဲ့ မြစ်ကြီးများအပါအဝင်သဘာဝအရင်းအမြစ်အခြေခံကောင်းများနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများရှိတဲ့ နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံများထက်စာရင် စိုက်ပျိုးမြေကြွယ်ဝတဲ့နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ သို့ပါသော်လည်း အမှန်တကယ်စိုက်ပျိုးသူများရဲ့ လယ်မြေဥယျာဉ်ခြံမြေ မတရားသိမ်းဆည်းတဲ့အတွက်ကြောင့် စိုက်ပျိုးရန်မြေမရှိဖြစ်ခဲ့ရပါတယ်။ ကျွန်မတို့ရဲ့အစိုးရအနေနဲ့ မတရားသိမ်းဆည်းခြင်းခံရခြင်းကြောင့်ဖြစ်စေ၊ စစ်ဘေးဒဏ်ကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိနေထိုင်လုပ်ကိုင်နေသောမြေကို စွန့်ခွာရသူများရဲ့ မြေလုပ်ပိုင်ခွင့်များကို ပြန်လည်အစားထိုးဖြည့်ဆည်းပေးရန် လိုအပ်ပါတယ်။ နိုင်ငံသားများ၏ မြေလုပ်ပိုင်ခွင့်၊ စားဝတ်နေရေး၊ အမျိုးသားစားနပ်ရိက္ခာဖူလုံရေး၊ အမျိုးသားစီးပွားရေးတိုးတက်မှု လူမှုရေးအာမခံချက်များနှင့် ပတ်ဝန်းကျင်အကျိုးအမြတ်များအပေါ် သက်ရောက်မှုတို့ကိုသိရှိရန် မြေအသုံးချမှုကိုပြောင်းလဲစေပြီး တကယ်လုပ်ကိုင်သည့် ပြည်သူ၏လက်ထဲကို ရောက်ရှိအောင် ဆောင်ရွက်ပေးသင့်ပါတယ်ရှင်။

လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံရဲ့အကူးအပြောင်းကာလတွင် အခွင့်အထူးခံရဆဲ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ပမှဝင်ရောက်လာသော စီးပွားရေးသမားများကြောင့်

ရင်းနှီးမြုပ်နှံမှုကို အကြောင်းပြချက်များဖြင့် သစ်တောများခုတ်ယူရှင်းလင်းခြင်းကြောင့် သစ်တောပြုန်းတီးမှုရဲ့ပမာဏဟာ ကြီးထွားလာခဲ့ရပါတယ်။ ဥပမာအနေနဲ့ ကျွန်မတို့ရဲ့ပေါင်မြို့နယ်မှာဆိုရင် ကုလားမတောင်တန်းပေါ်မှာ တိုင်းရင်းသားများ များစွာမှီခိုပြီးတော့ နေထိုင်နေရပါတယ်။ မိရိုးဖလာစိုက်ပျိုးခြံလုပ်ငန်းဖြစ်တဲ့ မင်းကွတ်၊ ဒူးရင်း၊ ကြက်မောက်၊ မရမ်း၊ သရက်ပင်စသော နှစ်ရှည်ပင်များကို စီးပွားဖြစ် မိသားစုစီးပွားဖူလုံမှုရှိခဲ့ကြပါတယ်။ နောက်ပိုင်းမှာ ကုမ္ပဏီလုပ်ငန်းရှင်တွေက ရာဘာဈေးကောင်းတဲ့အတွက်ကြောင့် အစိုးရနှင့်ပူးပေါင်းပြီး ခြံမြေတွေကို သိမ်းဆည်းပြီးတော့ ရာဘာပင်တွေကို အစားထိုးပြီးတော့ စိုက်ပျိုးခဲ့ပါတယ်။ တစ်ဦးကို ဧက ၅၀ ကနေ ၅၀၀ ထိ နှစ်ရှည် ပင် နှစ် ၃၀ လုပ်ကိုင်ခဲ့ကြတယ်။ အခုတော့ ရာဘာဈေးတွေကျဆင်းတဲ့အခါမှာ ကုမ္ပဏီရှင်တွေက နောက်ထပ်စီးပွားရေးလုပ်ငန်းရှင်တွေကို လက်ဆင့်ကမ်းပြီးတော့ အခြားလုပ်ငန်းကိုလုပ်ကိုင်ရန်အတွက် ငှားရမ်းတာတွေလည်း တွေ့ရှိခဲ့ရပါတယ်။ လက်ရှိမှာတော့ ဒီကုလားမတောင်တန်းပေါ်မှာ၊ လမ်းခင်းရာမှာ အသုံးပြုတဲ့ လမ်းခင်းကျောက်တွေကို ထုတ်လုပ်နေတာကို တွေ့ရှိရပါတယ်။ သစ်တောတွေကို ပျောက်ဆုံးသွားမှာ မဟုတ်ပါဘူး။ တောင်တစ်ခုလုံးတွင် တဖြည်းဖြည်းပျောက်ကွယ်သွားနိုင်ပါတယ်။ သဘာဝပတ်ဝန်းကျင်လည်း ထိခိုက်နိုင်တဲ့အတွက် ဒီလိုစီမံကိန်းမျိုးကို ခွင့်ပြုရန်မသင့်ပါဘူးရှင်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ သဘာဝသစ်တောတွေဟာ တစ်ကမ္ဘာလုံးမှာ တချို့နိုင်ငံတွေမှာဆိုရင် ပြုန်းတီးတဲ့အတွက်ကြောင့် သဘာဝသစ်တောကို ပြန်လည်ပြီးတော့ ထိန်းသိမ်းဖို့အတွက်ကို အားကြိုးမာန်တက်လုပ်ဆောင်နေတဲ့အချိန်မှာ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့ သဘာဝအတိုင်းရှိနေသေးတဲ့ သစ်တောတွေကို ထိန်းသိမ်းမှုမပြုလုပ်ဘဲနဲ့ ပျက်စီးနေတာသည် ကျွန်မတို့ရဲ့အနာဂတ်အတွက်က သဘာဝကပေးတဲ့ဒဏ်ကို ကျွန်မတို့ ခံစားရမှာဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် စီမံခန့်ခွဲရေးဥပဒေအခန်း(၃) ပုဒ်မ ၆ အပိုဒ်ခွဲ(ဂ)မှာဆိုရင် ဗဟိုကော်မတီသည် ကြိုးဝိုင်းနှင့် ကြိုးပြင်တောများကို ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှုမဖြစ်စေရေး၊ သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များကို ထိန်းသိမ်းရေးတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ဖော်ပြထားပါတယ်။ သစ်တောဥပဒေအရ အခန်း(၂)မှာ ပြဋ္ဌာန်းထားတဲ့ အခြေခံမူတွေကတော့ သစ်တောထိန်းသိမ်းကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်စပ်လျဉ်းတဲ့ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်နှင့်အညီ ဆောင်ရွက်ရန်၊ သဘာဝသစ်တောများထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောစိုက်ခင်းများတည်ထောင်ရေးတို့ကို တစ်ပြိုင်တည်း

ဆောင်ရွက်ရမည်ဟု သစ်တောဥပဒေမှာပါတဲ့အတွက် လေးစားလိုက်နာသင့်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှာပါတဲ့ အခန်း(၆)အပိုဒ် ၁၆ အပိုဒ်ခွဲ(က)မှာဆိုရင် ခွင့်ပြုထားတဲ့ လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ရမယ်။ အပိုဒ်ခွဲ(ဂ)မှာဆိုရင် ခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်မရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်းမပြုရပါဘူးလို့ ဖော်ပြထားပါတယ်။ သို့သော် ဥပဒေကတော့ ပြဋ္ဌာန်းထားပါသော်လည်း လက်ဦးမှုတွေ ယူထားပြီး တကယ်လုပ်ကိုင်ခြင်းမဟုတ်ဘဲနဲ့ လက်ဆင့်ကမ်းအငှားချခြင်း လုပ်ငန်းခေါင်းစဉ်ကို ပြောင်းလဲပြီးတော့ လုပ်ကိုင်တာတွေလည်း များစွာတွေ့ရှိရပါတယ်။ ဥပမာတစ်ခုအနေနဲ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့အနီးမှာဆိုရင် တရုတ်နိုင်ငံကနေ လာရောက်ပြီးတော့ သစ်တောဧရိယာ ထောင်ပေါင်းများစွာကို ငှားရမ်းပြီးတော့ တစ်ရှူးငှက်ပျောပင်များစိုက်ပျိုးနေတာ တွေ့ရပါတယ်။ အဲဒီတစ်ရှူးငှက်ပျောပင်တွေကို တရုတ်နိုင်ငံကို ပြန်လည်ပြီးတော့ တင်ပို့နေတယ်လို့လည်း ကြားသိတွေ့ရှိခဲ့ရပါတယ်။ နှစ်ရှည်သစ်တောများကို ခုတ်ထွင်ရှင်းလင်းပြီးတော့ နှစ်တိုငှက်ပျောပင်များကို စိုက်ပျိုးသည်မှာလည်း အင်မတန်အံ့ဩစရာကောင်းပါတယ်။ နိုင်ငံ့အတွက်လည်း အခွန်အခမရရှိပါဘဲနဲ့ သဘာဝသစ်တောများ၊ ပရဆေးများအတွက် အသုံးဝင်တဲ့ သစ်မြစ်၊ သစ်ဖု၊ သစ်ဥများကိုလည်း ပျောက်ဆုံးသွားနိုင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲသည့်ဥပဒေ အခန်း(၇)ပုဒ်မ ၂၂ အပိုဒ်ခွဲမှာဆိုရင် မူလခွင့်ပြုကာလထက် ကျော်လွန်တဲ့အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိသေးတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ နိုင်ငံတော်မှ ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမယ်။ အပိုဒ်(ဃ)မှာတော့ မူလခွင့်ပြုချက်ကာလအတွင်း သတ်မှတ်ထားသည့်စည်းကမ်းချက်နဲ့ လုပ်ကိုင်ရန်ပျက်ကွက်ကြောင်းနှင့် စည်းကမ်းဖောက်ဖျက်ကြောင်း တွေ့ရှိပါက။

**ဒုတိယဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး... 

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မြို့နယ်မှာ ဖြစ်ပျက်နေတဲ့ မြေလွတ်မြေရိုင်းတွေကို အခြေခံ

ပြီးတော့ ကျွန်တော်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်မြို့နယ်မှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေကို ခုတုံးလုပ်၊ တာဝန်ရှိသူတွေနဲ့ အပေးအယူလုပ်ပြီးတော့ လူ ၁၃ ဦးကနေပြီးတော့ မြေဧက နှစ်သောင်းကျော်ကို ရယူပိုင်ဆိုင်ခဲ့ပါတယ်။ တကယ်တော့ မြေလွတ်၊ မြေလပ်တွေ မဟုတ်ကြပါဘူး။ သစ်ပင်မျိုးစုံပေါက်နေတဲ့ သစ်တောတွေပဲဖြစ်ပါတယ်။ အဲဒီ သစ်တောရဲ့ပတ်ဝန်းကျင်မှာ ကျေးရွာတွေ ရှိတဲ့အတွက် ကျေးရွာသူကျေးရွာသားတွေဟာ သစ်တောတွေကို အစစအရာရာမှီခိုနေထိုင်ကြရပါ တယ်။ ဒါကြောင့်မို့လည်း ပွင့်လင်းလာတဲ့ ကျွန်တော်တို့အစိုးရခေတ်မှာ ကျွန်တော်တို့ကို ဒါနဲ့ပတ်သက် လို့ တင်ပြတိုင်ထားတာတွေ ဒုနဲ့ဒေးပါပဲ။ ကျေးရွာသူကျေးရွာသားတွေက နွားကျောင်းခွင့်လေး၊ ထင်းကောက်ခွင့်လေး မရတဲ့အချိန်ပါ။ လုပ်ပိုင်ခွင့်ရရှိသူတွေက သစ်ပင်တွေကိုခုတ်ယူရောင်းစားတာ နဲ့တင်ကို စီးပွားအသင့်အတင့် ဖြစ်ထွန်းကြပါတယ်။ မူလရည်ရွယ်ချက်ကလည်း သစ်ပင်စိုက်ဖို့မဟုတ် ပါဘူး။ မြေဦးမှတ်ထားဖို့နဲ့ သစ်တောတွေကို ခုတ်ယူရောင်းစားဖို့ပဲ ဖြစ်ပါတယ်။ စိုက်တော့လည်း သရက်ပင်၊ ငှက်ပျောပင်လောက်ပဲ ဖြစ်သလိုစိုက်ပြထားတာဖြစ်ပါတယ်။ အချို့ဆိုရင် ဘယ်လောက်ထိ အောင်ဆိုးလည်းဆိုရင် အာလူးကျောက်တွေ၊ ဂျင်းကျောက်တွေ လမ်းခင်းဖို့၊ အိမ်သုံးဖို့ ထုတ်ယူပြီး တော့ ပုဒ်မ ၁၆ ပုဒ်မခွဲ(စ)ဖြစ်တဲ့ ခွင့်ပြုထားတဲ့သီးနှံပင်မှအပ မြေပေါ်မြေအောက်သယံဇာတထုတ်ယူ ခြင်းမရှိရဆိုတဲ့ဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေတာဖြစ်ပါတယ်။ ဒါပေမဲ့လည်း သက်ဆိုင်ရာဌာနတွေက ဒါကိုတားဆီးခြင်း မရှိပါဘူး။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်ပထမပုံမှန် အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့ပါတယ်။ အဲဒီအခါမှာ ပြည်ထောင်စုဝန်ကြီးက ကြီးကြပ်မှုတွေ အားနည်းနေပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေနဲ့အညီ ကြီးကြပ်ပါ့မယ်လို့ ဖြေဆိုခဲ့သော်လည်း အခုအချိန်ထိအောင်တော့ ကြီးကြပ်မှုအားနည်းလျက်ပါ။ ကျွန်တော်မေးခွန်းမေးပြီး မှ ဥပဒေအညီဖြစ်ဖို့ သရက်ပင်အကြီးကြီးတွေ လာပြီးတော့စိုက်နေတာတွေ့ရပါတယ်။ အဲဒီ ၁၃ ဦးထဲ က တစ်ဦးဖြစ်တဲ့ ဦးမြတ်ကျော်ကိုပေးထားတဲ့ ဧက ၁၀၆၅ ဧကဆိုရင် တော်တော်လေးကို အဓိပ္ပာယ် နည်းပါတယ်။ ဥပဒေကို လုံးဝချိုးဖောက်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ တန့်ဆည်မြို့နယ်နဲ့ ဆက်စပ်နေတဲ့ ရေဦးမြို့နယ် ကြိုးပြင်ကာကွယ်တောအတွင်းမှာကျရောက်ပြီးတော့ ဓမ္မတာမျိုးဆက် ဇရိယာထဲမှာပါတဲ့ မြေဧကတွေအကုန်ပေးထားတာပါ။ ကျွန်တော် Power Point နဲ့ တင်ပြပါမယ်။ Power Point လေးထိုးပေးပါ။ ဒါ သစ်တောဆိုင်းဘုတ်တွေဖြစ်ပါတယ်။ ဒါကိုပေးထားတာဖြစ်ပါတယ်။ ဒါတစ်နေရာရာကရိုက်ထားတာပါ။ ဒီတောကြီးကိုပေးထားတာဖြစ်ပါတယ်။ ဒါလည်း အဲဒီလိုပါပဲ။ ဒါ တစ်နေရာရာဖြစ်ပါတယ်။ ဒါ ရေဦး-ကလေးဝ လမ်းမဘေးလေးပါ။ ဒီလိုသစ်တောတွေရှိနေတာက

လမ်းဘေးပုံပါ။ အတွင်းမှာခုတ်ထွင်ရှင်းလင်းထားပါတယ်။ ဒါ ဦးမြတ်ကျော်ရဲ့တဲပဲဖြစ်ပါတယ်။ ဒါက အတန်အသင့်ခုတ်ထားလို့ ကျဲပါးနေတာဖြစ်ပါတယ်။ ဒါ ရေဦးကားလမ်းဘေးပါ။ ဒါကတော့ ကျေးရွာသူကျေးရွာသားတွေက ဒါကျောက်ထုတ်တာတွေတိုင်တဲ့အတွက် တာဝန်ရှိသူတွေက စစ်ဆေးနေတာဖြစ်ပါတယ်။ ဒါ ကျောက်ထုတ်တဲ့ သို့မဟုတ် ရွှေထုတ်တဲ့မျှောပါပဲ။ ဒီကောင်ကတော့ ဒါ ရွှေဘို ခရိုင်သစ်တောဦးစီးကနေပြီးတော့ ဒီလုပ်ပိုင်ခွင့်ကို တားဆီးတာကိုမရလို့ တရားစွဲမယ်လို့လုပ်ထားတဲ့ ဒါ အမိန့်စာပါ။ ဒါကိုချပေးထားတာဖြစ်ပါတယ်။ တရားရုံးကလည်း ဒါကိုအပြီးသတ်မလုပ်ဘဲနဲ့ ဌာနဆိုင်ရာနဲ့ ဖြေရှင်းမယ်ဆိုပြီးတော့ ဖြေရှင်းဖို့ညွှန်ကြားပြီးတော့ ပလပ်လိုက်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရွာသားတွေကတိုင်တဲ့အတွက် အခု လယ်ပြန်စစ်ကနေပြီးတော့ တန့်ဆည်မြို့နယ်၊ ရေဦးမြို့နယ်ကြိုးပြင်ကာကွယ်တော ဖြစ်သင့်ပါကြောင်းနှင့် တန့်ဆည်မြို့နယ်နဲ့ ဆက်စပ်နေတဲ့အတွက် တန့်ဆည်မြို့နယ်ထဲမှာ ထည့်သွင်းသင့်ပါကြောင်း မှတ်ချက်ပေးတဲ့စာပဲဖြစ်ပါတယ်။ Power Point ရပါပြီ။ ကျွန်တော်တို့ ဒါကို အောက်ခြေမြေစာရင်းဌာနဟာ တကယ်တော့ သစ်တောပိုင်မှန်းသိပါတယ်။ နိုင်ငံပိုင်မှန်းသိပါတယ်။ ဒါကြီးကို ပြောင်ပြောင်တင်းတင်းချိုးဖောက်နေတာကတော့ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာတော့ ဒါတွေကို ထိထိရောက်ရောက် ကျွန်တော်တို့ အရေးယူဖို့လိုပါတယ်။ ကျွန်တော်ဒါကိုမေးတုန်းကတော့ ၃၁၅ ဧကကို ၂၀၀၄ ခုနှစ်က ဖော်ထုတ်ပေးပါတယ်လို့ စာရင်းဇယားပြင်တာသိပါတယ်။ တကယ်တော့လည်း ၃၁၅ ဧကဖော်ထုတ်တာမဟုတ်ပါဘူး။ ဆီးပင်၊ ကြက်ဆူပင် စိုက်ထားပေမဲ့ စိုက်ခွင့်ပြုပေမဲ့ သရက်ပင်၊ ငှက်ပျောပင်လောက်ပဲ အစိုက်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ ဦးထွန်းဝေရဲ့အဆိုအား အခုခေတ်အခြေအနေနဲ့ သင့်မြတ်မှန်ကန်တဲ့အဆိုဖြစ်ပြီးတော့ ဥပဒေနဲ့ညီလျှင် မသိမ်းဘူး။ မညီလျှင်သိမ်းတယ်။ မညီလျှင်သိမ်းတာသည် ဥပဒေကို လေးစားလိုက်နာခြင်းပဲဖြစ်ပါတယ်။ မသိမ်းဘူးဆိုရင် ဥပဒေကို မျက်ကွယ်ပြုနေခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေနဲ့မညီဘူးဆိုလျှင်တော့ သိမ်းယူသင့်ပါကြောင်း ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်က ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပါတယ်။ ဖောင်းပြင်

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုမှာ သဘောတရားအားဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးအပိုင်းနှင့် သဘာဝနည်းလမ်းများဖြင့် သစ်တောပြန်လည်ပြုစုပျိုးထောင်ခြင်းဆိုပြီး နှစ်ပိုင်းပါရှိပါတယ်။ ပထမပိုင်းဖြစ်တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး ကျွန်တော့်ရှေ့က ဆွေးနွေးသွားတဲ့ မိတ်ဆွေကိုယ်စားလှယ်များ စုံစုံလင်လင်တင်ပြပြီးဖြစ်တဲ့အတွက် ဒုတိယပိုင်းဖြစ်တဲ့ သဘာဝနည်းလမ်းဖြင့် သစ်တောပြန်လည်ပြုစုပျိုးထောင်ခြင်းအပိုင်းကိုပဲ အတိုချုပ်ပြီးဆွေးနွေးပါမယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အဖိုးတန်ကျွန်းသစ်များနှင့်သစ်မာများဟာ စီမံခန့်ခွဲမှုအလွဲတွေကြောင့် သစ်များကို အလွန်အကျွံထုတ်ယူခဲ့ကြတဲ့အတွက် သစ်တောများပြုန်းတီးပြီး အကျိုးဆက်အဖြစ် အပေါ်ယံမြေဆီလွှာဆုံးရှုံးခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် လို့ခံစားကြရပါတယ်။

လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ထုတ်ယူခြင်းနှင့်ပတ်သက်လို့ ဆရာကြီးရွှေဥဒေါင်းရေးတဲ့ တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များစာအုပ်မှာ ဖတ်ဖူးတာကိုအလျဉ်းသင့်လို့ ပြန်လည်မျှဝေလိုပါတယ်။ ဆရာကြီးတင်ပြထားတာက ကိုလိုနီခေတ်မှာ တောလိုက်စာရေးအဖြစ်တာဝန်ထမ်းဆောင်စဉ် သစ်ထုတ်မှုနှင့်ပတ်သက်ပြီး သစ်တောဥပဒေကို လေးစားလိုက်နာခဲ့ကြပုံလေးပါ။ အုပ်ချုပ်သူအစိုးရက ဗြိတိသျှ၊ သစ်ထုတ်ယူခွင့်ရတာက အင်္ဂလိပ်ကုမ္ပဏီဖြစ်ပေမဲ့ သစ်ထုတ်ယူမှုနှင့်ပတ်သက်ပြီး သစ်တောဥပဒေကို ဘယ်လောက်လိုက်နာခဲ့တယ်ဆိုတာကို ဦးစားပေးပြောလိုခြင်းဖြစ်ပါတယ်။ တောအုပ်၊ တောခေါင်း အစသဖြင့် အဆင့်ဆင့်ရာထူးရှိတဲ့အနက် တောအုပ်အဆင့်အရာရှိက သစ်ပင်ရဲ့လုံးပတ်ပြည့်မီမှုနှင့်နေရာအစိတ်အကျဲပေါ်မူတည်ပြီး ခုတ်လှဲသင့်တဲ့ သစ်ပင်ကို ပထမဦးစွာရွေးချယ်သတ်မှတ်ပေးရပါတယ်။ ဒီနေရာမှာ ကုမ္ပဏီက မိမိခုတ်လိုတဲ့ သစ်ကွက်က သစ်ပင်ကို ထင်သလိုအပြောင်ခုတ်လှဲထုတ်ယူလို့မရပါဘူး။ တောအုပ်အရာရှိသတ်မှတ်ပေးလိုက်တဲ့ သစ်ပင်ကို သစ်ခုတ်သူများက ဦးစွာသင်းသတ်ပေးရပါတယ်။ သင်းသတ်တယ်ဆိုတာ သစ်ပင်အောက်ခြေကို တစ်ပတ်ပြည့်အောင် အခွံနှင့်အပေါ်ယံအကာသားကုန်အောင်ခုတ်ပေးရတာကို ခေါ်ပါတယ်။ သင်းသတ်ပြီး မတ်တတ်ခြောက်မှသာ အဆိုပါသစ်ပင်ကို ခုတ်လှဲထုတ်ယူရပါတယ်။ အဲဒီလိုနည်းနဲ့ ခုတ်တဲ့အတွက် ဆင့်ကဲဆင့်ကဲထုတ်ယူတဲ့အတွက် သစ်တောဟာ သဘာဝအတိုင်း စဉ်ဆက်မပြတ်ထုတ်ယူလို့ရတဲ့ သဘောဖြစ်ပါတယ်။ ဒါဟာ သဘာဝသယံဇာတကို စနစ်တကျထုတ်ယူရင် နိုင်ငံတော်အတွက်ရော၊ နိုင်ငံသားများအတွက်ပါ ရေရှည်မှာအကျိုးရှိကြောင်း စံနမူနာထားသင့်

တဲ့သာဓကတစ်ခုဖြစ်ပါတယ်။ ကိုလိုနီနယ်ချဲ့ကတောင် လက်အောက်နိုင်ငံရဲ့ သဘာဝသယံဇာတကို ဥပဒေနှင့်အညီ စည်းကမ်းတကျထုတ်ယူသုံးစွဲခဲ့တာကိုထောက်ရှုရင် ကျွန်တော်တို့နိုင်ငံသားများ အနေနဲ့ မိမိတို့နိုင်ငံမှာရှိတဲ့ မြေပေါ်မြေအောက်သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရာမှာ စဉ်ဆက်မပြတ် သားစဉ်မြေးဆက်သုံးစွဲနိုင်တဲ့နည်းလမ်းတွေကို သက်ဆိုင်တဲ့လုပ်ငန်းအလိုက် နိုင်ငံရဲ့ အနာဂတ်ကိုအမြော်အမြင်ကြီးစွာနဲ့ ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာပြီး ကျင့်သုံးသင့် ကြောင်း တိုက်တွန်းအကြံပြုလိုပါတယ်။

လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အလွန်အကျွံသစ်ထုတ်ယူလိုက်လို့ ကျန်ရှိတဲ့ သစ်တောတွေကို ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းဆိုပြီး လုပ်ကွက်တွေချထားပေး လိုက်တဲ့အတွက် ပုဂ္ဂလိကကုမ္ပဏီများက ပြောင်သလင်းခါအောင်ခုတ်ထွင်ရှင်းလင်းပြီး ယူကလစ်ပင် များစိုက်ပျိုးတဲ့အခါ သဘာဝသစ်ပင်များပေါက်ရောက်နိုင်ခြင်းမရှိတော့ဘဲ ဓမ္မတာမျိုးဆက်ပြတ်သွား ပါတယ်။ ဒါဟာ သဘာဝအတိုင်း သစ်တောပြန်လည်ပြုစုပျိုးထောင်ဖို့ကြိုးစားရာမှာ အဟန့်အတား တစ်ခုဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနများအနေနဲ့ ခွင့်ပြုထားတဲ့လုပ်ကွက်များမှ ပုဂ္ဂလိကသစ်တော စိုက်ခင်းထူထောင်ခြင်းများကိုလည်း စာချုပ်ပါစည်းကမ်းများအတိုင်း လိုက်နာခြင်းရှိ/မရှိ။ စောင့်ကြည့် သင့်ကြောင်း အကြံပြုလိုပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ် ထီးချိုင့်မြို့နယ်မှာ ကျော်သာကုမ္ပဏီက သစ်တောစိုက်ခင်းလုပ်ကွက် သုံးကွက်အတွက် ဧက ၅၀၀၀ ကျော်ချထားပေးခဲ့တဲ့အခါမှာ ဧက အနည်းငယ်သာစိုက်ပျိုးနိုင်ခဲ့တာကို တွေ့ရပါတယ်။ အထက်မှာတင်ပြခဲ့သလို ယူကလစ်စိုက်ဖို့ အပြောင်ခုတ်ရှင်းလိုက်တဲ့အတွက် သဘာဝသစ်ပင်များဆုံးရှုံးကြရပါတယ်။ သဘာဝသစ်တော ပြန်လည်ပြုစုပျိုးထောင်ရာမှာ သစ်တောဝန်ထမ်းများအနေနဲ့ ထပ်မံတိုးချဲ့ခန့်ထားပေးဖို့လည်း အကြံပြုလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်ကကြည့်ရင်လည်း သစ်တောများပြန်လည်ပြုစုပျိုးထောင်ခြင်းဟာ အချိန်မီလျှင်မြန်စွာအကောင်အထည်ဖော်သင့်တဲ့ အကျိုးပြုလုပ်ငန်းဖြစ်ပါတယ်။ ဧရာဝတီမြစ်ကမ်းဝဲယာတစ်လျှောက်က ရေဝေရေလဲဒေသများဟာ သဘာဝသစ်တောပြန်လည်ပြုစုပျိုးထောင်မှု ပထမဦးစားပေးဆောင်ရွက်သင့်တဲ့နေရာများဖြစ်ပါတယ်။ ဒါမှသာ မိခင် ဧရာဝတီကို အချိန်မီကယ်တင်နိုင်မှာဖြစ်ပါတယ်။ အဆိုရှင်ဖြစ်တဲ့ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ တင်သွင်းတဲ့ နိုင်ငံတစ်ဝန်းစိုက်ပျိုးရေးလုပ်ကိုင်ရန် အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ နည်းဥပဒေပုဒ်မ ၄၅ အရ

**မူကြမ်း**

ခွင့်ပြုခဲ့တဲ့ သစ်တောမြေများအား ၎င်းဥပဒေနှင့်အညီ ပြန်လည်စိစစ်ပြီး နည်းဥပဒေပါစည်းကမ်းချက်များနှင့်မညီညွတ်တဲ့ လုပ်ကွက်ဧရိယာများအား နည်းဥပဒေပုဒ်မ ၅၇ အရ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေများအဖြစ် ပြန်လည်ရုပ်သိမ်းပြီး သဘာဝနည်းလမ်းများအဖြစ် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးထွန်းဝေ၊ ဖောင်းပြင်မဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေရဲ့အဆိုနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုမှာ အပိုင်းနှစ်ပိုင်းပါရှိတာတွေ့ရပါတယ်။ အပိုင်း(၁)မှာတော့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ ပုဒ်မ ၄၅ အရခွင့်ပြုခဲ့တဲ့ သစ်တောမြေတွေကို အဆိုပါနည်းဥပဒေများနှင့်အညီစိစစ်ပြီး နည်းဥပဒေ ပုဒ်မ ၅၇ အရ နိုင်ငံတော်မှစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေများအဖြစ် ပြန်လည်ရုပ်သိမ်းရန်နှင့် အပိုင်း(၂)မှာတော့ သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန်တိုက်တွန်းတဲ့အဆိုပဲဖြစ်ပါတယ်။ ဦးစွာပထမအနေနဲ့ အပိုင်း(၁)ရဲ့ကိစ္စကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(က)အရ ယခင်ဖွဲ့စည်းထားတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို ပယ်ဖျက်ခဲ့ပါတယ်။ ယင်းဥပဒေရဲ့ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်သမ္မတရုံးက ၂၀-၆-၂၀၁၆ ရက်စွဲပါစာအမှတ်နဲ့ အမိန့်ကြော်ငြာစာအမှတ်(၄၁/၂၀၁၆)နဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်၍ပြောချင်တာက မိမိ ဒီမှာ

အခုလာရောက်ဖြေရှင်းတာဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လာရောက်ဖြေရှင်းတာမဟုတ်ပါဘူး။ ကျွန်တော် လာရောက်ဖြေရှင်းရခြင်းရဲ့ကိုယ်စားပြုတဲ့အရာဟာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ လာရောက်ဖြေရှင်းခြင်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ကျွန်တော်တို့ရဲ့ကော်မတီမှာ မိမိအနေနဲ့ ဥပဒေမှာသတ်မှတ်တဲ့သတ်မှတ်ချက်အရ ဥက္ကဋ္ဌအဖြစ်နဲ့ဆောင်ရွက်ခဲ့ရတာဖြစ်ပါတယ်။ အတွင်းရေးမှူးအဖြစ်နဲ့တော့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ခဲ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် အခြားအဖွဲ့ဝင်များအဖြစ်နဲ့ပါဝင်တာကတော့ စစ်ထောက်ချုပ်ရုံးမှ ဒုတိယစစ်ထောက်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးချုပ်များ စုပေါင်းပါဝင်ပြီး အဖွဲ့ဝင် ၁၈ ဦးနဲ့ ကျွန်တော်တို့ရဲ့အဖွဲ့ကို ဖွဲ့စည်းခဲ့တာပဲဖြစ်ပါတယ်။

ပထမပိုင်းကိစ္စကိုပြန်လည်ပြီးတော့ ဆက်ရမယ်ဆိုရင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းများ၊ အဖွဲ့များကိုလည်းပဲ ဆက်လက်ပြီးဆောင်ရွက်နိုင်ရန်အတွက် ဗဟိုကော်မတီအနေနဲ့ ၂၉-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၂/မလရ-၁/၁(၀၀၁/၂၀၁၆)နဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီအနေနဲ့ ၁၈-၁၁-၂၀၁၆ ရက်မှာကျင်းပတဲ့တတိယအကြိမ်မြောက်အစည်းအဝေး(၃/၂၀၁၆)မှာ အဆိုရှင်တင်ပြထားတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်အသုံးပြုမှုရယူထားပြီး အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိတဲ့မြေများကို စိစစ်ပြီး ဥပဒေနှင့်အညီ ပြန်လည်သိမ်းယူရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များကို တာဝန်ပေးအပ်ရန်ဆုံးဖြတ်ခဲ့ပြီး အထူးအဖွဲ့အဖြစ်နဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ကို တာဝန်ပေးအပ်ခဲ့ပါတယ်။ ယင်းတာဝန်ပေးအပ်ချက်နှင့်အတူ ဆောလျင်စွာပြန်လည်တင်ပြရေးကို အကြောင်းကြားခဲ့ပြီးဖြစ်ပါတယ်။ ဒါဟာ ပထမလုပ်ငန်းစဉ်အရ ပြန်လည်သိမ်းဆည်းပါဆိုတဲ့လုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်တယ်ဆိုတဲ့အကြောင်းကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ထပ်ပြီးတော့လည်းပဲ Reminder အနေနဲ့ ပြီးခဲ့တဲ့လ ၂၈ ရက်မှာ ထပ်ပြီးတော့ တိုင်းဒေသကြီးများကို ဆောလျင်စွာဆောင်ရွက်ပေးနိုင်ဖို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ မိမိရဲ့ဝန်ကြီးဌာန

**မူကြမ်း**

အနေနဲ့တော့ Data အကြမ်းဖျင်းပြုစုဆောင်ရွက်ပြီးသားဖြစ်ပါတယ်။ ဒီမှာတော့ အချိန်ကိုငဲ့ကွက်ပြီး တင်ပြမှုမပြုတော့ပါ။ ဒီတော့ ပထမပိုင်းအဆိုအနေနဲ့တော့ ကျွန်တော်တို့ရဲ့ဗဟိုကော်မတီအနေနဲ့ ဆောင်ရွက်လျက်ရှိပြီဆိုတဲ့အကြောင်းကို တင်ပြမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးများကိုလည်း ထပ်ဆင့်ပြီးတော့ နှိုးဆော်ပြီးသားဖြစ်တဲ့အတွက် ဒီလုပ်ငန်းကို ဆက်လက်ပြီးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဆက်ပြီးတော့တင်ပြမှာကတော့ အပိုင်း(၂)မှာပါတဲ့ သဘာဝနည်းလမ်းနဲ့သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးရန်ဆိုတဲ့ကိစ္စရပ်ကို ဆွေးနွေးမှာဖြစ်ပါတယ်။ ဦးစွာ ကျွန်တော့်ရဲ့ ဖြေဆိုမှုဟာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းဖြေဆိုရတာ ဖြစ်တဲ့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သစ်တောပြုစုပျိုးထောင်မှုရဲ့ စီစဉ်ဆောင်ရွက်ချက်ကို ဖြေကြားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံ၊ မျိုးကွဲများနှင့်ကြွယ်ဝပြီး မြန်မာ့သစ်တောများဟာ နိုင်ငံတော်ရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးမှာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်လျက်ရှိတဲ့အတွက် သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ သဘာဝသစ်တောများကို မြန်မာ့ရွေးချယ်စနစ် (Myanmar Selection System)ဖြစ်တဲ့ MSS နဲ့သိပ္ပံနည်းကျစီမံအုပ်ချုပ်ခဲ့ပြီး မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ ခုနှစ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နှစ်(၃၀)အမျိုးအစားကဏ္ဍ ပင်မစီမံကိန်းပါ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တော တိုးချဲ့ဖွဲ့စည်းခြင်းကို နိုင်ငံဧရိယာရဲ့ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေတိုးချဲ့ဖွဲ့စည်းခြင်း ကို နိုင်ငံဧရိယာရဲ့ ၁၀ ရာခိုင်နှုန်းပြည့်မီစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။ (ခ)အနေနဲ့ မြန်မာနိုင်ငံရဲ့သစ်တောဖုံးလွှမ်းမှုမှာ FAO ၏ FRA 2015 စာရင်းအရ နိုင်ငံဧရိယာရဲ့ ၄၂. ၉၂ ရာခိုင်နှုန်းရှိပြီး ရွက်အုပ်ပိတ်တော(Closed Forest)က ၂၀.၅၆ ရာခိုင်နှုန်းနဲ့ ရွက်အုပ်ပွင့်တော(Open Forest)က ၂၀.၃၆ ရာခိုင်နှုန်း ရှိတာလေးတွေကိုတွေ့ရတယ်လို့သိရှိရပါတယ်။ အစိုးရသစ်လက်ထက်မှာ သစ်တောသယံဇာတအရင်းအမြစ်များ၏ ရေရှည်တည်တံ့စေရေးနှင့် သစ်တောဖုံးလွှမ်းမှု ကောင်းမွန်လာစေရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ သိသာထင်ရှားတဲ့ ပြောင်းလဲမှုများအဖြစ်နဲ့ သစ်ထုတ်လုပ်မှုကို ရပ်နားခဲ့ပါတယ်။ သစ်တောများပြန်လည်တည်ထောင်ခြင်း၊ မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့သင့်လျော်မယ့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်(Intended

Nationally Determine Contribution-INDC)အရ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများကို ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေကို ၁၀ ရာခိုင်နှုန်း တိုးချဲ့ဖွဲ့စည်းရန် နိုင်ငံတကာ ကတိကဝတ် UNFCCC Course 21 ကိုလည်း ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ လက်ရှိအခြေအနေအထိ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ ၂၄.၈ ရာခိုင်နှုန်းနဲ့ သဘာဝ နယ်မြေကို ၅.၇၅ ရာခိုင်နှုန်း ဖွဲ့စည်းပြီးကြောင်းလို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနကနေ သိရပါတယ်။

ဆက်လက်တင်ပြမှာကတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် ပတ်သက်တဲ့ကိစ္စရပ်ကို ဆွေးနွေးချင်ပါတယ်။ ဒီမှာလည်း ကိုယ်စားလှယ်တော်ကြီးတစ်ဦး ဥပဒေနှင့် ပတ်သက်ပြီး ဆွေးနွေးသွားတာကို ကြားလိုက်ရပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲ ရေးဥပဒေနှင့်ပတ်သက်ပြီး ပြောရမယ်ဆိုရင် ဥပဒေရဲ့ပုဒ်မ ၂ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)တို့မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတို့ရဲ့ အဓိပ္ပာယ်တွေကို သတ်မှတ်ဖော်ပြထားတဲ့နေရာမှာ ပုဒ်မခွဲ(စ)မြေရိုင်းရဲ့ အဓိပ္ပာယ်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင်ညီညာမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ် တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိတဲ့ မြေသစ်ဖြစ်တဲ့ မြေရိုင်းနှင့် တောရိုင်းမြေများကို ဆိုသည်ဆိုပြီး တော့ ဖော်ပြထားပါတယ်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရကခွင့်ပြုတဲ့ ဥပဒေနှင့်ညီညွတ်တဲ့ အခြားလုပ်ငန်းများ လုပ်ကိုင်ရန် အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်တဲ့ ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင် မြေများလည်း ပါဝင်သည်လို့ ဖော်ပြထားပါတယ်။ သို့ဖြစ်တဲ့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၄ နှင့်အညီ ခွင့်ပြုခဲ့တဲ့ မြေများမှာ သစ်တောမြေများ မပါဝင်ကြောင်း တွေ့ရှိရပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ အခန်း(၃) ပုဒ်မ ၄ မှ ပုဒ်မ ၈ အထိ ဖော်ပြထားပါတယ်။ ဗဟိုကော်မတီ အနေနဲ့ ဥပဒေပါ ပုဒ်မ ၄ ပါ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ဃ)အထိ ဖော်ပြထားတဲ့လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြုနိုင်မှာပဲ ဖြစ်ပါတယ်။ ဥပဒေအရပဲ ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူများ လိုက်နာရမယ့် စည်းကမ်းချက်များကိုတော့ ဥပဒေရဲ့ အခန်း(၆) ပုဒ်မ ၁၆ နှင့် နည်းဥပဒေ အခန်း(၅)မှာ နည်းဥပဒေ ၄၅ မှ နည်းဥပဒေ ၄၈ အထိ ဖော်ပြ ထားတာတွေ့ရပါလိမ့်မယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်းပြီး

ကြီးကြပ်ခြင်းကို ဥပဒေ အခန်း(၇) ပုဒ်မ ၁၇ မှ ပုဒ်မ ၂၂ အထိနှင့် နည်းဥပဒေ ၄၉ မှ နည်းဥပဒေ ၅၇ အထိတို့မှ အသေးစိတ်ဖော်ပြထားပါတယ်။ ဥပဒေရဲ့အခန်း(၆) ပုဒ်မ ၁၆ ပုဒ်မခွဲ(င) မှာတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူဟာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်းပြီး ဗဟိုကော်မတီမှ သတ်မှတ်ထားတဲ့စည်းကမ်းချက်များကို လိုက်နာရမည်လို့ ဖော်ပြထားပြီး နည်းဥပဒေ ၄၅ နည်းဥပဒေခွဲ(စ)မှာလည်း ထပ်မံဖော်ပြထားတာကို လည်း တွေ့ရပါတယ်။ ဒါ့အပြင် ဥပဒေပုဒ်မ ၂၀ မှာ ဗဟိုကော်မတီဟာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဤဥပဒေပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင် မူလပေးသွင်းထားတဲ့ အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားပါတယ်။ ထို ဥပဒေ ပုဒ်မ ၂၀ နှင့်အညီ နည်းဥပဒေ ၅၇ မှာလည်းပဲ ထပ်မံဖော်ပြထားတာကို တွေ့ရှိနိုင်ပါတယ်။ သို့ဖြစ်တဲ့ အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုမှာပါရှိတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူက ဥပဒေပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီဟာ ခွင့်ပြုပြီးဖြစ်တဲ့ လုပ်ပိုင်ခွင့်အသုံးပြုခွင့်များကို ပြန်လည်ရုပ်သိမ်းဖို့ရာအတွက် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ရုပ်သိမ်းပြီး မြေများကို သဘာဝနည်းများဖြင့် သစ်တောမြေအဖြစ် ပျိုးထောင်ခြင်းကိုဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းနှင့်ပတ်သက်၍ ဖြေကြားရမယ်ဆိုရင် ဥပဒေပုဒ်မ ၄ မှာ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရက ခွင့်ပြုထား တဲ့ ဥပဒေနှင့်ညီညွတ်တဲ့ အခြားလုပ်ငန်းဟုဖော်ပြထားပြီး၊ ဖော်ပြပါ အဓိကလုပ်ငန်းကြီး လေးမျိုး လုပ်ပိုင်ခွင့်အသုံးပြုခွင့်နှင့်စပ်လျဉ်းပြီး မည်ကဲ့သို့ဆောင်ရွက်ရမည်ဆိုတဲ့ဟာကိုလည်း သတ်မှတ်ချက် တွေကို ပုဒ်မ ၁၀ မှာ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုမှာပါရှိတဲ့ သစ်တောမြေများအဖြစ် ပြုစုပျိုးထောင် ခြင်းကို ဆောင်ရွက်ပေးဖို့ရာအတွက်ဆိုရင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ဘောင်အတွင်းမှာ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင်တော့ Within The Scope of The Law အတွင်းမှာ မကျရောက်ပါဘူး။ အကယ်၍ သစ်တောမြေအဖြစ် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လိုခဲ့တယ်ဆိုရင် ပုဒ်မ ၅ မှာ ဖော်ပြထားတဲ့ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများဟာ ကော်မတီကို လျှောက်ထားလာပါက ဗဟိုကော်မတီဟာ ပုဒ်မ ၆ ပုဒ်မခွဲ(ခ)နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့

သဘောထားများ တောင်းခံပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ပုဒ်မ ၈ နှင့်အညီ လုပ်ပိုင်ခွင့် အသုံးပြုခြင်းကို ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုကို -- မှတ်တမ်းအဖြစ်သာ ထားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ပြန်လည် ရှင်းလင်းပေးတဲ့ ပြည်ထောင်စုဝန်ကြီးအားလည်း ကျေးဇူးတင်ပါတယ်။ တက်တက်ကြွကြွနဲ့ ပါဝင်ပြီး ဆွေးနွေးပေးခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးကိုလည်းပဲ ကျေးဇူးတင် ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော် ဒီအဆိုကို စပြီးမှတင်တာက ကျွန်တော့်မြို့နယ်မှာဖြစ်ပျက် နေတာကို ကျွန်တော်ကိုယ်တိုင်က ကျွန်တော့်အဆိုကို တာဝန်ယူနိုင်ပါတယ်။ တကယ်တမ်း စိုက်ပျိုးရေး အတွက် လျှောက်ထားကြတဲ့ တချို့၊ တချို့ကုမ္ပဏီတွေဆိုတာ အမှန်ကတော့ သစ်ထုတ်နေတဲ့ကုမ္ပဏီ တွေပါ။ စိုက်ပျိုးရေးလုပ်ဖို့အတွက် သူတို့ စိတ်ကူးတောင်ရှိမှာမဟုတ်ပါဘူး။ အဲဒီအတွက် ကျွန်တော့် အဆိုကို သစ်တောနယ်မြေတွေမှာ သစ်ထုတ်သွားတယ်ဆိုတဲ့ဥစ္စာတွေကို ကျွန်တော် တာဝန်ယူပါတယ်။ အဲဒါကြောင့် ကျွန်တော် ဒီအဆိုကို တင်ခြင်းပဲဖြစ်ပါတယ်။ ပြီးတော့ ဒီအဆိုက အတည်ပြုရမယ့်အဆို လို့လည်း ကျွန်တော့်အနေနဲ့ မျှော်လင့်ခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ကျွန်တော့်အဆိုမှာ နှစ်ပိုင်းက ပထမတစ်ပိုင်းကို ဒီဥပဒေနဲ့မကိုက်ညီတဲ့မြေတွေကို ပြန်သိမ်းဖို့ဆိုတာ ကို ပြည်ထောင်စုဝန်ကြီးအနေနဲ့ လုပ်ငန်းအဖွဲ့တွေကို ညွှန်ကြားထားပြီးသားဖြစ်တယ်ဆိုတာကိုလည်းပဲ သိရလို့မို့လို့ ပထမတစ်ပိုင်းကိုတော့ ကျေးဇူးတင်ပါတယ်။ ဝမ်းမြောက်ပါတယ်။

နောက် ဒုတိယပိုင်းအနေနဲ့ သစ်တောပြန်လည်ပြုစုပျိုးထောင်ဖို့ဆိုတာကို ကျွန်တော်က ကျွန်တော့်အဆိုထဲမှာ တင်ထားပါတယ်။ တကယ်တမ်းကျတော့ ဒီမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေကိုကြည့်လိုက်မယ်ဆိုလို့ရှိရင် ရည်ရွယ်ချက်တွေက တော်တော်ကောင်းပါတယ်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြုပြီး စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ စီမံဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်၏မြေအသုံးချရေး မူဝါဒကို ပီပြင်စွာဖော်ထုတ်နိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေကို ဒီဥပဒေမှာ တွေ့ရပါတယ်။

ပြီးတော့ လုပ်ပိုင်ခွင့်ရရှိသူအတွက် နည်းပညာ၊ မျိုးကောင်း၊ မျိုးသန့်၊ ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေ နှင့်ပံ့ပိုးပစ္စည်း ဝန်ဆောင်မှုအကူအညီတွေအတွက် ဗဟိုကော်မတီကနေပြီးမှပေးဖို့အတွက် ထောက်ခံ ပေးနိုင်တယ် ဆိုတာကိုလည်း တွေ့ရပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်လာရင် နိုင်ငံတော်က အထူးချေးငွေရရှိဖို့အတွက် ဗဟိုကော်မတီက ထောက်ခံပေးနိုင်တယ်ဆိုတဲ့အချက်တွေကိုလည်း တွေ့ရပါတယ်။ ဥပဒေမှာ ဒီအချက်တွေကိုတွေ့ရပေမဲ့ လုပ်ပိုင်ခွင့်ရရှိသူတွေက ဥပဒေကို လက်တစ်လုံးကြားလုပ်တာ မဟုတ်ပါဘူး။ ပြောင်ပြောင်တင်းတင်းချိုးဖောက်ပြီးမှလုပ်တာပါ။ ဒါကြောင့်မို့လို့ ဥပဒေ ပုဒ်မ ၂၆ အရ ပြစ်ဒဏ်ထိုက်တဲ့ကိစ္စတောင်ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဒီနေရာမှာ ဒါကို ဥပဒေအရ ပြစ်ဒဏ်ထိုက်တာကို အပြစ်ပေးဖို့ ပြောတာမဟုတ်ပါဘူး။ ဒါကို ပြန်လည် သိမ်းဆည်းပြီးမှ သူတို့ရဲ့အာမခံကြေးနှင့်တကွ လုပ်ကွက်တွေကို ပြန်လည်သိမ်းဆည်းပြီးမှ သစ်တော မြေအဖြစ်နဲ့ ပြန်ထားဖို့။ သစ်တောမြေအဖြစ်နဲ့လို့ဆိုတာကလည်း ဒါတွေကို ပြန်လည်သိမ်းဆည်းပြီးမှ ပြန်ပြီး ဒီလုပ်ကွက်တွေကို မချဘူးဆိုလို့ရှိရင် ဒါတွေက သစ်တောမြေတွေပဲ ပြန်ဖြစ်နေမှာပါ။ အဲဒီသစ်တောမြေတွေပြန်ဖြစ်လာပြီဆိုလို့ရှိရင် တဖြည်းဖြည်းနဲ့ ဒီတောတွေဟာ ပြန်လည်ပြီးမှ ကောင်းမွန်လာမှာပါ။ ရွက်ပွင့်တောကနေပြီးမှ ရွက်အုပ်တောဖြစ်လာမယ်လို့ ကျွန်တော် တင်ပြထားတာရှိပါတယ်။ အဲဒီလိုဆိုတော့ ဒီနေရာမှာ အငြင်းပွားနိုင်တာက ဥပဒေနှင့် နည်းဥပဒေကို ကြည့်လိုက်တာတော့ နိုင်ငံတော်က ပြန်လည်သိမ်းဆည်းလိုက်တယ်ဆိုလို့ရှိရင် နိုင်ငံတော်က စီမံခန့်ခွဲ ပိုင်ခွင့်ရှိတဲ့မြေဖြစ်သွားတယ်လို့ပဲ ကျွန်တော် သဘောပေါက်ပါတယ်။ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့် ရှိတဲ့မြေဖြစ်တယ်ဆိုလို့ရှိရင် နိုင်ငံတော်အစိုးရကနေပြီးမှ မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် ပြန်လည်ချမလား။ ဒါကိုမချမချင်းသူသည် သစ်တောနယ်မြေပဲပြန်ဖြစ်နေမှာပါ။ ကြိုးဝိုင်းပဲဖြစ်ဖြစ်၊ ကြိုးပြင်ပဲဖြစ်ဖြစ်၊ အပတောပဲဖြစ်ဖြစ် တစ်ခုခုတော့ ပြန်ဖြစ်နေမှာပါ။ ဒီရည်ရွယ်ချက်နဲ့ ကျွန်တော် ဒီအဆိုကိုတင်တာပဲဖြစ်ပါတယ်။

ကျွန်တော့်ရဲ့အဆိုမှာ အပိုင်းနှစ်ပိုင်းရှိတဲ့အနက် ပထမအပိုင်းဖြစ်တဲ့ ချပေးထားသောလုပ်ကွက် တွေကို ဥပဒေနှင့်မညီရင် ပြန်လည်ပြီးမှသိမ်းဆည်းမယ်ဆိုတဲ့အတွက် ကျွန်တော့်အနေနဲ့ လက်ခံပါ တယ်။ ဝမ်းလည်းသာပါတယ်။ ဒုတိယအပိုင်းမှာ ဝန်ကြီးအနေနဲ့ ဒီဟာကို ဥပဒေနှင့်မကိုက်ညီဘူး။ Within the Scope of the Law ဥပဒေနှင့်မကိုက်ညီဘူးလို့ဆိုရင်တောင်ပဲ နောက်ထပ် ဒီနေရာကို မြေရိုင်းလျှောက်ထားတဲ့သူမရှိမချင်း ဒါသည် သစ်တောမြေအဖြစ်နဲ့၊ တော်ရိုင်းမြေအဖြစ်နဲ့ ရှိနေမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ပထမပိုင်းက ကျွန်တော့်ရဲ့အဆို အောင်မြင်တယ်လို့ပြောရမှာ

ဖြစ်ပါတယ်။ ဒုတိယအပိုင်းအနေနဲ့ကတော့ ဒါကလည်းပဲ တစ်ပိုင်းတစ်စအားဖြင့် မြေလွတ်၊ မြေရိုင်း ပြန်လည်မချထားခင်၊ ဒါမှမဟုတ် ခာတ်သတ္တုတူးဖော်ဖို့အတွက် ပြန်လည်မချထားခင်၊ ဒါမှမဟုတ် အခြားနည်းလမ်း နှင့် စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်ဖို့အတွက် ပြန်လည်မချထားခင်မှာ ဒါဟာ တောရိုင်းမြေပဲခေါ်ခေါ်၊ သစ်တောနယ်မြေပဲခေါ်ခေါ် ဖြစ်နေမှာမို့လို့ ကျွန်တော့်အနေနဲ့ ပထမ တစ်ပိုင်းကလည်း အောင်မြင်ထားတဲ့အတွက် ဒုတိယအပိုင်းကိုတော့ သိပ်အငြင်းပွားစရာမလိုတော့ ဘဲနဲ့ ဒီအပိုင်းကိုမှတ်တမ်းအဖြစ် နဲ့ထားရှိဖို့အတွက် ကျွန်တော့်အနေနဲ့ သဘောတူပါတယ်ဆိုတဲ့ အကြောင်း ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုဝန်ကြီးက မြေလွတ်၊ မြေလပ်၊ မြေရိုင်းဗဟိုကော်မတီ ဥက္ကဋ္ဌအနေနဲ့ လာရောက်ပြီး အသေးစိတ်ရှင်းလင်းတင်ပြ သွားပြီးဖြစ်ပါတယ်။ ပိုမိုပွင့်လင်းမြင်သာမှုရှိအောင်လည်း မှတ်တမ်းတင်သင့်ကြောင်းလည်း ဆွေးနွေး သွားပြီးဖြစ်ပါတယ်။ အလားတူပဲ အဆိုရှင်ကလည်း မိမိရဲ့အဆိုကို မှတ်တမ်းတင်ဖို့ တင်ပြသွားပြီး ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးထွန်းဝေ၊ ဖောင်းပြင်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင် ကလည်း မှတ်တမ်းတင်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က မှတ်တမ်းတင်ရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့ အတွက် ဦးထွန်းဝေ တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၅၄။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၃း၅၄ နာရီအချိန်တွင် ရပ်နားပါသည်။]